www.burmeseclassic.com

# ချိုးကိုမိုး

## တစ်ခါတုန်းက တက္ကသိုလ်မှာ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

★ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
★ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
★ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

BURMESE CLASSIC

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# ပျိုးကိုမျိုး

တစ်ခါတုန်းက တက္ကသိုလ်မှာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၁၄၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၉၁၆၈၁၁၂၀၈

❖

စီစဉ်ထုတ်လုပ်သူ
စည်သူစိုး

❖

ပုံနှိပ်ခြင်း
၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊
အုပ်ရေ ၁၀၀၀

❖

မျက်နှာဖုံးနှင့်ပုံနှိပ်သူ
ဦးကျော်စိန် (၀၂၉၀၉) (ကျောက်စိမ်းအော့ဖ်ဆက်)
အမှတ် - ၁၇၁၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်-(၆၁)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

❖

မျက်နှာဖုံးပန်းချီ
ရှုနော်

❖

တန်ဖိုး
၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

-၁-

"အမေရေ . . အဖေ . . . ကျွန်တော် စာမေးပွဲအောင်တယ်ဗျ . . . စာမေးပွဲအောင်တယ်"

သူစာမေးပွဲအောင်ကြောင်း တစ်လမ်းလုံးကြားအောင် အသံပြဲကြီးနှင့်အော်ဟစ်ကြေညာရင်း ကျားလိုက်သလိုပြေးလာသော ဝင်းကျော်၏အသံကိုကြားရခါမှ သည်ကနေ့ တက္ကသိုလ်အောင်စာရင်းထွက်သည့်နေ့ဆိုတာကို ကျွန်တော်သိလိုက်ရသည်။

ပို၍သေချာစေရန် ဝင်းကျော်ကိုတော့ မေးမြန်းစုံစမ်းကြည့်ဦးမှပဲဆိုသောအတွေးဖြင့် အိမ်ရှေ့ထွက်ပြီး လူမရောက်ဘဲ အသံကအရင်ရောက်နှင့်နေသော ဝင်းကျော်အား အိမ်ခြံတံခါးဝနေပြီး ဆီးစောင့်နေလိုက်သည်။

"အမေရေ . . သား ပညာတတ်ကြီးဖြစ်ပြီဗျ . . . အဖေရေ . . သား ဘွဲ့ရပြီဗျ"

ဝမ်းမြောက်ဝမ်းသာဖြစ်မှုကို မဖုံးမဖိနိုင်ဘဲ လက်သီးလက်မောင်းတန်းကာ ခုန်ပေါက်ဟစ်ကြွေးလာသော ဝင်းကျော်ကိုကြည့်ရင်း ကျွန်တော်ရယ်ချင်သွားသည်။

ကျွန်တော်ရယ်ချင်ချင်ဖြစ်နေတုန်းမှာပင် ရယ်စရာကောင်းသည့်အကွက်က မျက်စိထဲတန်းတန်းမတ်မတ် ရောက်လာသည်။ အခြားတော့မဟုတ်။ ဝင်းကျော်မြောက်ခနဲ မြောက်ခနဲခုန်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားရင်း ကိုယ့်ပုဆိုးစကိုကိုယ်နင်းမိကာ ပုဆိုးကွင်းလုံးကျွတ်သွားရသည်။ ဝင်းကျော်ကတော့ ပုဆိုးကွင်းလုံးကျွတ်ကျခဲ့သည်ကို သတိထားမိပုံမပေါ်။ ဩော်. . ပျော်နေပုံများ ပြောပါတယ်။

ဘယ့်နှယ့် အလယ်တန်းကျောင်းသားအရွယ်လည်း မဟုတ်။ အထက်တန်းကျောင်းသားအရွယ်လည်း မဟုတ်တော့ပါဘဲ တက္ကသိုလ်နောက်ဆုံးနှစ်စာမေးပွဲအောင်တာကိုပဲ ကြီးကောင်ကြီးမားအရွယ်ကြီးနဲ့ ကလေးငယ်တစ်ယောက်လို အိန္ဒြေမရမြူးထူးနေသည့် ဝင်းကျော်ကိုကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်။

လော်စပီကာပင် အရှုံးပေးရသော သူ့အသံပြကြီးကြောင့် လမ်းထဲရှိ လူတိုင်းလိုလို အိမ်ရှေ့ထွက်လာကြရသည်။

"ဟယ်. . ဝင်းကျော်တစ်ယောက် စာမေးပွဲအောင်တယ်တဲ့"

"ဒါဆို ဘွဲ့ရပညာတတ်ကြီးဖြစ်ပြီပေါ့"

"အင်းပေါ့. . . ဒါကြောင့် သူ့ကြည့်ရတာ တော်တော်ပျော်နေပုံပဲ"

"သေချာတယ် သေချာတယ်. . . ပျော်တာမှ ပုဆိုးကွင်းလုံးကျွတ်ကျခဲ့တာကိုတောင် မသိရလောက်အောင် ပျော်နေတာ"

"ဝါး ဟား ဟား ဟား"

"အေးလေ ဟုတ်ပါရဲ့. . . သူပျော်တာကြီးကလည်း သည်းထိတ် ရင်ဖိုစရာကြီး. . . တော်သေးတာပေါ့. . . ဘောင်းဘီတိုပါ ကျွတ်ကျမသွားသေးတာကိုပဲ"

"ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

အိမ်တိုင်းစေ့ ထွက်ကြည့်ကြသည်ကိုပဲ ဝင်းကျော်က သူ့ရဲ့အောင်မြင်မှုကို ဂုဏ်ပြုထောပနာပြုကြပေသည်ဟု ထင်ရော့သလား မသိ။

"ငါကွ. . . မှတ်ထား. . . အဲဒါ ငါကွ"

ဆိုပြီး လက်သီးလက်မောင်းတန်းကာ ဟစ်ကြွေးလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com


သည်။

ကျွန်တော်လည်း ဝင်းကျော်ကိုကြည့်ပြီး မရယ်ဘဲမနေနိုင်သဖြင့် အများနှင့်အတူရောနှောရယ်မောမိလေသည်။ ထိုအချိန်မှာပင် ဝင်းကျော်က ကျွန်တော့်ရှေ့ရောက်လာသဖြင့် ရယ်ရှိန်သတ်ပြီး လှမ်းခေါ်ရသည်။

"ဟိတ်. . ဟိတ်. . ကိုဝင်းကျော်. . . ကိုဝင်းကျော်. . . ခဏ. . ခဏလေး"

"ဘယ်ရမလဲ. . . အဲဒါ ငါကွ. . . အမေရေ၊ အဖေရေ သားစာမေးပွဲအောင်လို့ ဘွဲ့ရပညာတတ်ကြီးဖြစ်ပြီဗျ. . သိရဲ့လား"

သို့သော် အပျော်တွေ အတိုင်းထက်အလွန် ဖုံးလွှမ်းနေဟန်တူသော ဝင်းကျော်က ကျွန်တော့်ခေါ်သံကို ကြားဟန်မတူသလို ကျွန်တော့်ကိုလည်း မြင်ဟန်မတူဘဲ ကျွန်တော့်အားဖြတ်ကျော်သွားလျက် သူ့အိမ်ထဲသို့ ကဆုန်ပေါက်ပြေးဝင်သွား၏။

"ကိုဝင်းကျော်. . . ကို. . ဝင်း. . ငဲ. ကျ. . ၁်. . ရော်. . ဒီလူနှယ် နောက်ဆုံးနှစ်စာမေးပွဲအောင်လာတာကိုပဲ အော်မကြားခေါ်မကြားနဲ့ဖြစ်နေရလောက်အောင် ဘာသာစုံဂုဏ်ထူးနဲ့များအောင်ပြီး မဟာတန်းဆက်တက်ခွင့်ရလာလို့များလား. . . အင်း. . ဖြစ်တော့ မဖြစ်နိုင်ပါဘူး. . . သူ့အကြောင်း မသိတာကျနေတာပဲ. . . ဘာပဲဖြစ်ဖြစ်လေ. . . သေချာအောင် လိုက်မေးကြည့်ဦးပါပဲ"

ကျွန်တော်လည်း ဝင်းကျော်၏ပျော်ပုံထူးမှုကို စိတ်ဝင်စားသွားရသည်ကတစ်ကြောင်း၊ သည်ကနေ့ အောင်စာရင်းထွက်တာဟုတ်၊ မဟုတ်သေချာသိလိုသည်က တစ်ကြောင်းတို့ကြောင့် အိမ်ချင်းကပ်လျက်တည်ရှိသော ဝင်းကျော်၏အိမ်သို့ လိုက်ဝင်သွားရသည်။ အိမ်ထဲမရောက်မီပင် ဝင်းကျော်နှင့် သူ့မိဘများ၏စကားသံကို အတိုင်းသားကြားနေရသည်။

"အမေရေ. . . အမေ. . . သား စာမေးပွဲအောင်အယ်ဗျ သိလား"



www.burmeseclassic.com

 www.burmeseclassic.com

"ဟယ်. . ကြည့်စမ်းပါဦး. . . ငါ့သားလေးက တော်လိုက်တာကွယ်. . အရမ်းပဲ"

"အဖေရေ. . . ကျွန်တော် အဖေတို့ဖြစ်စေချင်သလို ဘွဲ့ရပညာတတ်ကြီးဖြစ်သွားပြီ သိလား"

"အေးကွာ. . ငါ့သားအောင်မြင်မှုတွေကိုကြည့်ပြီး အဖေဝမ်းသာလိုက်တာ မပြောပါနဲ့တော့"

"မပြောလို့တော့ မရဘူး အဖေရဲ့"

"ဟေ. . ဘာကိုလဲ"

"ကျွန်တော်နဲ့အဖေတို့နဲ့ ကတိခံထားကြတဲ့ကိစ္စလေ"

"ဟေ ဟုတ်လား. . . ဘာကိစ္စ ကတိခံထားကြလို့လဲ"

"ဟိုဟာလေ. . . ဟိုဟာ. . အဟီး. . အဖေတို့ပဲ ပြောထားတယ်လေ. . . ကျွန်တော်ကို နောက်ဆုံးနှစ်စာမေးပွဲကို အောင်အောင်ကြိုးစား. . စာမေးပွဲအောင်လို့ ဘွဲ့ရပညာတတ်ကြီးဖြစ်ပြီဆိုရင် မိန်းမပေးစားမယ်ဆိုတာလေ. . အဟီး"

"ဟင်"

"ဩော်. . ဒါလား"

"အဟီး. . ဟုတ်တယ်. . အဲဒါ. . အဲဒါ. . "

ဝင်းကျော် စာမေးပွဲအောင်လို့ပျော်တာ သာမန်ထက်ပိုနေပါတယ်လို့ မှတ်တာ။ လက်စသတ်တော့ ဒါကြောင့်ကိုးဟု ကျွန်တော်သဘောပေါက်လိုက်ရသည်။ ဘာသာစုံဂုဏ်ထူးထွက်ပြီး မဟာတန်းဆက်တက်ခွင့်ရလျှင်တောင် သည်လောက်ပျော်မည်မထင်။ မိန်းမရတော့မည်ဆိုသောအသိကြောင့်သာ အတိုင်းထက်အလွန် ပျော်နေခြင်းဖြစ်ကြောင်း ကျွန်တော့်နည်းတူလာရောက်စပ်စုကြသူ တစ်ရပ်ကွက်လုံးလည်း ရိပ်မိသိရှိသွားကြလျက်

"ဩော်. . ဒါကြောင့်ကိုး"

ဟူ၍ ရေရွတ်ရင်း ပြုံးမိကြလျက် နေရာမှခွာဖို့ပြင်လိုက်ကြသည်။ သို့သော် ထွက်ပေါ်လာသော ဝင်းကျော်၏ဖခင်စကားသံ



www.burmeseclassic.com

www.burmeseclassic.com


ကြောင့် အားလုံး ကိုယ်ရှိန်သတ်ကာ နားစွင့်မိကြပြန်သည်။

"မင်းရှူးနေလား ဟင်. . ကိုယ့်မှာဖြင့် ဘာအလုပ်အကိုင်မှ မရှိသေးဘဲနဲ့ မိန်းမယူရအောင် မင်းကိုယ်မင်းဘာများမှတ်နေလဲ . . . အေး. . မင်းမိန်းမယူချင်တယ်ဆိုရင် မင်းဘာသာမင်းလုပ်ကျွေး နိုင်ရင်ယူ. . . ငါတို့ကတော့ တင်ကျွေးမထားနိုင်ဘူးကွာ. . ဒါပဲ"

"ဟင်. . မဟုတ်. . မဟုတ်သေးဘူးလေ. . . အဖေတို့ပဲ ပြောထားပြီးတော့. . . အဖေတို့နော်. . . လူကြီးတွေဖြစ်ပြီး လူကြီး စကား မဖျက်နဲ့. . . ကျွန်တော်အော်ငိုလိုက်မှာ သိလား"

"အေး. . မင်းဘာသာ မင်းမရှက်လို့ အော်ငိုချင်လည်း ငိုပေါ့. . . ငါတို့က အနေသာကြီးပဲ. . . အဲ. . တစ်ခါတည်းရှင်း အောင် ပြောထားလိုက်ဦးမယ်. . . ဒီနေ့ကစပြီး မင်းသုံးမယ့်ငွေ မင်းဘာသာရှာပေတော့. . . ငါတို့ဆီ လက်ဖြန့်တောင်းဖို့တော့ မစဉ်းစားနဲ့. . . သေမယ်သာမှတ်"

"ဟာ. . ဘာတွေဖြစ်ကုန်ပြီလဲ. . . ခုတစ်မျိုး တော်ကြာ တစ်မျိုးနဲ့. . . အရင်တုန်းကပြောတော့ ဒီလိုမဟုတ်ပါဘူး. . .

ဒီနှစ်စာမေးပွဲကို အောင်အောင်သာကြိုးစား. . . စာမေးပွဲ အောင်ရင် သားဖြစ်ချင်တာမှန်သမျှ လိုလေသေးမရှိဖြစ်စေရမယ် . . . ဒါ့အပြင် မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ် သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဆိုတဲ့ မိဘတို့ ဝတ္တရားနဲ့အညီ ပညာစုံရင် ကြင်ယာလေးပါစုံမှတင့်တယ်မှာမို့ မိန်းမ လည်းပေးစားမယ်ဆို. . ဟင်. .

ဘွဲ့ရရင် မိန်းမပေးစားမယ်ဆိုလို့ ကျွန်တော့်မှာဖြင့် ကုန်းရုန်း ပြီးကြိုးစားလိုက်ရတာ. . . ကြိုးစားမှုရလဒ်လေးတွေကို အပြည့်အဝ ခံစားမယ်လို့ ကျွန်တော်မှာဖြင့် စိတ်ကူးယဉ်ထားလိုက်ရတာ. . . ခုတော့. . ခုတော့. . . အဟင့်. . ဒါဖြင့်. . ဒါဖြင့်. . . ကျွန်တော့်ကို ဘာလို့ အဲသလိုပြောထားသေးသလဲလို့. . အဟင့်"

ငိုသံပါကြီးဖြင့်ပြောနေသော ဝင်းကျော်၏စကားကို နား


www.burmeseclassic.com

 www.burmeseclassic.com

ထောင်ပြီး ကျွန်တော်တို့လည်း ရယ်ရခက်၊ ငိုရခက်ဖြစ်ကုန်ကြရ သည်။ ကျွန်တော်တို့ ဝင်းကျော်ကို ကရုဏာသက်မည်ကြံရုံရှိသေး သည်။ ဝင်းကျော်၏မိခင်ပြောလိုက်သောစကားကြောင့် ရယ်ချင်သွား ကြရပြန်သည်။

"ဟဲ့. . အဲဒီလိုမပြောလို့ရမလား. . . နင်က တစ်တန်းကို နှစ်နှစ်၊ သုံးနှစ်တက်နေတာလေ. . . သူများတွေ ဘွဲ့တစ်ဘွဲ့ရဖို့ တက္ကသိုလ်မှာ လေးနှစ်ပဲတက်ရတာ. . . နင့်ကျမှ ဆယ်နှစ်တောင် တက်ရတယ်လို့. . . အဲ့ပါရဲ့. . အင်း. . ဒါတောင် မိန်းမပေးစား မယ်ပြောလို့ ဆယ်နှစ်နဲ့ဘွဲ့ရတာ. . . မိန်းမပေးစားမယ်သာ မပြော ရင် နင်ဘွဲ့ရဖို့ နောက်ထပ်ဘယ်နှနှစ်စောင့်ရဦးမယ် မသိဘူး"

"အမေ. . အဲဒီလိုတော့ မပြောပါနဲ့. . . သားက တက္ကသိုလ် ကို သူများတွေလို ပေါ့ပေါ့လေးရောက် ပေါ့ပေါ့လေးခွာမလုပ်နိုင်လို့. . ခုလို အချိန်ပေးတက်ပြီး တက္ကသိုလ်နဲ့တစ်သားတည်းကျဖို့ သက် တော်ရှည်တက္ကသိုလ်ကျောင်းသားဘဝနဲ့ တမင်တကာကြိုးစားခဲ့ရ တာပါ"

"အေး. . ကြိုးစား ကြိုးစား. . . မင်းကျောင်းမပြီးမချင်း တို့ မှာတော့. . . အေးလေ. . ကျောင်းသားပဲလေ. . . . ဘယ်မှာ ဝင်ငွေ ရှိဦးမှာလဲဆိုပြီး မင်းတောင်းသမျှ မရှိရှိတဲ့ကြားကထုတ်ပေးနေရတာ . . . ဒီခေတ်ကာလ ငွေရှာရတာလွယ်တယ်မှတ်လို့. . . ဟော. . ခု တော့ မင်းကျောင်းပြီးသွားပြီဆိုတော့ တို့လည်း မင်းဒုက္ခကို ဆက်ခံ စရာမလိုတော့ဘူး. . . မင်းလည်း ဘွဲ့ရတစ်ယောက် ဖြစ်ပြီဆိုတော့ အိမ်မှာ ကျောင်းသားဘဝတုန်းကလို အခန့်သားထိုင်စားနေလို့ မကောင်းတော့ဘူး. . . ပတ်ဝန်းကျင်ကမေးငေါ့ကြမှာ သေချာတယ် . . . ရှက်တတ်ရင် လဲသေဖို့တောင်ကောင်းတယ်. . . ဒါကြောင့် ဒီ နေ့ကစပြီး မြန်မြန်အလုပ်ရှာ. . . ပြီးရင် မိဘကိုတစ်လှည့်ပြန်လုပ် ကျွေးဦး. . . ဒါမှ မွေးရကျိုးနပ်တဲ့ သားလိမ္မာဖြစ်မှာ. . . ဟုတ်ပြီ လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ဟင့်အင်း. . . သားလိမ္မာမဖြစ်ချင်ဘူး. . . မိန်းမပဲလိုချင်တယ်. . . ဒါပဲနော်. . . ကတိအတိုင်း မိန်းမ မပေးစားလို့ကတော့ ကတိဖောက်ဖျက်မှုနဲ့ အဖေ့နဲ့အမေကို ရပ်ကွက်လူကြီးဆီသွားတိုင်မယ်. . . ဒါပဲ"

"အို. . တိုင် တိုင်ပေါ့"

"တိုင်မယ်. . တိုင်မယ်. . . တိုင်ဆို အခုကိုသွားတိုင်မယ် . . . အဟင့်. . အဟင့်. . အဲလိုဖြစ်မယ်မှန်းသိရင် စာမေးပွဲအောင်ဖို့ မကြိုးစားခဲ့ပါဘူး. . . အကျခံလိုက်ပါတယ်. . . ခုတော့ ကြည့်ပါဦး. . . အိပ်ရေးပျက်ခံပြီး စာကျက်ရကျိုးမနပ်လိုက်တာ. . . အဟင့်"

ဝင်းကျော် ငိုယိုပြီးထွက်လာတာမြင်သည်နှင့် ကျွန်တော့်နည်းတူ လေ့လာစပ်စုသူ ရပ်ကွက်သူရပ်ကွက်သားတို့လည်း ဝင်းကျော်၏ သက်သေအဖြစ် ဆွဲထည့်ခံရမှာစိုးရွံ့ကြဟန်ဖြင့် ကိုယ့်အိမ်ကိုယ့်ယာဆီ ခြေကုန်သုတ်ပြေးကြလေတော့သည်။

"ဟာ. . ဟိတ်. . ဟိတ်. . လစ်ကြဟေ့. . . ဟိုမှာ ဝင်းကျော်တစ်ယောက် ဒေါ်နဲ့မောနဲ့ထွက်လာပြီ"

"အေးဟ. . ဟုတ်တယ်. . . တော်ကြာ တို့ပါအမှုပတ်နေဦးမယ်"

"အမှုပတ်တာ အရေးမကြီးဘူး. . . တော်ကြာ ငါတို့ကိုပါ လာပြီး မိန်းမပေးစားခိုင်းနေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"အေးကွ. . . ဒါဆိုရင် ကွိုင်ပဲ. . . ကိုယ့်ဟာကိုယ်တောင် မစွံလို့ လူပျိုကြီးဖြစ်နေတဲ့ဥစ္စာ"

"ဟား ဟား ဟား"

➢ ♠ ≺

www.burmeseclassic.com

www.burmeseclassic.com

-၂-

ကျွန်တော် ခြံတံခါးကိုဆွဲပိတ်နေရင်းမှ ဝင်းကျော်အကြောင်း တွေးမိကာ တစ်ယောက်တည်းရယ်မိပြန်သည်။

"အဟင်း. . ဒီလူနှယ် တော်တော်ရယ်ရတာပဲ. . . သူလုပ်တာနဲ့ ငါ့မှာ အောင်စာရင်းကိစ္စမေးဖို့ဟာ မမေးလိုက်ရဘူး. . . အေးလေ. . သူတို့နောက်ဆုံးနှစ်တွေတောင် အောင်စာရင်းထွက်ပြီဆိုမှတော့ ငါတို့ဒုတိယနှစ်တွေလည်း ထွက်လောက်ရောပေါ့. . . ရေမိုးချိုး အဝတ်စားလဲပြီး သွားကြည့်ဦးမှပဲ"

ကျွန်တော်ကိုယ့်အတွေးနဲ့ကိုယ် အစီအစဉ်တွေချပြီးကာမှ တစ်စုံတစ်ခုကို သတိရသွားလျက် 'ဟိုက်'ခနဲဖြစ်သွားရသည်။

"အောင်စာရင်းထွက်လည်း ငါနဲ့ဘာဆိုင်တာမှတ်လို့. . . ငါ့မှာ ကျောင်းလခကြွေးကျန်တွေရှိသေးတာပဲ. . . ရော့. . အဲဒါမှ ပြဿနာပဲ"

ကျောင်းလခကြွေးကျန်ကိစ္စက ခေါင်းထဲ ရုတ်တရက်ရောက်လာသဖြင့် ကျွန်တော်ပျာသွားရသည်။

ကျောင်းလခကြွေးကျန်လျှင် အောင်စာရင်းထုတ်ပြန်ပေးသည်မဟုတ်သောကြောင့် ယခုထုတ်ပြန်ကြေညာလိုက်သည့် အောင်စာရင်းသည် ကျောင်းလခကြွေးကျန်သူ ကျွန်တော်တစ်ယောက်နှင့်တော့ လုံးဝမပတ်သက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကလည်း လက်ကုန်ပြီဆိုတာနှင့် ကျောင်းလခသွင်းရန် ကျောင်းလခငွေကို ကျွန်တော့်အား ပုံမှန်ပေးပါသည်။ သို့သော် လော လောဆယ်ကိစ္စတို့ အရင်ရှင်း၊ ကျောင်းလခကိစ္စ နောင်မှရှင်းမည် ဆိုသော 'ခုရှင်းမှ နောင်ရှုပ်'ဆိုသော ကျွန်တော့်ပေါ် လစီအရ လစဉ် ကျောင်းလခသည် ကျွန်တော့်သုံးငွေထဲ တစ်ပြားမကျန်ပါသွားရ လေသည်။ အကျိုးဆက်ကတော့ အောင်စာရင်းနှင့်ကျွန်တော် ဘာ မျှပတ်သက်ခွင့်မရဘဲ တံတိုင်းခြားသွားရခြင်းသာဖြစ်သည်။

သည်ကိစ္စ အိမ်ကမသိရန် အရေးကြီးသည်။ အထူးသဖြင့် ကျွန်တော့်ဖခင်။ သဘောကောင်းသည့်နေရာမှာ သူမတူသလို ဒေါသ ထွက်ပြီဆိုလျှင်လည်း မိုးမီးလောင်သွားနိုင်သည်။ ယခုလို ကျွန်တော် ကျောင်းလခမသွင်းဘဲ သုံးပစ်သည်ကိုသာသိပါက သူ့ယုံကြည်မှုကို အလွဲသုံးစားပြုရကောင်းလားဆိုပြီး တွေ့ရာသချိုင်း ခေါးမဆိုင်းဘဲ အသေသတ်မှာသေချာသည်။ ကျွန်တော်ရင်ဆိုင်ရမည့် ဖခင်၏ဒေါသ မုန်တိုင်းအကြောင်းတွေးမိရင်း ဇောချွေးကပြန်ချင်လာသည်။

နှစ်ဦးနှစ်ဖက်အတွက် အကောင်းဆုံးကတော့ ရှဉ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာဆိုသလို ကျောင်းလခကြွေးကျန်ကိစ္စ မဖြေရှင်းနိုင်သေးမီ အောင်စာရင်းထွက်ပြီဆိုတာ အိမ်ကလုံးဝမသိရှိ အောင် ဖုံးကွယ်ထားနိုင်သရွေ့ထားရန်သာဖြစ်သည်။ ထို့ကြောင့် လတ်တလော အိမ်မှာမည်သည့်ထူးခြားသည့် အရိပ်လက္ခဏာမှမပြ ဘဲ မှင်ကောင်းကောင်းဖြင့် နေထိုင်သွားနိုင်ဖို့ အထူးဆင်ခြင်သတိရှိ ရမည်ကို ကျွန်တော်နားလည်ထားသည်။ ကျွန်တော်ချွေးစို့နေသော မျက်နှာကို လက်ဖမိုးဖြင့်သုတ်လိုက်ပြီးနောက်

"အိုကေ. . မောင်ခေတ်ကောင်း. . . မင်းသိထားဖို့က ဒီနေ့ ဘာအောင်စာရင်းမှမထွက်သေးဘူး. . . ဒါကြောင့် အောင်စာရင်း ထွက်ပြီဆိုပြီး ဘယ်သူ့ကိုမှလျှောက်နေစရာမလိုဘူး. . . အေးဆေး. . အားလုံး အေးဆေး. . ဒါပဲ"

ဟူ၍ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်အားပေးလိုက်ပြီးနောက် အိမ်

www.burmeseclassic.com



ထဲသို့ အိန္ဒြေရရ ဝင်သွားလိုက်သည်။

သို့သော် အိမ်ထဲဝင်မိရုံရှိသေးသည်။ အိမ်ရှေ့ဧည့်ခန်းတွင် ခန့်ခန့်ကြီးထိုင်ပြီး ကျွန်တော့်အား စူးစမ်းသလို ခပ်စူးစူးကြည့်နေသော ဖခင်ဖြစ်သူကိုတွေ့လိုက်ရသဖြင့် ကျွန်တော်လည်း ကြောက်စိတ်ဝင်ကာ ရင်တုန်ခနဲဖြစ်သွားရသည်။

မစစ်မေးခင် အကုန်ဖော်မည့် ကျွန်တော့်ပျော့ညံ့ချက်ကို ကျွန်တော် ကြိတ်ကာ ပြန်အပြစ်တင်လိုက်ရင်း ဖခင်ကြည့်နေသည်ကို မသိကျိုးကျွံပြုကာ ကျွန်တော့်အိပ်ခန်းဆီသို့ အိန္ဒြေရရ ဆက်လျှောက်သွားလိုက်သည်။

သို့သော် ခြေလှမ်းသုံးလှမ်းပင်မပြည့်တတ်သေးခင်မှာ

"ဟိတ်. . ခဏနေဦး"

ဆိုသော ဖခင်၏မာန်ပါသည့်ဟန့်တားသံကြောင့် ကျွန်တော်လည်း ကြောက်ဒူးတဆတ်ဆတ်တုန်သွားလျက် ရှေ့ဆက်မလှမ်းနိုင်တော့ဘဲ

"ဗျာ. . အ. . အဖေ. . . ဘာ. . ဘာလုပ်မလို့"

ဟူ၍ အသံတုန်တုန်ရင်ရင်ဖြင့် ပြန်ထူးရင်း မျက်နှာသေလေးနှင့် ကြည့်လိုက်ရသည်။ ဖခင်က ကျွန်တော့်အား တစ်ခုခုပြောရန် ပြုဆဲမှာပင် ဈေးဝယ်ပြန်လာသောမိခင်က

"ဟဲ့ သား. . . ဟိုမှာ ဝင်းကျော်တစ်ယောက် နောက်ဆုံးနှစ်စာမေးပွဲအောင်လို့တဲ့လေ. . . ဘွဲ့ရပညာတတ်ဖြစ်ပြီဆိုပြီး အော်ဟစ်နေလိုက်တာ တစ်ရပ်ကွက်လုံးကိုထွက်ကြည့်ကြရရောပဲ. . . အဲ. . ဘာတဲ့. . ရှိသေးတယ်. . . သူ့အိမ်က သူစာမေးပွဲအောင်ရင် မိန်းမပေးစားမယ်ဆိုပြီး မပေးစားလို့တဲ့လေ. . . ဒါသတွေဖြစ်ပြီး အော်ဟစ်ပြေးထွက်သွားလိုက်တာလည်း တစ်ရပ်ကွက်လုံးထွက်ကြည့်ကြရတဲ့အထိ ဖြစ်ရောပဲ. . . အဟင်း ဟင်း"

ဟူ၍ ခရီးရောက်မဆိုက် ဖောက်သည်ချလိုက်လေရာ ကျွန်တော်လည်း ဘာပြောလို့ပြောရမှန်းမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အဟင်း"

ဟူ၍ ရောချလိုက်ရသည်။ ဘာပဲပြောပြော ဝင်းကျော်မောင်းထုကောင်းတာနှင့်ပင် သည်နေ့တက္ကသိုလ်အောင်စာရင်းတွေထွက်ပြီဆိုတာ ကျွန်တော်တို့အိမ်တင်သာမက တစ်ရပ်ကွက်လုံးပါသိပြီးဖြစ်သွားပေပြီ။ သည်ကိစ္စကို ဖုံးကွယ်ဖို့ကြိုးစားလျှင်လည်းအချည်းနှီးသာဖြစ်မည်ကို ကျွန်တော်ကောင်းစွာသဘောပေါက်လိုက်သည်။

"ဒါနဲ့. . သားရော. . ဘယ်လိုလဲ. . သွားကြည့်ပြီး. ."

ဆိုသော မိခင်၏စကားမဆုံးခင်မှာပင် ဖခင်က

"ဒီနေ့. . မင်းတို့တက္ကသိုလ် အောင်စာရင်းတွေထွက်နေပြီမင်းမသိဘူးလား"

ဟု မာကြော်ကြော်လေသံဖြင့်မေးလာလေရာ ကျွန်တော်ကျောချမ်းသွားရသည်။ သို့သော် အခြေအနေက နောက်ဆုတ်ရှောင်လွှဲ၍မရတော့ပြီမို့ ဖြစ်ချင်ရာဖြစ် အမှန်အတိုင်းဖွင့်ပြောပြီး ပြဿနာကို ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်တော့သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုအိန္ဒြေမလျော့အောင် ထိန်းကျောင်းရင်း

"ဟုတ်ကဲ့. . သိပါတယ်"

"ဟော. . အဲဒါဆို ဘာလို့သွားမကြည့်တာလဲ. . သွားကြည့်လေကွာ"

"နေပါစေ. . . မကြည့်တော့ပါဘူး အဖေ"

"ဟေ"

အောင်စာရင်းထွက်သည်ကို ကိုယ်နှင့်မဆိုင်သလို ပြောဆိုနေသည့်အတွက် ကျွန်တော့်အား ကျွန်တော့်ဖခင်သည်လည်း အံ့သြသွားဟန်တူ၏။ ထို့အတူ မိခင်ကလည်း ဘာများဖြစ်လို့ပါလိမ့်ဟူသောသိလိုစိတ်ဖြင့် ကျွန်တော့်အနီးတွင်လာရပ်ပြီး ကျွန်တော့်အား အကဲခတ်သလိုကြည့်၏။ ဒီအခြေအနေထိရောက်ရှိသွားချိန်တော့ ကျွန်တော်လည်း ပြဿနာကို သွေးအေးအေးဖြင့်ရင်ဆိုင်ဖြေရှင်းရန်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယုံကြည်မှုတိုးလာ၏။ ကျွန်တော့်ဖခင်က မျက်မှောင်ကြုတ်လိုက်ရင်း

"ပြောစမ်းပါဦး. . . ဘာဖြစ်လို့ သွားမကြည့်ရတာလဲ. . . ဘာလဲ. . ကြိုပြီးသိထားနှင့်ပြီမို့လား"

"မဟုတ်ပါဘူး. . . သွားကြည့်ရင်လည်းပဲ ထူးမှာမဟုတ်တဲ့အတွက်ပါပဲ"

"ဘယ်လို မထူးတာလဲကွ. . . စကားကို ရှင်းအောင်ပြောစမ်း"

ဖခင် ဒေါသထွက်ချင်လာပြီမှန်း မာကျောလာသောလေသံက သက်သေခံနေလေပြီ။ ထို့ကြောင့် ကျွန်တော်လည်း မျက်နှာသေလေးဖြင့် ကြိုတင်ဇာတ်နာထားပြလိုက်သည်။

"ဟို. . ဟို. . ကျောင်းလခကြွေးကျန်လို့ပါ အဖေ"

"ဘာကွ. . . ကျောင်းလခကြွေးက ဘာကြောင့်ကျန်ရတာတုန်း. . . မင်းကိုငါ လကုန်တိုင်း ကျောင်းလခသွင်းဖို့ငွေ သေသေချာချာပေးနေတာပဲမဟုတ်လားကွ"

"ဟုတ်. . ဟုတ်တော့ ဟုတ်ပါတယ်. . . ဒါပေမဲ့ မဆိုစလောက် လက်နည်းနည်းလေးလွန်သွားလို့ပါ"

"ဘာကွ. . . မင်းတော့လားကွာ. . ဟင်း ဟင်း"

ဖခင် ဒေါသထွက်သွားပြီဆိုတာကို တွက်ချက်မိလိုက်သည်နှင့် ကျွန်တော်လည်း ပြေးပေါက်ကို မသိမသာရှာထားလိုက်ရသည်။ မိခင်က အခြေအနေကိုဝင်ထိန်းသောအားဖြင့်

"ဩော်. . ဘာကြောင့်များလဲလို့ အမေဖြင့်ရင်ထိတ်သွားတာပဲ. . . ကဲ ပြော. . ကျောင်းလခကြွေးက ဘယ်လောက်ကျန်လို့လဲ . . . အမေပေးပါ့မယ်"

ဟူ၍ ပြောဆိုလေရာ ကျွန်တော်အားတက်သွားရသည်။ ထို့ကြောင့် မိခက်ဘက်သို့လှည့်ပြီး ကျောင်းလခကြွေးကျန်ပမာဏကို ပြောရသည်။


www.burmeseclassic.com

www.burmeseclassic.com



"သုံးရာတည်းပါ အမေ"

"ဟင်. . သုံးရာတောင်"

"ဘာကွ. . . သုံးရာတည်းပါ ဟုတ်လား"

ကျွန်တော်၏ သုံးရာတည်းပါဆိုသောအဖြေကြောင့် ကျွန်တော့်မိခင် ပါးစပ်အဟောင်းသားဖြစ်သွားသလို ကျွန်တော့်ဖခင်လည်း နေရာမှ ဝုန်းခနဲထရပ်ကာ ဒေါသမီးတောက်သွားပြီဖြစ်ကြောင်း သက်သေပြသည်။

တကယ်တမ်း သည်လိုဖြစ်ရတာလည်း ကျွန်တော့်မိဘများမှာ အလွန်မရှိ။ ကျွန်တော့်ဘက်ကသာ တင်းပြည့်ကျပ်ပြည့်လွန်ခြင်းဖြစ်သည်။

ကျောင်းလခအတွက် တစ်လကို ငွေကျပ်သုံးဆယ်တိတိကျသင့်ရာ စာသင်နှစ်တစ်နှစ်စာ (၁၀-လ)အတွက် ငွေကျပ်သုံးရာတိတိ ကျသင့်ပေသည်။ ကျောင်းလခကြွေးကျန်က တစ်လနှစ်လစာမဟုတ်ဘဲ တစ်နှစ်စာလုံးလုံးကျန်တာဆိုတော့ လည်း. . . ကျန်တာဆိုတော့လည်း. . .။

ဘာပဲပြောပြော သည်လိုအခြေအနေ အချိန်အခါမှာ ဖုံးကွယ်ထားရန်မဖြစ်နိုင်တော့သည့်ကိစ္စကို ဖွင့်ပြောလိုက်ရသဖြင့် ကျွန်တော်စိတ်ပေါ့ပါးသလို ခံစားသွားရလျှက်

"ဟုတ်ပါတယ်. . . သုံးရာတည်းပါ"

ဟူ၍ တည်ငြိမ်သောလေသံဖြင့် တုံ့ပြန်ဖြေကြားလိုက်သည်။

ကျွန်တော်သည်လိုပြောလိုက်သည့်အတွက် ကျွန်တော့်ဘက်က တာဝန်ကျေသွားပြီဟုထင်သည်။ ဒါကိုမှပေါက်ကွဲပြီး ကျောင်းလခ ကြွေးကျန်ကိစ္စဖြေရှင်းဖို့ ငွေမထုတ်ပေးဘူးဆိုလျှင်လည်း ပြဿနာမရှိတော့။ ကျွန်တော်စာမေးပွဲအောင်သလား၊ ကျသလားဆိုတာကို ကျွန်တော့်ထက် ကျွန်တော့်မိဘနှစ်ပါး ပို၍သိချင်စိတ်ဖြစ်နေပြီဖြစ်ကြောင်းကို ကျွန်တော်အချိန်တိုအတွင်း ရိပ်မိလိုက်သည်။

ဩော်. . ဘယ်မိဘကများ ကိုယ့်သားသမီးအရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com

လက်တွန့်ဖူးလို့လဲ။ သားသမီးဖြစ်ရတာ ကံထူးလေစွတကား။ ကျွန်တော် သားသမီးဖြစ်ခွင့်ရခြင်း၏ ကံထူးမှုရေချိန်ကို တိုင်းတာတွေနှပ်နေဆဲမှာပင် ဖခင်ထံမှ စကားသံထွက်ပေါ်လာပြန်သည်။

"ကောင်းကွာ. . ဒါဆို မင်းကျောင်းလခတွေကို တစ်လမှ မသွင်းဘဲ အကုန်သုံးပစ်လိုက်တာပေါ့ ဟုတ်လား"

"သုံးပစ်တယ်ရယ်လို့လည်း မဟုတ်ပါဘူး အဖေ. . . မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့အရေးပေါ်ကိစ္စလေးတွေကို ဖြေရှင်းရင်း မဆိုစလောက် နည်းနည်းလေးလက်လွန်သွားတာပါ"

"တော်. . တော်. . ဟေ့ကောင်. . . မင်း အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့. . . တောက်. . တော်တော်အသုံးမကျတဲ့ကောင်. . . ဒီမယ် နု"

"ရှင်"

ကျွန်တော့်ဖခင်လည်း ကျွန်တော့်ကိုကြိမ်းမောင်းပြစ်တင်နေရာမှ ကျွန်တော့်မိခင်နာမည်ကို လှမ်းခေါ်လေသည်။

ကျွန်တော်လည်း ထမင်းခုနစ်ရက်လောက် မစားရသောမျက်နှာထားဖြင့် ခေါင်း ငိုက်စိုက်ချထားရာမှ နားစွင့်ရ၏။

သူ့ဒေါသမီးကို သူ့ဘာသာကြိုးစား ငြိမ်းသတ်လိုက်ပြီဖြစ်သော ဖခင်၏အနေအထားကိုရိပ်မိပြီး ကျွန်တော်စိတ်အေးသွားရသည်တော့ အမှန်ပင်ဖြစ်သည်။

"ဒီကောင့်ကျောင်းလခကြွေးကျန်တွေ ဆပ်ဖို့ ပိုက်ဆံထုတ်ပေးလိုက်"

"ဟုတ်ကဲ့"

ပိုက်ဆံသွားယူရန် ကျွန်တော့်မိခင်ဒေါ်နုနုဝေထွက်ခွာသွားသည်နှင့် ဖခင်က ကျွန်တော်နာမည်ခေါ်ပြန်သဖြင့် ပျာပျာသလဲထူးရသည်။

"ဒီမယ် ခေတ်ကောင်း"

"ဗျာ. . ဟုတ်ကဲ့"

စည်သူစိုး စာပေ
www.burmeseclassic.com

www.burmeseclassic.com


"မင်းကို ပိုက်ဆံသုံးရာပေးလိုက်မယ်. . . ကျောင်းလခ ကြွေးကျန်သွားသွင်းလိုက်"

"ဟုတ်ကဲ့"

"သေချာသွင်းဖြစ်အောင် သွင်းနော်. . . နောက်ထပ် ဘာဘာညာညာအသံတွေ ငါထပ်မကြားချင်ဘူး"

"ဟုတ်ကဲ့. . . ဒီတစ်ခါတော့ လုံးဝစိတ်ချပါ"

"အေး တစ်ခါတည်းကြိုပြောထားလိုက်ဦးမယ်. . . စာမေးပွဲမအောင်လို့ကတော့ အိမ်ရိပ်တောင်နင်းဖို့စိတ်မကူးနဲ့. . . မိုးကောင်းအကြောင်း မင်းသိတယ်. . . ဒါပဲ"

"ဗျာ. . ဩော်. . ဟုတ်. . ဟုတ်. . ဟုတ်ကဲ့"

ကျွန်တော့်ဖခင်က သူ့အမည်ကိုဖော်ကာ ကြိမ်းဝါးပြသည့်အချက်ကတော့ ကျွန်တော်စိတ်အပူဆုံးအချက်ဖြစ်သည်။ ခေါင်းညိတ်ပြီး ဟုတ်သာဟုတ်ကဲ့လိုက်ရသော်လည်း အသံက သိပ်ပြီးအားမရှိလှသည်ကို ကိုယ်တိုင်သာအသိဆုံးဖြစ်သည်။

ကျွန်တော် စိတ်မသက်မသာဖြင့် အီလည်လည်ခံစားနေရစဉ်မှာပင် ပိုက်ဆံသွားယူသော ကျွန်တော့်မိခင်က အနားပြန်ရောက်လာသဖြင့် ကျွန်တော်လည်း အာရုံပြောင်းပြီး ပေါ့ပေါ့ပါးပါးပြန်ဖြစ်သွားရသည်။

"ရော့ သား. . . ဒီမှာ ပိုက်ဆံသုံးရာ. . အခုပဲ ကျောင်းလခသွားသွင်းလိုက်တော့နော်"

"ဟုတ်ကဲ့ အမေ"

ကျွန်တော် မိခင်ကမ်းပေးသောပိုက်ဆံကို လှမ်းယူစဉ်မှာပင်မိခင်က

"သား. . ကျောင်းလခကြွေးကျန်သွင်းရင်လည်း ကျောင်းကိုအရင် တည့်တည့်မတ်မတ်သွားနော်. . . သွားစရာလာစရာရှိတဲ့နေရာတွေကို နောက်မှသွားလာနော်. . . ဟုတ်ပြီလား"

ဟူ၍ စိတ်မချနိုင်သလို သတိပေးပြန်သေး၏။ ကျွန်တော်

www.burmeseclassic.com

လည်း

"ဟုတ်ကဲ့. . စိတ်ချပါ"

ဟူ၍ ထပ်ပြီးစိတ်ချခိုင်းလိုက်ပြီး ပိုက်ဆံကိုရေတွက်၏။ ရေတွက်ပြီးခါမှ

"အမေ. . ငါးကျပ်လိုသေးတယ်"

ဟုပြောရာ မိခင်က

"ဟင် ဟုတ်လို့လား. . . အမေ သေသေချာချာရေတွက်ပြီးမှ ပေးတာပါ"

ဟု တုံ့ပြန်သလို ကျွန်တော့်အား သင်္ကာမကင်းစွာ တစ်ချိန်လုံးစောင့်ကြည့်နေသောဖခင်ကလည်း တစ်ခုခုဝင်ပြောရန်ပြင်၏။ သို့သော် လက်ဦးမှုရယူကာ ရှင်းပြလိုက်သော ကျွန်တော့်စကားကြောင့် ကျွန်တော့်ဖခင် ဘာမှမပြောသာတော့သလို ကျွန်တော့်မိခင်ကလည်း 'ဩော်. . ဒီလိုလား'ဟူ၍သာ ဆိုနိုင်တော့၏။

"ဒီလိုလေ အမေရဲ့. . . ကျောင်းလခကြွေးကျန်ရင် ဒဏ်ကြေးအဖြစ် ဒဏ်ကြေးငွေငါးကျပ်ပေးဆောင်ရတယ်လေ. . . အဲဒါ . . အဲဒါကြောင့်. . အဟီး"

"ဩော်. . ဒီလိုလား. . ကဲ. . ရော့ ရော့"

"ဟုတ်ကဲ့ အမေ"

ကျွန်တော် မိခင်ထံမှ ပိုက်ဆံငါးကျပ်ကိုလှမ်းယူပြီး နေရာမှမထွက်ခွာသေးဘဲ ယောင်လည်လည်ဆက်လုပ်နေသဖြင့် မိခင်က

"သွားတော့လေ. . . ဘာဖြစ်လို့ မသွားသေးတာလဲ"

ဟု လောဆော်သလို ဖခင်ကလည်း မျက်မှောင်ကြုတ်ကြည့်လေသည်။ ကျွန်တော်လည်း လက်တစ်ဖက်ဖြန့်ပြရင်း

"ဟို. . ဟိုလေ. . . ကျောင်းသွားဖို့ ကားခလိုသေးလို့"

ဟု အသံညောင်နာနာဖြင့်ဆိုလေရာ မိခင်က

"ဩော်. . ဟုတ်သားပဲ"

ဆိုပြီး ကားခထုတ်ပေးဖို့ပြင်ရာ ကျွန်တော့်ဖခင်က ကျွန်


www.burmeseclassic.com

www.burmeseclassic.com


တော့်မိခင်အား

"ကဲ နေ . . ကျောင်းရောက်ရင် ကန်တင်းထိုင်ဖို့မုန့်ဖိုးပါ တစ်ခါတည်းထုတ်ပေးလိုက် . . . နို့မဟုတ်ရင် ကျောင်းလခကြွေးကျန် သွားသွင်းဖို့အရေး ကျောင်းကိုတော်တော်နဲ့ရောက်မှာမဟုတ်ဘူး . . . ဟင်း . . ဘယ်လိုကောင်လဲမသိဘူး . . . တစ်စက်ကလေးမှ အချိုးမပြေဘူး . . . ရက္ခပေဒကျောင်း သားမဟုတ်ဘူး . . . ဇရုတ်သုတ်ခပေဒကျောင်းသား"

ဆိုပြီး ကျွန်တော့်အတွက် လမ်းစရိတ်အပြင် လက်ဖက်ရည်ဖိုးပါ အပိုဆောင်းပေးခိုင်းပြီး ဗျစ်တောက်ဗျစ်တောက်ပြောဆိုကာ အိပ်ခန်းဆီထွက်ခွာသွားရာ ကျွန်တော့်မိခင်လည်းပြုံးလျက် မျက်ခုံးပင့်ပြ၏။ သဘောကတော့ "တွေ့တယ်မဟုတ်လား . . . နင့်အဖေက ပါးစပ်ကသာ ပြောတာ . . . နေနိုင်တာလည်းမဟုတ်ဘူး"ဟူ၍

ကျွန်တော်လည်း သိတယ်ဆိုသောသဘောဖြင့် ပခုံးတွန့်ပြရင်း မိခင်ထပ်ပေးသော ပိုက်ဆံကိုလှမ်းယူကာ ကျောင်းလခကြွေးကျန်များဖြေရှင်းရန် ကျောင်းတော်ကြီးဆီသို့ ခြေလှမ်းပြင်ရလေသည်။

ကျွန်တော်ပညာသင်ကြားရာ ကျောင်းတော်ကြီးဖြစ်သည့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) သည်လည်း ကျွန်တော့်ထံမှ ရရန်ရှိသည့်အကြွေးများ ပြန်ရတော့မည်ဆို၍ ကျောက်ခဲရေပေါ်သည်ဆိုပြီး ယခုချိန်လောက်ဆို ထမျှားကနေပြီလားမပြောတတ်။

သိတယ် မဟုတ်လား။

ကျွန်တော်ဆိုတဲ့ကောင်က အကြွေးသာရမယ်ဆိုလို့က ကျောင်းတောင် အကြွေးနဲ့တက်သည့်ကောင်မျိုး . . . ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

-၃-

ကျောင်းသားရေးရာဌာနက ကျွန်တော့်အတွက် အောင်စာရင်းထုတ်ပြန်ပေးဖို့ ကျောင်းလခကြွေးကျေလည်အောင် ပေးသွင်းသည့်နေ့မှစ၍ ရက်သတ္တပတ်နှစ်ပတ်မြောက်သောနေ့သို့ ချိန်းဆိုလိုက်သည်။ ငွေငါးကျပ်ဒဏ်တပ်မှုထက် ပို၍ပြင်းထန်ဖိစီးရောက်သောဒဏ်တပ်မှု ပင်ဖြစ်သည်။

စောင့်မျှော်ရသော ထိုရက်စွဲများသည် ကျွန်တော့်အားဒွိဟစိတ်တွေ ဖုံးလွှမ်းစေသော ဇဝေဇဝါရက်သတ္တပတ်တွေသာဖြစ်ချေသည်။

အောင်စာရင်းကြည့်ပြီး ပျော်နိုင်သူတွေပျော်ကြ၊ မပျော်နိုင်သူတွေ ငေးမှိုင်ကြေကွဲကြဖြင့် ကွဲပြားခံစားချက် ရှုန်းရှုန်းထနေကြချိန်မှာ ကျွန်တော်သည်ကား ရယ်ရမည်လား၊ ငိုရမည်လား မသိနိုင်သေးပေ။

အောင်/ရှုံးရလာဒ်ပေါ် မူတည်ပြီး သူတကာတွေ သင့်သလိုခံစား၊ စီမံနေကြချိန်မှာ ဘာမျှသိခွင့်မရသေးသည့်ဒုက္ခက ကြီးမားလှသည်။

ထိုင်ခက်၊ ထခက်၊ အိပ်ခက်၊ စားခက်ဖြင့် စိတ်က အောင်စာရင်းဆီသို့သာ ရောက်နေသည်။

အောင်စာရင်းထုတ်ပြန်ကြေညာပြီးခါမှပဲ စာမေးပွဲတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုခဲ့သည့်ဘာသာရပ်အသီးသီးအား စိတ်ဖြင့်အထပ်ထပ်ပြန်စစ် ဆေးကြည့်ရင်း ရမှတ်တွေကို အလီလီပြန်တွက်မိပြန်သည်။ ဘာသာ ရပ်တိုင်းကို ကောင်းစွာဖြေဆိုနိုင်ခဲ့သည်။

အောင်သည်။ ကျိန်းသေအောင်သည်။ ကျွန်တော်ပျော်ရွှင် သွားမိသည်။

သို့. . သို့သော်. . ။

ဟင်. . အဖြေလွှာမှာ ခုံနံပါတ်မှသေချာတပ်မိရဲ့လား။ ထိုး ထားတဲ့မေးခွန်းနံပါတ်နဲ့ ဖြေထားတဲ့ပုစ္ဆာနံပါတ် မှန်မှမှန်ရဲ့လား။ မိုင်နာတွဲတွေကိုဖြေထားရတာ သိပ်ပြီးအားမရသလိုပဲ။ ဩော်. . အရေးကြီးတာ မေဂျာတွဲကို ကောင်းကောင်းဖြေနိုင်ဖို့ပဲလေ။ အဲ. . ဒါပေမဲ့ မေဂျာတွဲမှာလည်း ဖြေထားခဲ့တဲ့အပုဒ်တွေက သိပ်မပိုင်သလို ကြီးပဲ။

ကျွန်တော်တွေးမိတွေးရာ တွေးရင်း စိတ်ပူလာရပြန်သည်။

ဟုတ်သည်။

ပြောလို့မရ။ ကျချင်လည်း ကျသွားနိုင်သည်။

ဘုရား. . ဘုရား. . ။

ကျွန်တော် မွန်းကြပ်လာလျက် ခေါင်းကိုခါယမ်းပစ်လိုက် သည်။ ဘာလို့ကျရမှာလဲ။ မကျနိုင်။ အောင်ကိုအောင်ရမည်။ ကျွန်တော်ဖြေခဲ့တာ ကျွန်တော်အသိဆုံးဖြစ်သည်။

ကျွန်တော်ဖြေဆိုခဲ့သမျှ ဘာသာရပ်တစ်ခုချင်းစီ စိတ်တွက် ဖြင့် ပြန်စိစစ်ကြည့်မိပြန်သည်။ အမှတ်တွေကိုလည်း ကပ်စေးမနည်း တမ်း ဖျစ်ညှစ်ပေးကြည့်သည်။ ဟိုအပုဒ် နှစ်မှတ်၊ ဒီအပုဒ်က ငါးမှတ်၊ ဟိုညီမျှခြင်းထိုးတာ လေးမှတ်၊ ဖော်မြူလာလေးရေးလိုက်တာက ခြောက်မှတ်၊ ဖြေချင်ယောင်ဆောင်သောအားဖြင့် ပုစ္ဆာနံပါတ်ထိုး လိုက်တာက တစ်မှတ်ပဲထား. . စသည် စသည်ဖြင့် တွက်ချက်ကြည့် လိုက်ပြန်ရာ အောင်မှတ်ပင်ကျော်လို့ ဂုဏ်ထူးမှတ်တွေပင် ရောက် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရေ. . . စာကျက်ဖျင်းပါသည်ဆိုကာမှ ဂုဏ်ထူးတန်းတွေဘာတွေတောင် တက်နေရဦးမည်လား မပြောတတ်။

ကျွန်တော် ပျော်လွန်းသဖြင့် ရင်တောင်ခုန်လာရသည်။ ထို့အပြင် ဂုဏ်ထူးတန်းတက်ရဖို့အထိတောင် အလားအလာရှိသည်ဆိုမှတော့ 'ကျ'စကားပြောစရာ မလိုတော့။ အောင်တာမှ ကပြီးတောင် အောင်လို့ရသေးသည်အထိ အောင်မှတ်ကဒေါင်ဒေါင်မြည်ပြီးသား။

ကျွန်တော်နေသာသလိုရှိသွားမည် ကြံရုံရှိသေးသည်။ စာမေးပွဲဖြေဆိုသူ ကျောင်းသူကျောင်းသားများ၏အဖြေလွှာတွေကို စုပြီး သိမ်းသွားသည့် စာမေးပွဲခန်းစောင့်ဆရာမလေးထံမှာ ကျွန်တော့်အဖြေလွှာစာရွက်လေး ပါမှပါသွားရဲ့လားမသိ။

ဒါမှမဟုတ် ထိုဆရာမလေး မတော်တဆခလုတ်တိုက်ချော်လဲသွားသဖြင့် လက်ထဲမှ အဖြေလွှာများ လွင့်ကျပြန့်ကျဲသွားမည်။ ထို့ကြောင့် အဖြေလွှာများကို အလောတကြီးပြန်လည်လိုက်လံကောက်ယူသိမ်းဆည်းရမည်။ ထိုအထဲမှာမှ လေတိုက်သဖြင့် အဝေးသို့ လွင့်သွားသော ကျွန်တော့်အဖြေလွှာလေးတစ်ခုတည်း ကွက်ကျန်ခဲ့မှဖြင့် ဒုက္ခ။

တစ်ခါ သည်လိုလည်းဖြစ်နိုင်သေးသည်။ အဖြေလွှာစစ်ဆေးသည့်ဆရာမ၏လက်နှင့် အမှတ်တမဲ့တိုက်မိသဖြင့် ကျွန်တော့်အဖြေလွှာလေး စားပွဲပေါ်မှပြုတ်ကျမည်။ ထိုအချိန်မှာပင် အရေးပေါ်အစည်းအဝေးရှိသည်ဆိုသော အကြောင်းပေါ်လာသဖြင့် အဖြေလွှာစစ်ဆေးနေသည့် ဆရာ၊ ဆရာမများ အလောတကြီးထပြီး ပါမောက္ခရုံးခန်းဆီ အပြေးအလွှားသွားဖို့ပြင်ကြရမည်။ ထိုအခါ တစ်စုံတစ်ဦးနှင့်ထိခိုက်မိပြီး ကြမ်းပြင်ပေါ်ကျနေသော ကျွန်တော့်အဖြေလွှာလေးခမျာ အလွယ်တကူမမြင်သာနိုင်သော စားပွဲအောက်သို့ လျှောခနဲရောက်သွားမည်။ ဒါဆို စစ်ဆေးနေသည့် အဖြေလွှာတွေထဲတွင် ကျွန်တော့်အဖြေလွှာလေး မပါဝင်နိုင်တော့ဘဲ ဘုရား. . ဘုရား. . . ကျွန်တော် အသက်ရှူကျပ်လာရပြန်သည်။


www.burmeseclassic.com

 www.burmeseclassic.com

ကျွန်တော် ဆက်မတွေးဝံ့တော့။

ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ။ နောက်နှစ်တွေဆိုလျှင်တော့ ကျောင်းလခကြွေးကျန်မရှိအောင် အထူးတလည်ဂရုစိုက်ပါတော့မည်။ နို့မို့ ခုလို သူများတွေ အဖြူအမည်းသဲကွဲလို့ ငိုချင်ငိုပလိုက်၊ ရယ်ချင်ရယ်ပလိုက် ပြတ်ပြတ်သားသားလုပ်ခွင့်ရချိန်မှာ ကျွန်တော့်မှာတော့ ငိုဖို့နှပ်ပဲညစ်ရတော့မလို. . အဲလေ. . မျက်ရည်ပဲ ညစ်ရမလို. . ..ရယ်ဖို့ သွားကြီးပဲ ဖြီးရမလိုနှင့် အတော်ကိုခွတီးခွကျနိုင်လှပါသည်။

"ဟိတ်ကောင် ခေတ်ကောင်း. . . တစ်ခုခုဝင်ပြောဦးလေကွာ. . . ဘယ့်နှယ့်လဲ. . . ငြိမ်ချက်သားကောင်းလှချည်လား. . . ဘာဖြစ်လို့လဲ"

ဆိုသော သစ်လွင်ဦး၏စကားကြားမှ ကျွန်တော်လည်း သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင် အတူထိုင်နေသည်ကို သတိရသွားလျက်

"ဩော်. . အေး. . ဒီလိုပါပဲ"

ဟု အလိုက်သင့်ပြန်ဖြေရသည်။ ကျွန်တော့်ကိုကြည့်ပြီး အောင်ခင်က

"ဒီကောင် ငြိမ်နေတာ အလကားမထင်နဲ့. . . ဘယ်အချိန်မှာ ဘယ်သူ့ကိုဒုက္ခပေးရမလဲဆိုတာ ကြံစည်နေတာနေမှာ"

ဟု ပြုံးစိစိဆိုသလို ဌေးဝင်းကလည်း

"အေးကွ. . ယုံရတာ မဟုတ်ဘူး. . . ဒီကောင်နဲ့က ပေါင်းသာပေါင်းနေရတာ. . . ဘယ်အချိန်မှာ ဘယ်လိုထဖောက်ခံလိုက်ရမလဲဆိုတာ အမြဲတွေးပြီးလန့်နေရတာ"

ဟုဆိုပြီး ကျွန်တော့်ကို မယုံသင်္ကာသလို ပြန်ကြည့်၏။ အရေးထဲမှာတောင် သည်လိုအရှိန်အဝါကြီးသော ကျွန်တော့်ကိုယ်ကျွန်တော် အင်မတန်လေးစားသွားသည်။ သို့သော်

"မင်းတို့ကလဲကွာ. . . အဲလောက်လည်း အသည်းမငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြစမ်းပါနဲ့. . . တို့တတွေ ဒီနှစ်ကစပြီး ဒီကောင့်ဝင်္ဂကြ ကျွတ်ချင်လည်း ကျွတ်သွားမှာပေါ့ကွ"

ဆိုသော စိုးအောင်စကားကြောင့် ကျွန်တော့်မျက်နှာ ကွက်ခနဲပျက်သွားသော်လည်း ကျန်ကောင်တွေကတော့ ပေါ့ပါးအားတက်သွားကြဟန်တူသည်။

"ဟေ. . ဘာကြောင့် မင်းက ခုလိုပြောရတာလဲကွ"

"ဩော်. . ရှင်းရှင်းလေးပဲလေကွာ. . . ဘာပဲပြောပြော မင်းတို့ ငါတို့တွေက စာမေးပွဲအောင်သွားပြီဖြစ်လို့ အခုနှစ် ရန်ကုန်တက္ကသိုလ်ပင်မတက်ခွင့်ရကြပြီ. . . ဒီကောင် ခေတ်ကောင်းကတော့ အောင်မှန်း ကျမှန်းသိရသေးတာမဟုတ်ဘူး. . . အောင်ရင်တော့ တို့နဲ့အတူ မိန်းထဲမှာလိုက်တက်ပြီး တို့ကိုဒုက္ခဆက်ပေးနိုင်တာပေါ့ကွာ . . . အဲ. . မတော်လို့ ကျသွားခဲ့ရင်တော့ နေရစ်ခဲ့ပေတော့ အာစီတူးမှာပဲလေကွာ"

"အာ. . အဲဒါဆိုရင်တော့ သေချာတယ်. . . ဒီကောင် သူအာစီတူးကို သံယောဇဉ်သိပ်ကြီးတာ. . . ဒါကြောင့် တို့နဲ့မိန်းထဲမလိုက်ဘဲ အာစီတူးမှာပဲ နေခဲ့မှာသေချာတယ်"

"သေချာတာပေါ့ကွာ. . . ခေတ်ကောင်းတစ်ယောက် ခေတ်မကောင်းနိုင်တော့မှန်းသိလို့ ခုလိုမျောက်မှိုင်မှိုင်နေတာပေါ့ကွာ. . . အံမယ် မျောက်တောင်မှ သာမန်မဟုတ်ဘူး. . . မျောက်ဖင်နီကြီးဗျ"

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"

ကျွန်တော့်ကိုကြည့်ပြီး တစ်ယောက်တစ်ပေါက် လှောင်ပြောင်ရယ်မောနေကြသော သည်ကောင်တွေကို ကျွန်တော်ပါးစပ်လှုပ်ဆဲရေးလိုက်ရာ သည်ကောင်တွေ သဘောကျပြီး ထပ်ရယ်ကြပြန်သည်။

တကယ်တော့ သည်ကောင်တွေပြောလည်း ပြောချင်စရာရှိယ်။ သည်အတောအတွင်း သူငယ်ချင်းများနှင့်တွေ့လိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ နှုတ်နည်းနေတတ်သည်။

ဘာမှန်းမသိရသေးသော ကျွန်တော်မှလွဲရင် သည်ကောင်တွေအားလုံး မိန်းပာနှုတ်ကျိုးစွာခေါ် ဆိုနေကြသော ရန်ကုန်တက္ကသိုလ် (ပင်မ)မှာတက်ကြရတော့မည်ဖြစ်ရာ ဘဝင်မြင့်ချင်နေကြသည်။ ပြောလိုက်ရင် မိန်းထဲက၊ မိန်းထဲကနှင့် ပါးစပ်ကမချ။

သူတို့ပါးစပ်မှ ထွက်သမျှစကားလုံးတို့သည် ဖောင်းကားတက်ကြွနေကြသည်။ ကျွန်တော်တစ်ယောက်မှာသာလျှင် ဖောင်းကားရမည်လား၊ ကားဖောင်းရမည်လားမသိ။ တက်ကြွရမည်လား၊ ကြွတက်ရမည်လားမသိ။ အတော် မအီမလည်ခံစားရသည့် စိတ်ဒုက္ခတစ်မျိုးပင်ဖြစ်သည်။

ကျွန်တော့်ဒုက္ခက သည်ကောင်တွေအားလုံးအတွက် ဟားစရာဖြစ်နေတာကတော့ . . . အင်း. . ကျွန်တော်ဝဋ်လည်တာပဲ ဖြစ်ပါလိမ့်မည်။

သို့ပေမယ့် မြန်မာပြည် နိုင်ငံရေးအပြောင်းအလဲများကြုံရပြီးနောက် ၁၉၉၃-၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေခွဲသုံးခုဖြစ်သော ကြည့်မြင်တိုင်၊ ဗိုလ်တစ်ထောင်နှင့် လှိုင်နယ်မြေတို့ တွင်ယခင်က ပထမနှစ်နှင့်ဒုတိယနှစ်အတန်းများအထိသာ ထားရှိ ရာမှ တတိယနှစ်အတန်းများထိ တိုးမြှင့်ထားရှိလိုက်ရာ ဒုတိယနှစ်အောင်မြင်ပြီး၍ မိန်းထဲတွင် တတိယနှစ်တက်ရန် အားခဲထားသောသည်ကောင်တို့အုပ်စုမှာ ကျွန်တော်ကိုသာ ဘုကြည့်ကြည့်ကြလေသည်။ သို့သော် အခြေအနေဘာမှန်းမသိသေးသာ ကျွန်တော့်မှာလည်း မပြုံးနိုင်၊ မပျော်နိုင်ပါ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့ ကျောင်းတွေပြန်ဖွင့်သောနေ့လည်းဖြစ်သလို ကျွန်တော်၏အောင်စာရင်းထုတ်ပြန်ပေးမည့် နေ့လည်းဖြစ်သဖြင့် ကျွန်တော် အထူးပဲစိတ်လှုပ်ရှားနေမိသည်။ ထူးထူးခြားခြား အိပ်ရာမှ အစောကြီးနိုးသည်။ သည်ထက် တိကျတာဆိုရလျှင် တစ်ညလုံးပျော် အောင်အိပ်လို့မရခဲ့ဟုဆိုပါက ပို၍မှန်ပေလိမ့်မည်။

စောစောနိုးသဖြင့် ဆောင်းတွင်းကြီးပင်ဖြစ်လင့်ကစား စော စောပဲ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကျောင်းသို့ဝီရိယလွန်ကာ ခပ်စောစောကရောက်လာသည်။ ကျွန်တော်ရောက်တာ အတန်ငယ် စောသေးသဖြင့် ကျောင်းမှာ ကျောင်းသူကျောင်းသားနည်းပါးသေး သလို ကျောင်းသားရေးရာဌာနလည်း မဖွင့်သေး။

ကျွန်တော် ကျောင်းသားရေးရာဌာနရှေ့မှာ အောင်စာရင်း သိရဖို့ ရပ်စောင့်နေရင်း ရင်ကခုန်လာရပြန်သည်။ ဟိုတွေးသည်တွေး နှင့် စိတ်ကမောလာရပြန်သဖြင့် ကျောင်းသားရေးရာဌာနရှေ့မှာပင် ကြာကြာမရပ်ရဲသလိုဖြစ်လာရသည်။

ထို့ကြောင့် အချိန်လည်းဖြုန်းရင်း အာရုံလည်း အပြောင်း အလဲလုပ်ရင်းဆိုသည့်သဘောဖြင့် ကျောင်းဝင်းအတွင်း ဟိုဒီလျှောက် သွားရန် ခြေလှမ်းလှမ်းလိုက်၏။

ကျောင်းတော်ကြီးအတွင်း နှင်းငွေ့တွေကြားမှာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com


သွားရင်း နေသာထိုင်သာရှိလာရသည်။ တစ်စတစ်စနှင့် ရောက်ရှိများပြားလာသော ကျောင်းသူကျောင်းသားများကိုကြည့်ရင်း ပျော်ရွှင်လာရသည်။

ကျောင်းဖွင့်ခါစ နေ့ရက်လေးများဖြစ်သဖြင့် ကျောင်းတက်လာကြသော ကျောင်းသူ၊ ကျောင်းသားများ၏မျက်နှာပေါ်တွင် တက်ကြွရွှင်လန်းမှုတို့ အတိုင်းသားထင်ဟပ်နေ၏။

အထူးသဖြင့် သည်နှစ်မှတက္ကသိုလ်စတက်ကြသည့် မောင်မယ်သစ်လွင်လေးများ၏မျက်နှာလေးများ သည် ရင်ခုန်စိတ်လှုပ်ရှားမှု တစ်ဝက်ဂုဏ်ယူစိတ်တစ်ဝက်ဖြင့် ရွှင်ပျဝင်းပနေကြ၏။

အသွေးအရောင်စုံသော သူတို့လေးတွေ၏အပျော်သည် ကျွန်တော့်သွေးကြောထဲသို့တိုင် ပျံ့နှံ့စီးဝင်လာကြကုန်သည်။

ထို့ပြင်တစ်ဝ ရိုးရာကိုစောင့်ထိန်းရမည်ဆိုသော အသိတရား၏ခေါင်းလောင်း တီးအချက်ပေးသံကြောင့် မျက်နှာသစ်လေးများဖြစ်သော ဖရက်ရှာလေးများအား ဂရုတစိုက်ကြည့်ရှုအားပေးရသည်။ ပြောင်းလဲလာသည့် ဖက်ရှင်ယဉ်ကျေးမှုအရ အားပေးရကျိုးနပ်သည့် ဖက်ရှင်မလေးများ. . အဲလေ. . ဖရက်ရှာလေးများပင်ဖြစ်သည်။

"အဟိး. . ဒီနှစ်တက်လာတဲ့ ဖရက်ရှာလေးတွေက မနှစ်ကထက် ပိုမိုက်တယ်ကွ. . . စတိုင်ကျကျ ဝတ်တတ်၊ စားတတ်၊ ပြင်တတ်၊ ဆင်တတ်လေးတွေ"

ဆိုသော အနားရှိကျောင်းသားတစ်ဦး၏ ချီးကျူးအသိအမှတ်ပြုမှုကို ကျွန်တော်က ထပ်မံဖြည့်စွက်ကာ ဖရက်ရှာဝဲလ်ကမ်းလိုက်ချင်သေးသည်။

"ဘယ်စတိုင်ကျကျဝတ်တတ် စားတတ် ပြင်တတ် ဆင်တတ်ရုံတင် ဘယ်ကမလဲ. . . သွားလာလှုပ်ရှားပုံ အမူအရာလေးကလည်း ညက်သလို နဂိုရည်အလှလေးတွေကလည်း အတော်ထင်သာမြင်သာရှိပြီး ကျန်းမာရေးလည်းလိုက်စားကြပေသကိုး"

ဟူ၍ဖြစ်ပေသည်။ ကျွန်တော်၏ဖရက်ရှာဝဲလ်ကမ်းကို


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ဘာသာသဘောကျပြီး ကြိတ်ပြုံးမိသည်။ ထိုသို့ ဖရက်ရှာလေးများအားဝဲလ်ကမ်းလုပ်ရင်း အားပေးရင်း လျှောက်မှန်းမသိလျှောက်လာရာ အဆောင် (၃) အနီးသို့ရောက်လာသည်ကို သတိပြုမိ၏။ ထို့ကြောင့် အဆောင် (၃) အနီးရှိ ညောင်ပင်အောက် အုတ်ကန်တွင် ခေတ္တဝင်ထိုင်ရန် စိတ်ကူးမိသည်။

ထိုနေရာသည် ဝိဇ္ဇာ/သိပ္ပံ၊ စီးပွား ရေးတက္ကသိုလ် (လှိုင်နယ်မြေ)နှင့် ကွန်ပျူတာတက္ကသိုလ်အဆောင်များ၏အလယ်တွင်ရှိသည်ဟုဆိုနိုင်သဖြင့် မဟာဗျူဟာအရ အရေးပါသည်။

ထိုနေရာမှာထိုင်ပြီး ကြည့်နေလို့ကတော့ ဖြတ်သန်းသွားလာသမျှ ဖရက်ရှာညီမလေးလှလှများရော၊ နှစ်ဟောင်းမမလှလှများပါမကျန် မလွတ်တမ်းအားပေးခွင့်ရရှိနိုင်သည်။ ထို့ကြောင့် မဟာဗျူဟာကျသော ထိုနေရာကို လက်ဦးမှုရယူကာသိမ်းပိုက်လိုသူကများသည်။ ခုတောင် ထိုနေရာကို လက်မြန်ခြေမြန်ရှိသူ တော်တော်များများက သိမ်းပိုက်အောင်ပွဲခံထားနှင့်နေကြပြီကို တွေ့ရသည်။

ကျွန်တော်လည်း ထိုင်စရာနေရာလွတ်ရှိ၊ မရှိလှေလာအကဲခတ်မိသည်။ သိပ်ကြာကြာမကြည့်လိုက်ရ။ သမ္မာရင့်၊ ဝါရင့်ပီပီထိုင်လို့ရမည့်နေရာလွတ်တစ်ခုကို သတိပြုမိသည်။ ထို့ကြောင့် ထိုနေရာလေးမှာ သွားထိုင်ရန်ခြေလှမ်းပြင်လိုက်သည်။

သို့သော် ခြေထောက်ကလေးကြွရုံရှိသေး

"အစ် . . အစ်ကို . . တစ် . . တစ်ခု . . တစ်ခုလောက် ကူညီ . . ကူညီပေးပါလားဟင်"

ဆိုသော မပံ့မရဲနိုင်လှသည့် မိန်းကလေးတစ်ယောက်၏ အသံက ကျွန်တော့်နောက်ကျောဘက်ဆီမှ ကပ်ပြီး ထွက်ပေါ်လာ၏။

ကျွန်တော် ရင်ခုန်သံမြန်သွားရသည်။ ကိုယ့်ကိုယ်ကိုယ်ကံဇာတာစန်းလဂ်တက်ပြီဆိုတာလည်း ယုံကြည်သွားရသည်။

အခုပဲကြည့်။ ကိုယ့်ဘာသာကိုယ်နေတဲ့ဟာပဲဟာပဲအိုး။ မြင်းက မလှုပ်-ခုံကလှုပ်၊ ပိုက်ကမတိုး-ယုန်ကတိုး၊ အိုးတာ မပူ-


www.burmeseclassic.com

 www.burmeseclassic.com

စလောင်းကပူဆိုသလို ဆိုင်ဆိုင်၊ မဆိုင်ဆိုင် သို့ဂလိုဥပမာပေးစရာတွေဖြစ်လာပြန်တော့ ကျွန်တော့်ခမျာမှာလည်း မနေသာပါဘဲ 'တစ်ခုမကဘူး. . အခုတစ်ထောင်လည်း ကူညီမယ်. . ရတယ်'ဟူသော စေတနာဗရပွဖြင့် နောက်လှည့်ကြည့် လိုက်၏။

သို့သော် ချက်ချင်းဆိုသလို စေတနာထားလိုစိတ် ကုန်ခမ်းသွားရသည်။ ပြုံးထားသောမျက်နှာကြီးမှာလည်း အလိုလိုမဲ့သွားရသည်။

အဘယ်ကြောင့်ဆိုသော အကူအညီတောင်းသူ အန်မိန်းကလေးမှာ ပါးပြင်နှစ်ဖက်အပြည့် သနပ်ခါးထူပိန်းနေအောင်လိမ်းထားရုံနှင့် အားရဟန်မတူဘဲ နှာတံတစ်လျှောက်ပေါ်မှာလည်း သနပ်ခါးအတန်းလိုက် ထူထဲစွာတင်ထားသည့်အပြင် မေးစေ့ပေါ်မှာလည်း သနပ်ခါးအခဲလိုက်ကပ်ထားသည်လားမှတ်ရအောင် လိမ်းကျံထားပြန်သေးသည်။

ချိတ်ထဘီ၊ ရင်ဖုံးအင်္ကျီလက်စကနှင့် ဆံပင်ကို ကျစ်ဆံမြီးနှစ်ချောင်းကျစ်ပြီး ဘေးတစ်ဖက်တစ်ချက်မှာချထားသေးသည်။ ပြီးတော့ ဘယ်သူကမြှောက်ပေးလိုက်သည်မသိ။ နှုတ်ခမ်းဆိုးဆေးကိုလည်း ရဲတွတ်နေအောင် ဆိုးထားသေးသည်။

သူငယ်တော်ရုပ်ကို သနပ်ခါးလိမ်းပြီး နှုတ်ခမ်းနီဆိုးထားပေးသလို ထင်ရသည်။

ကျွန်တော် စိတ်ဓာတ်ကြီးလေးဆယ့်ခြောက်ခါတိတိကျသွားရသည်။ ကျွန်တော်မျှော်လင့်ထားတာက ဖရက်ရှာလှတပတလေး။ အခုတော့ ကြည့်ပါဦး။ ဘုရားပွဲနှင့်တက္ကသိုလ် မှားရောက်လာသည့် သူကြီးသမီးမမရွှာသူနှင့်မှ တည့်တည့်တိုးရတဲ့အဖြစ်။

ကာယအလှမယ်ပြိုင်ပွဲတွေ၊ မော်ဒယ်သင်တန်းတွေ ခေတ်စားလာသည့် ရန်ကုန်မြို့ပေါ်မှာ သည်လိုပုံခပ်တုံးတုံးကို အရှင်လတ်လတ်တွေ့ရလိမ့်မည်ဟု မထင်ခဲ့။

တွေ့မယ့်တွေ့တော့လည်း ရန်ကုန် မြို့ပေါ်မှာမှ ခေတ်ကို



www.burmeseclassic.com

www.burmeseclassic.com


ဦးဆောင်နေသည့်နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တက္ကသိုလ်ကျောင်းတော်ကြီးမှာမှ တွေ့ရသည်။

တကယ့်ကို အံ့ဖွယ်သုတပါပဲလားဟူ၍သာ သံကုန်ဟစ်လိုက်ချင်တော့သည်။

ကျွန်တော်လည်း လှည့်ကြည့်မိလက်စနှင့် မထူးတော့ပြီမို့ မေးတစ်ချက်ဆတ်ပြရင်း

"ဆို. . ဘာကိတ်"

ဟူ၍ စိတ်မရှည်သလို ပြတ်တောင်းစွာဆိုလိုက်သည်။

"ဟို. . ဟိုလေ. . . ကိုယ်. . ကိုယ်တွေကို တစ်ခုလောက်ကူညီပါနော်"

အန်. . ဘယ်လိုကြီးလဲဟ။ ပုံက မှလာရသည့်ကြားထဲ ပြောတာကလည်း ညီမဖြင့် 'ညီမ'၊ ဒီကဖြင့် 'ဒီက' မဟုတ်။ 'ကိုယ်တွေက' တဲ့လေ။ မြင်ရကြားရတာ ဘယ်လိုမှပန်တျာမလာ။ ကျွန်တော်စိတ်အချဉ်ပေါက်သွားရသည်။ ထို့ကြောင့်

"အင်း. . ပြော"

မျက်နှာထိမျက်နှာထားဖြင့် စိတ်မပါသလို တုံ့ပြန်လိုက်သော ကျွန်တော့်အမူအရာကို သူမမသိကျိုးကျွန်ပြုသည်ပဲလား။ တကယ်ပဲ အကဲမခတ်တတ်သည်ပဲလားမသိ။ အလိုက်ကမ်းဆိုးမသိစွာ အကူအညီတောင်းစကားကိုဆက်၏။ သို့သော် အသံတို့ကတော့ မဝံ့မရဲနိုင်ဆဲပင်။

"ကိုယ်တွေ. . ကိုယ်တွေကလေ. . အီကိုကို ဝင်ခွင့်ရတယ်သိလား"

"ဟင့်အင်း. . မသိဘူး"

"ရှင်"

"အေးလေ. . မသိလို့ မသိဘူးပြောတာပဲ ဘာအံ့သြစရာရှိလဲ. . . မင်းနဲ့ငါနဲ့ ဘယ်တုန်းကသိဖူးလို့လဲ. . . ကဲပါလေ ထားပါ. . . လိုရင်းကိုသာ တိုတိုနဲ့ရှင်းရှင်း ဆက်ပြောစမ်းပါ"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်. . ဟုတ်ကဲ့. . . အဲ. . အဲဒါ. . . အီကိုဆောင်က ဘယ်အဆောင်လဲဆိုတာ သိချင်လို့ပါ"

"ဪ... ဘာများလဲလို့. . . ဒါလား. . . ဟိုမှာတွေ့လား သုံးထပ်ဆောင်. . . အဲဒါ ကိုယ်တွေပြောတဲ့. . အဲလေ. . မင်းပြောတဲ့ အီကိုဆောင်ဆိုတာပဲ"

ကျွန်တော်လည်း အသင့်တွေ့ရသော ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ပရဝဏ်၏တစ်ဖက်အစွန်ဆုံးရှိ စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ၏အဆောင်ကို လက်ညှိုးညွှန်ပြလိုက်သည်။

သူမက ကျွန်တော်လက်ညှိုးညွှန်ပြသော သုံးထပ်ဆောင်ကို တစ်ချက်လှမ်းကြည့်ပြီးနောက် ကျွန်တော့်ကို စူးစမ်းသလိုကြည့်၏။ ပြီး

"အစ်. . အစ်ကို. . . နောက်တာတော့ မဟုတ်လောက်ပါဘူးနော်"

"ရော်. . ဘယ်လိုလဲဟ. . . မေးလို့လည်း ဖြေရသေးတယ် . . . လူကိုပဲ မယုံသလိုလို၊ ဘာလိုလိုနဲ့"

ကျွန်တော်စိတ်တိုသွားရသည်။ သူ့ပြောပုံအရ ကျွန်တော်ကပဲ မဟုတ်တာတွေလျှောက်ပြောနေသလို။ တစ်ဆက်လုံး ခန့်ညား ချောမောသော ဥပမိရုပ်ရည်နှင့်လိုက်ဖက်စွာ တည်ကြည်မှန်ကန်သော စကားကိုသာဆိုတတ်သည့် ကျွန်တော့်သိက္ခာကိုမှ ထိပါးရက်လေသည်။ နဂိုကတည်းက မရှိသောစေတနာက ဝေဒနာဖြစ်ရသည်။ သို့သော်

"ဟို. . ဟိုလေ. . စိတ်မရှိပါနဲ့ အစ်ကိုရယ်. . . ကိုယ်တွေက မသိလို့မေးတဲ့ဟာကိုလေ. . . . အီကိုဆောင်မဟုတ်ဘဲနဲ့ အီကိုဆောင် ဆိုပြီးညွှန်ပြကြလို့ တကယ်မှတ်ပြီးသွားလည်းသွားရော ဟုတ်လည်း မဟုတ်ဘူး. . . အဲဒါ သုံးလေးနေရာရှိပြီသိလား. . . တကယ်ပဲ ငိုတောင်ငိုချင်လာပြီ. . . ဒီတစ်ခါမှမဟုတ်ရင်တော့ ကိုယ်တွေတော့ယ် ထိုင်ငိုလိုက်တော့မှာ သိလား"


www.burmeseclassic.com

ဆိုသောသူမပြောပုံဆိုပုံကိုကြည့်ပြီး ကျွန်တော်ပြုံးလိုက်မိသည်။

တက္ကသိုလ်မှာကတော့ သည်လိုပါပဲ။ တက္ကသိုလ်စတက်စကျောင်း သားကျောင်းသူများကို တက္ကသိုလ်ကြိုရောက်နှင့်နေသည့် ဗရုတ်ကျ ကျောင်းသားကြီးအချို့က အပျော်သဘောဖြင့် သည်လိုစတတ်နောက်တတ်ကြသည်မှာ အစဉ်အလာလိုဖြစ်နေသည်။ အနှီသူငယ်မလည်း အစဉ်အလာရဲ့သားကောင်ဖြစ်ခဲ့ရခြင်းသာ။ ထို့ကြောင့် စာနာနားလည်စွာဖြင့်

"ကဲပါ. . ငိုတော့မငိုလိုက်ပါနဲ့. . . တို့ပြောတဲ့အတိုင်း ယုံယုံကြည်ကြည်နဲ့သာ သွား. . . ဒီတစ်ခါတော့ မင်းပြောတဲ့ အီကိုဆိုတဲ့ စီးပွားရေးတက္ကသိုလ်ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလို့ ဝမ်းသာလုံးဆို့ပြီး ထတောင်ကမိဦးမယ်"

"ဒါ. . ဒါဆိုလည်း ကျေးဇူးပါပဲ အစ်ကိုရယ်. . . ဒါပေမဲ့ ကိုယ်တွေတက်ရမယ့်အခန်းကိုမသိဘူးဖြစ်နေလို့ ဆက်ပြီးကူညီပေးပါဦးနော်"

"ဟောဗျ. . ပြဿနာပါပဲ. . . ဒီမယ်. . . အီကိုကကျောင်းသားရေးရာရှေ့မှာ မင်းတို့ကျောင်းဝင်ခွင့်စာရင်းတွေ ကပ်ထားလိမ့်မယ်. . . အဲဒီမှာ ခုံနံပါတ်ဘယ်လောက်ကနေ ဘယ်လောက်အထိက ဘယ်အခန်းဆိုတာလည်း ကြေညာထားလိမ့်မယ် . . . အဲဒါကြည့်ပြီး ကိုယ်တက်ရမယ့်အခန်း ကိုယ်သွားလိုက်ရုံပဲ . . . ဘာခက်တာ မှတ်လို့"

"ခက်တယ် အစ်ကိုရဲ့"

"ဟင်. . ခက်ရပြန်ပြီလား"

"ကိုယ်တွေက အဲဒီလိုအခန်းတွေဘာတွေလည်း မရှာတတ်ဘူး. . . ကြောက်လည်း အရမ်းကြောက်နေတယ်. . . အစ်ကိုကိုယ်တိုင် ကိုယ်တွေတက်ရမယ့်အခန်းတွေဘာတွေကြည့်ပေးပြီး အစ်လက်စတည်း အရောက်လိုက်ပို့ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ မင်းကလဲ. . . တက္ကသိုလ်တောင်ရောက်နေပြီ . . . မဟုတ်တာပဲ. . . တို့လည်း မအားဘူး. . . အတန်းသွားတက်ရ ဦးမယ်. . . ကိုယ့်ဘာသာ မေးမြန်းစုံစမ်းပြီးသာ သွား. . . အဆင်ပြေ သွားလိမ့်မယ်"

ကျွန်တော် စကားဖြတ်ပြီး နေရာမှခွာမည်ပြင်သော် သူမက ကျွန်တော့်ရှေ့မှာပြေးပိတ်ရပ်ပြီး

"တောင်းပန်ပါတယ် အစ်ကိုရယ်. . . ကိုယ်တွေကို ဒါလေး တစ်ခုတော့ ကူညီပေးပါနော်. . . အစ်ကို့ကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး. . . ကိုယ်တွေက နယ်ကလာတက်ရတာပါ. . . အပေါင်း အသင်းလည်း မရှိသေးဘူး. . . နောက်ပြီး အစ်ကို့ကိုကြည့်ရတာ သဘောကောင်း မယ်မှန်းသိလို့ ခုလိုအကူအညီတောင်းရတာပါ"

ဟု အတင်းကြီးဖွတ်ဆိုလေသဖြင့် ကျွန်တော်လည်း စိတ် ပျက်သွားဟန်ဖြင့် သူမကိုတစ်ချက်ကြည့်မိသည်။ ကျွန်တော့်ကို အားကိုးတကြီးရှိလှသော သူမ၏မျက်ဝန်းထဲတွင် မျက်ရည်ငွေ့ လေးများ ဝေ့သီနေသည်ကို သတိထားမိသည်။ သည်လိုဆိုတော့ လည်း စိတ်ထဲတစ်မျိုးရယ်။

ဟုတ်တော့လည်း ဟုတ်သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူအသစ်စက်စက်တစ်ယောက်အနေဖြင့် တက္ကသိုလ်မြေကို စတင်ခြေချခွင့်ရသည့်နေ့တွင် တက္ကသိုလ်ကျောင်းတော်သူ ကျောင်း တော်သားဖြစ်ပြီဆိုသော ဂုဏ်ယူစိတ်ကလည်းဖြစ်ပေါ်နေသလို ဘာ မှန်းမသိဘဲ ရှိန်စိတ်ကြောက်စိတ်ကလည်း ဖြစ်ပေါ်နေတတ်သည်။

ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြီး ရန်ကုန်တက္ကသိုလ်မှာပင် တက်ခွင့်ရသည့် ကျွန်တော်ကိုယ်တိုင်ပင်လျှင် တက္ကသိုလ်စတက်သည့် နေ့မှာ ထိုကဲ့သို့သောခံစားချက်နှစ်ရပ်၏ လှုံ့ဆော်ထိုးဆွမှုကို ကြုံခဲ့ ရဖူးသည်။ ဒါတောင် ကိုယ့်ဘေးမှာ အထက်တန်းကျောင်းအတူတက် ပြီး အတူဆယ်တန်းအောင်လာကြသည့် သူငယ်ချင်းတွေပါသေး သည်။


www.burmeseclassic.com

www.burmeseclassic.com

သူမအဖို့ဆိုလျှင်တော့ အထူးဆိုဖွယ်ရာမရှိပြီ။ တစ်နယ်တစ်ကျေးမှ လာတက်ရသူပီပီ မျက်နှာစိမ်းများ၏အလယ်တွင် စိုးရွံ့အားငယ်နေရှာပါလိမ့်မည်။

"အစ်ကို. . ကိုယ်တွေကိုကူညီမယ် မဟုတ်လားဟင်"

ကျွန်တော် ခေါင်းညိတ်ပြခြင်းဖြင့် သူမ၏မျှော်လင့်ချက်ကို ပြည့်ဝစေလိုက်ပါသည်။ သူမမျက်နှာပေါ်မှာ ဝမ်းသာမှုအရိပ်လေးများ ဖြတ်ပြေးနေကြသည်ကို ကျွန်တော်သတိပြုလိုက်မိသည်။

ကျွန်တော် ရှေ့မှဦးဆောင်ပြီး စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)၏ ကျောင်းသားရေးရာသို့သွားရသည်။ ကြေညာသင်ပုန်းရှေ့ရောက်သည်နှင့် အမည်၊ ကျောင်းဝင်ခွင့်ခုံနံပါတ်စာရင်းနှင့် တက်ရမည့်အခန်းတို့ကိုရှာကြည့်ဟူ၍ ကျွန်တော်သတိပေးရာ သူမလည်း မျက်နှာလေးမော့ချည်ငုံ့ချည်ရှာပြီးနောက်

"အစ်ကို. . အစ်ကို. . ကိုယ်တွေတက်ရမယ့် အခန်းနံပါတ်က နှစ်ရာ့တစ်တဲ့ သိလား"

ဟု ဝမ်းသာအားရဆိုလာသဖြင့် ကျွန်တော်လည်း ဘာအဓိပ္ပာယ်မှန်း(?) သို့မသိမသာကြည့်ရင်း

"နောက်ကို နှစ်ရာ့တစ်လို့မပြောနဲ့. . . တူးအိုဝမ်းလို့ပြော"

ဟု တီးတိုးသတိပေးရ၏။ သူမကြောင်တောင်တောင်မျက်နှာပေးလေးဖြင့်

"ဟင် အတူတူပဲမဟုတ်ဘူးလား"

"တူတယ်ဆိုပေမယ့် ကွဲပြားတယ်"

"ဘယ်. . ဘယ်လိုကွဲပြားတာလဲဟင်"

"တူးအိုဝမ်းလို့ပြောတာဟာ ဒုတိယထပ်အခန်းနံပါတ်တစ်လို့ ဆိုလိုတာပဲ"

"သြော်. . ဒါဆို ကိုယ်တွေတက်ရမယ့်စာသင်ခန်းက ဒုတိယထပ်မှာပေါ့"

"ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို အဲဒီကိုတစ်ခါတည်းလိုက်ပို့ပေးပါနော်. . . ကိုယ်တွေ မသွားတတ်လို့"

ကျွန်တော် ထပ်မံခေါင်းညိတ်ပြရင်း သူမတက်ရောက်ပညာသင်ကြားရမည့် အီကိုဒုတိယထပ်ဆီ လိုက်ပို့ပေးရပြန်သည်။ သူမလည်း ထပ်မံဝမ်းသာပြီး ကျွန်တော့်နောက်မှ ထပ်မံ၍ထက်ကြပ်မကွာလိုက်ပြန်သည်။

လူတစ်ယောက်ကို ကူညီခွင့်ရသဖြင့် ပီတိဖြစ်ရသော်လည်း စိတ်ညစ်ရသည်ကလည်း အဲဒါပဲဖြစ်သည်။

ပုံ ခပ်တုံးတုံးနှင့် တောသူမလေးတစ်ယောက်က နောက်ကထက်ကြပ်မကွာပါလာသဖြင့် သားသား နားနားပြင်ဆင်ဝတ်စားလာသော ကျွန်တော့်အဖို့ လာဘ်ပိတ်သလိုဖြစ်သွားရသည်။

ကျွန်တော်တို့နှစ်ယောက်ကို အားလုံးက ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်ကြပြီး မကြားတကြားနောက်ပြောင်ကနဲ့ကြသည်။ သည်လို စသံနောက်သံတွေကြားလေ သူမကြောက်လေဖြစ်နေရှာပြန်သေးသည်။

သူမကိုကြည့်ရသည်မှာ လူထူသောပွဲခင်းထဲဝယ် လျှောက်လည်းလည်ချင်သေးသည်။ ပွဲခင်းလည်ပြသော လူကြီးမိဘနှင့် လူချင်းကွဲသွားမှာလည်းစိုးသေးသည်ဆိုသည့် ကလေးငယ်တစ်ဦးပမာဖြစ်နေသည်။

သည်ကနေ့အဖို့တော့ ကျွန်တော်၏အားပေးခြင်းကိုခံယူရန်မိန်းမချောလေးများက စိတ်ဝင်စားခြင်းမရှိသည့်အတူတူ သူမကိုသာ ကူညီလက်စနှင့် စိတ်လက်ကြည်သာကူညီရန် ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့် သူမနှင့်ရင်ပေါင်တန်းလျှောက်လိုက်ပြီး သူမ ပခုံးစွန်းပေါ်ကို လက်တစ်ဖက်လှမ်းတင်ကာ အားပေးသည့်အနေဖြင့် အသာအယာညှစ်ကိုင်လိုက်သည်။ သူမ ကျောကလေးတွန့်သွားပြီး ကျွန်တော့်ကို တအံ့တဩလှည့်ကြည့်သည်။ ကျွန်တော် ခင်မင်ရင်းနှီး

www.burmeseclassic.com


စွာခေါင်းညိတ် ပြုံးပြလေသဖြင့် သူမလည်း လိုက်လိုက်လှဲလှဲပြန်ပြုံးရင်း ကျေးဇူးတင်ကြောင်းပြသသည်။

"ဒါနဲ့ မင်းကနယ်ကဆိုတော့ ဘယ်နယ်ကလဲ"

"ကိုယ်တွေက ကြို့ပင်ကောက်ကပါ"

"သြော်. . ဆန်ကို ပိဿာနဲ့ရောင်းတဲ့မြို့ကပေါ့"

"အင်း ဟုတ်တယ်. . ဟုတ်တယ်. . . ဒါဆို အစ်ကိုက ကိုယ်တွေ ကြို့ပင်ကောက်ကိုရောက်ဖူးတယ်ပေါ့"

"ရောက်ဖူးတယ်. . . ကြို့ပင်ကောက်က အောင်ဒင်လမ်းထဲမှာတောင် တို့မိတ်ဆွေတစ်ယောက်ရှိသေးတယ်. . ကိုမောင်မောင်တဲ့. . . မင်းနဲ့တောင်သိနေမလားပဲ"

"ဟင့်အင်း. . ကိုယ်တွေက ကြို့ပင်ကောက်ဆိုပေမယ့် မြို့ပေါ်ကမဟုတ်ပါဘူး. . . ကြို့ပင်ကောက်ရွာကပါ"

"သြော်. . ဒါကြောင့် ထင်တော့ထင်သားပဲ. . . ကြို့ပင်ကောက်မြို့သူတွေရဲ့အပြင်အဆင်က ဒီလောက်ခေတ်နောက်ကျမနေပါဘူးလို့"

ကျွန်တော့်စကားကို သူမအောင့်သက်သက်အရယ် အပြုံးလေးဖြင့် ပြန်တုံ့ပြန်၏။ ကျွန်တော်လည်း အားနာသွားပြီး စကားလမ်းကြောင်းပြောင်းကာ

"ကဲ. .. ဒီမှာ မင်းတက်ရမယ့်အခန်းရောက်ပြီ"

ဟု အသိပေးညွှန်ပြသော်လည်း သူမ မဝင်ရဲသလိုဖြင့် စာသင်ခန်းထဲသို့ ငေ့ဝဲအကဲခတ်နေသေးသည်။ ကျွန်တော်လည်း သူမစိတ်ကိုနားလည်သဖြင့် မနေသာတော့ဘဲ

"ကဲ လာ. . မင်းကို အတန်းထဲက မင်းထိုင်ရမယ့်ခုံအထိ လိုက်ပို့ပေးပြီး အတန်းဖော်တွေနဲ့ပါမိတ်ဆက်ပေးခဲ့မယ်"

ဟူ၍ သူမပခုံးလေးကိုကိုင်ပြီး အတန်းထဲသို့ဦးဆောင်ဝင်ကာ ဖော်ရွေဟန်ရှိသော ကျောင်းသူသုံးလေးဦးနှင့် မိတ်ဆက်ပေးပြီး ထားရစ်ခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com


"ကိုင်း. . မင်းလည်း အခုဘော်ဒါတွေလည်း ရပြီ. . . ကိုယ်တက်ရမယ့်အခန်းကိုလည်း တန်းတန်းမတ်မတ်ရောက်ပြီဆိုတော့ စိတ်အေးအေးထားတော့. . . တို့သွားတော့မယ်. . . ဟုတ်ပြီလား . . . အကူအညီလိုရင် ပြောပေါ့ကွာ. . . တို့လည်း သိပ်မကြာခင် ထပ်လာပါဦးမယ်"

"ဟုတ်. . ဟုတ်ကဲ့"

ကျွန်တော် သူမအနားမှခွာလေသည့်အခါမှတော့ သူမ ပြန်အားငယ်သွားပြီး ငိုမယောင်မျက်နှာပေးလေးဖြင့် ကျွန်တော့်ကို လိုက်ကြည့်နေရှာသည်။ သူ့ကိုယ်သူ သည်နေ့မှကျောင်းစတက်သည့် သူငယ်တန်းကျောင်းသူလေးလို့ ထင်နေသည်လားမသိ။

ဘာပြောပြော သည်ကနေ့ အမှတ်တမဲ့ပြုခဲ့မိသော ကုသိုလ်ထူးအတွက် ကျွန်တော်ကျေနပ်မိသလိုလိုရယ်။ ကျေနပ်ပြုံးလေး ကျွန်တော့်မျက်နှာပေါ် ဝယ် အထင်းသားပေါ်လွင်နေသည်ထင့်။ ကျွန်တော့်ကိုကြည့်ပြီး လူတွေက သူတို့ကိုပြုံးပြသည်ထင်ပြီး ပြန်ပြုံးပြသွားကြသည်။ သို့သော် မိန်းမချောလေးတစ်သိုက်ကမူ

"ဘာလဲဟ. . . လူကို ဘလိုင်းကြီးလာပြုံးပြနေတယ်. . . နှာဗူး"

ဆိုပြီး ကောင်းချီးပေးသွားလေခါမှ ကျွန်တော်လည်း အသားလွတ်ပြုံးမိနေသော ကျွန်တော့်အပြုံးကို ပြန်ဆင်ခြင်လျက် မျက်နှာပိုးသတ်ရသည်။ တစ်ဆက်တည်းမှာပင် အောင်စာရင်းထုတ်ရမည့်ကိစ္စကို သတိရသွားလျက် ရင်ခုန်သံတွေမြန်ဆန်သွားရသည်။

ခုန်နေသောရင်ဘတ်ကို လက်တစ်ဖက်ဖြင့်အုပ်ရင်း အောင်စာရင်းသွားထုတ်ရမည့် ကျောင်းသားရေးရာဌာနသို့ သုတ်ခြေတင်ရပေတော့သည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

## -၅-

"ဟာ. . သွားပါပြီကွာ"

ကျွန်တော့်နှုတ်မှ ထိတ်လန့်တကြားလျှော့ထွက်သွားသော စိတ်ပျက်လက်ပျက်ရေရွတ်သံသည် ကျွန်တော်ကိုယ်တိုင်ပင် ပြန်မကြားချင်လောက်အောင် ခြောက်ကပ်ဖြူရော်လွန်းလှသည်။

ကျွန်တော် ငွေသွင်းချလံစာရွက်လေး၏နောက်ကျောအား မယုံနိုင်ခြင်းကြီးစွာ ထပ်ကြည့်မိပြန်သည်။ မတွေ့ချင် မမြင်ချင်ဆုံးသောအရာအား ထပ်မံတွေ့ရှိရ၍ ထပ်မံဝမ်းနည်းကြေကွဲသည်သာ အဖတ်တင်ပြန်သည်။

ခန္ဓာကိုယ်အတွင်း အားတွေအလိုလိုဆုတ် ယုတ်ကုန်သလို ခံစားရလျက် မျက်နှာသည်လည်း သိသာစွာညှိုးကျနေပြီမှန်း ကိုယ့်ကိုယ်ကိုယ်သိလိုက်သည်။ သို့သော် ဣန္ဒြေဆည်ဖို့ လည်း မကြိုးစားမိ။ မကြိုးစားလိုတော့။

"မင်း ဒီအခြေအနေကိုသိသွားရင် ခုလိုစိတ်ထိခိုက်မယ်မှန်း သိလို့ ငါတို့လည်း ဒီငွေသွင်းချလံကို ချက်ချင်းမပြတာ. . . မင်းအစား ဒီချလံကို ငါတို့ထုတ်ပေးထားတာ. . . စောစောကတည်းက"

နှစ်သိမ့်သောအားဖြင့် ကျွန်တော့်ပခုံးကို ခပ်ဖွဖွပုတ်၍ စကားပြောလေသူ စိုးအောင်အား ကျွန်တော်ငေးကြောင်မိစွာ လှည့်ကြည့်လိုက်သော်လည်း စကားပြန်ဖို့ရာ အားအင်တို့ကုန်ခမ်းနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

သူငယ်ချင်းအားလုံးက ကျွန်တော့်အား ကရုဏာသက်စွာ ဝိုင်းကြည့်နေသည်ကို ကျွန်တော်မလိုလားနိုင်စွာဖြစ်ရသည်။

ကျွန်တော်အားလုံးနှင့် အကြည့်ချင်းလွှဲသောအားဖြင့် မျက်နှာအောက်စိုက်ပြီး ကိုယ့်ခြေထောက်ကိုသာ စိုက်ကြည့်နေမိသည်။

ရော်၊ . ဘယ်မှာ ဘယ်လိုကဘယ်လို ဖိနပ်ကိုဘယ်တစ်ဖက် ညာတစ်ဖက် မှားပြီးလာမိသည်မသိ။ ဖိနပ်ပဲ ဘယ်တစ်ဖက် ညာတစ်ဖက်မစီးလို့ ဘယ်လိုစီးရမှာလဲ။ မှားသည်ဆိုသည်က အနီတစ်ဖက်၊ အနက်တစ်ဖက်ဖြစ်နေခြင်းပင်။ ဖိနပ်မှားခြင်းသည် သည်အချိန်မှာအရေးမကြီးတော့ပြီ။ သို့ပေမယ့် စနေနံအဝင်အထွက် မှားခြင်းသည် ကံမကောင်းခြင်းနိမိတ်ကို ပြလိုက်လေသလားဟု ကယောင်ချောက်ချားတွေးမိချေသေးသည်။

ကျွန်တော် ဘယ်သူ့ကိုမှ စကားအထွေအထူးမပြောတော့ဘဲ နေရာမှခွာရန် ခြေလှမ်းစလိုက်သည်။ အောင်ခင်က ကျွန်တော့် လက်ကိုလှမ်းဆွဲရင်း

"ဘယ်သွားမလို့လဲ"

ဟုဆိုသည်ကို ကျွန်တော်က

"အိမ်ပြန်တော့မယ်"

ဟု လိုရင်းတိုရှင်းပြောပြီး ခြေလှမ်းကိုဆက်သည်။ သူငယ်ချင်းအားလုံးက အတင်းဝိုင်းဆွဲကြပြီး သူတို့နှင့်အတူ ကန်တင်းလိုက်ထိုင်ရန်ဆွဲခေါ်ကြသဖြင့် ကျွန်တော်လည်း စိတ်မပါဘဲလိုက်သွားရသည်။

"နေပါဦးကွ. . . မပြန်ပါနဲ့ဦး. . . ငါတို့နဲ့ ကန်တင်းလိုက်ထိုင်ပါဦး"

"ဟုတ်သားပဲကွာ. . . မင်းကလဲ. . . ဒီအချိန်မှာ မင်းတစ်ယောက်တည်း လေနေမှာနဲ့စာရင် ငါတို့နဲ့ဟိုပြောဒီပြောပြောနေ


www.burmeseclassic.com

www.burmeseclassic.com


တာက ပိုကောင်းတာပေါ့"

သည်လိုပုံ ကြုံမယ်မှန်းသိရင် ကျောင်းလခကြွေးကျန်ဘဝကိုပဲ ခံယူနိုင်သမျှ ခံယူထားတာကမှ နေသာထိုင်သာရှိပါဦးမည်။

"အခု မင်းဘာလုပ်ဖို့ဆုံးဖြတ်ထားလဲ"

ကန်တင်းရောက်၍ နေရာမှာထိုင်မိရုံရှိသေးသည်။ ရုတ်တရက်မေးလိုက်သော အောင်ခင်အား ကျွန်တော်ဘာပြန်ပြောရမှန်းမသိဘဲ သည်အတိုင်းကိုသာ ပြန်ပြီးကြောင်ကြည့်နေမိသည်။

"မင်း. . အခု အိတ်စတာနယ်ဖြစ်သွားပြီဆိုတော့ စိတ်မလေဖို့အရေးကြီးတယ်"

စိုးအောင်၏ အိတ်စတာနယ် (External) ဆိုသော ဝေါဟာရက ကျွန်တော့်ကိုဝမ်းပန်းတနည်းဖြစ်စေသည်။

ကျွန်တော် ဒုတိယနှစ်စာမေးပွဲကို နှစ်နှစ်ဆက်တိုက်ကျရှုံးပြီးသဖြင့် ကျောင်းဆက်တက်ခွင့်မရှိတော့ပေ။ အပြင်ဖြေဆိုသော အခွင့်အရေးတစ်ရပ်သာ ရှိပေတော့သည်။

ကိုယ့်ကိုယ်ကိုယ် တက္ကသိုလ်ကျောင်းသားဟု သတ်မှတ်ရလည်းခက်၊ မသတ်မှတ်ရလည်းခက်ဖြင့် ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝကို လတ်လတ်ဆတ်ဆတ်ကြီး ကူးပြောင်းသွားရတော့သည်။

စုတ်ချွန်းက ကျွန်တော့်ကိုစေ့စေ့ကြည့်ပြီး

"အပြင်ဖြေဆိုတော့ မပေါ့နဲ့ကွ. . . တို့တက္ကသိုလ်မှာက ဖရက်ရှာတို့ ရပီတာတို့ထက် အိတ်စတာနယ်တွေက ပိုပြီးကျဖို့လွယ်တာ အစဉ်အလာလိုဖြစ်နေတယ်. . . စာနဲ့ ကျောင်းနဲ့ဝေးသွားလို့လည်း ပါမှာပေါ့လေ"

မကြားလို မနာလိုသောစကားများကိုမှ စိတ်ဆင်းရဲခြင်းကြီးစွာ ကြားနာနေရသည့်ဝဋ်ဒုက္ခသည် မသေးလှ။

ဟုတ်တော့လည်း ဟုတ်သည်။ အပြင်ဖြေ ဖြေပြီးလို့မှ ထပ်မံကျရှုံးလျှင် ဆက်လက်ဖြေဆိုခွင့်မရှိတော့။ ရောက်သည့်အတန်းမှာပဲ လုံးဝရပ်သွားပြီဖြစ်သည်။ တက္ကသိုလ်ရောက်လာပြီးမှ ဘွဲ့တစ်ဘွဲ့ပင်


www.burmeseclassic.com

www.burmeseclassic.com


ရအောင်မယူနိုင်လျှင် ညံ့ရာကျလွန်းပါသည်။ ငါးနှစ်သားအရွယ်ကတည်းက ပညာရေးမှာ မြှုပ်နှံလာသမျှ အချည်းနှီးဖြစ်ရသည်။

"မင်းတို့ပြောသလိုဖြစ်သွားခဲ့ရင်လည်း ငါ့သူငယ်ချင်းက ပညာရေးကို ဒီလိုလွယ်လွယ်လက်လျှော့သွားမယ်ထင်လို့လား. . . ဘယ်ရမလဲ. . . သူငယ်တန်းက ပြန်စတက်မှာပေါ့ကွ. . . ဟုတ်တယ်မဟုတ်လား ခေတ်ကောင်း"

"ဝါး ဟား ဟား ဟား"

ပင့်ရိုက်လိုက်သော သစ်လွင်ဦးစကားကြောင့် အားလုံးအတောမသတ်ရယ်ကြတော့သည်။

ကျွန်တော်သည်ကောင်တွေကို အတော်စိတ်ပျက်သွားသည်။ သူငယ်ချင်းအရင်းအချာကြီးတစ်ယောက်လုံး ဝမ်းနည်းကြေကွဲနေသည်ကို မျှဝေခံစားပေးရမည့်အစား လှောင်ပြောင်ရယ်မောရက်ကြသည်။

"ဒါဆိုရင်တော့ သေချာတယ်. . . ဒီကောင် အတန်းတိုင်းမှာ ပထမရမှာပဲ. . . အံမယ်. . ဆေးကျောင်းကိုတောင် အမှတ်အများဆုံးနဲ့ဝင်သွားဦးမှာဗျား"

"ဝါး ဟား ဟား ဟား"

ကျွန်တော် အားလုံးကိုနားမလည်နိုင်စွာ လိုက်ကြည့်မိသည်။

ဒေါသထွက်ပြီး သုန်မှုန်လာသည့် ကျွန်တော့်မျက်နှာကို သည်ကောင်တွေက အရေးပင်မလုပ်။

ကျွန်တော့်သူငယ်ချင်းများသည် ဤမျှ လူမှုရေးခေါင်းပါးလိမ့်မည်ဟု ထင်မထားမိ။ ကျွန်တော် အပေါင်းအသင်းမှားလေပြီမှန်း အချိန်နှောင်းမှသိရတော့သည်။

"ဘာပဲပြောပြော. . ငါတို့တော့ ဒီကောင်နဲ့သူငယ်ချင်းဖြစ်ရတာ ဂုဏ်ယူဖို့ကောင်းတယ်"

"ဘာကြောင့်လဲကွ"

"မင်းတို့စဉ်းစားကြည့်လေ. . . ငါတို့ရဲ့သူငယ်ချင်းဟာ ပညာ


www.burmeseclassic.com

www.burmeseclassic.com

ရေးသမိုင်းမှာ ထူးထူးခြားခြားမှတ်တမ်းတင်ခံရမယ့်သူကွ"

"ဘယ်လို မှတ်တမ်းတင်ခံရမှာလဲ"

"ဥပမာအားဖြင့် ကမ္ဘာ့ပထမဦးဆုံးသော အသက်အကြီးဆုံး သူငယ်တန်းကျောင်းသားတို့ ဘာတို့ဆိုတာမျိုးပေါ့ကွာ"

"ဝါး ဟား ဟား"

ကျွန်တော်၏ကျရှုံးမှုအပေါ် ဟန်ဆောင်ပန်ဆောင်လေးပင် ကရုဏာသက်ပုံ မဖော်ပြဘဲ သည်ကောင်တွေ ဘာကြောင့်အူမြူး နေကြသည်ကို ဆန်းစစ်ကြည့်ရာ အဖြေထွက်လာ၏။ သည်ကောင် တွေအားလုံး ကျွန်တော်၏သဘောရိုးဖြင့် နောက်ပြောင်ကျီစယ်ခဲ့မှု များကို သေရာပါဒဏ်ရာလိုသတ်မှတ်ခံစားပြီး အငြိုးအတေးကြီးစွာ ကျွန်တော့်အား လက်စားချေနေကြခြင်းသာဖြစ်သည်။

ယခုသော် သူတို့အားလုံးပျော်ရွှင်နေကြသည်။ အနီးကပ်ဆုံး ရန်သူ၏ရှုံးနိမ့်မှုကို ကျေနပ်အားရစွာခံစားရင်း လက်စားချေမှုကို မီး ပေါင်တိုးနေကြသည်။

ကျွန်တော်ကတော့ ဘာများတတ်နိုင်ဦးမည်နည်း။

"ဘာပဲပြောပြော ငါတို့က တတိယနှစ်တက်ရပြီဆိုတော့ လူကြီးတန်းရောက်ပြီလို့ ပြောရမှာပေါ့. . . ဒီတော့ ကလေးတန်းဖြစ် တဲ့ ဒီ (R.C-2) ကို ခဏခဏလာဖို့ရာ မဖြစ်နိုင်ဘူး. . . မင်းက အပြင်ဖြေဆိုပေမယ့် အတန်းတော့လာလာတက်ပေးသင့်တယ်. . . ဒါမှ စာနဲ့ကျောင်းနဲ့မဝေးဘဲ တက္ကသိုလ်ကျောင်းသားစိတ်က ဆက်ပြီးပူးကပ် နေမှာ. . . ငါတို့အတန်းဘက်လည်း ကြုံရင်ကြုံသလို လာလည်ပေါ့ကွာ. . . တို့သင်ရမယ့်စာတွေက ပိုပြီးအဆင့်မြင့်လာပြီ ဆိုတော့ မင်းတို့ကလေးတန်းတွေဘက် ခြေဦးလှည့်ဖို့ ငါတို့တော့ အချိန်ပေးနိုင်မယ်မထင်ဘူး. . . စာတွေ မလိုက်နိုင်မှာစိုးရတယ်"

လေကြီးလေကျယ်ပြောနေသော အောင်ခင့်ကို ချဉ်စူးစူး ကြည့်မိသော်လည်း ပြန်လည်ချေပရန်စကားများ ခမ်းခြောက်နေ သည်။ အောင်ခင့်လေသံကိုနင်းပြီး ပြောထွက်ရက်သော စုတ်ချွန်း


www.burmeseclassic.com

www.burmeseclassic.com

စကားသည်လည်း နားကလောဖွယ်ရာပင်။

"အောင်ခင်ပြောသလိုပေါ့ကွာ. . . ငါတို့အတန်းကြီးတွေဘက် မကြာမကြာလာလည်တော့ မင်းကိုယ်တိုင်လည်း အတန်းကြီးကိုရောက်ချင်စိတ်ပေါက်လာတာပေါ့. . . ပြောရရင် အားကျစိတ်ပေါ့ကွာ. . . ဒါမှလည်း လာမယ့်စာမေးပွဲမှာ အောင်ဖို့မဖြစ်မနေကြိုးစားမိမယ် မဟုတ်လား"

ကျွန်တော်သက်ပြင်းပုန်းသာ ချမိသည်။ ကျွန်တော် ဘာမျှမပြောလိုပါ။

"သူငယ်ချင်း ဘာမှအားမငယ်နဲ့. . . မင်း ဒီနှစ်အောင်ဖို့ ငါအာမခံတယ်. . . မင်းမလိုက်နိုင်တဲ့ဘာသာရပ်တွေကို ငါတို့ဝိုင်းသင်ပေးမယ်ကွာ. . . အံမာ ငါတို့အသင်အပြကောင်းလို့ ငါတို့ကောင်ကြီးလာမယ့်စာမေးပွဲမှာ ခရက်ဒစ်နဲ့အောင်ပြီး ဂုဏ်ထူးတန်းတောင်တက်ရမယ်ဆိုတာ ကျိန်းသေပေါက်ပြောရဲတယ်"

"ကဲကွာ. . ငါက ပေပါဝမ်းနဲ့ တူး တာဝန်ယူတယ်"

"ငါက ဇူးမိုင်နာသင်ပေးမယ်"

"ငါက အင်းဂလစ်ချ်ကွာ"

"ငါက ကန်မစ်ထရီ"

ကျွန်တော် စိတ်ရှိတိုင်းသာအော်ဟစ်လိုက်ချင်သည်။ ဘေးကကြည့်လျှင် သူငယ်ချင်းအပေါ် စေတနာထားကြပေသည်ဟု ထင်ဖွယ်ရာရှိသော်လည်း တကယ်တမ်းမူဆရာကြီးဂိုက်ဖမ်းပြီး ကျွန်တော့်အား နှိမ်ချွတ်လှောင်ပြောင်နေကြခြင်းသာဖြစ်သည်။ ကံကောင်းထောက်မစွာ စာမေးပွဲအောင်သွား၍ ပြောအားဆိုအားရှိသွားသည်ကို သူတို့ကိုယ်သူတို့ စာကြေသူတွေလို့ထင်နေကြရော့လား မသိ။ ပြောကြစမ်းဆို သူတို့နှင့်စာလျှင် ဒုတိယနှစ်မှာ တစ်နှစ်ပိုနေပြီးသူကျွန်တော်ကသာ စာပိုကြေသည်ဆိုပါက ယုတ္တိတန်ပါသေးသည်။

သို့သော် အခြေအနေက သူတို့ဘက်မှာ။

ကျွန်တော် သူတို့ပြောဆိုသံတွေကို နားထောင်ရတာ


www.burmeseclassic.com

www.burmeseclassic.com


စာမေးပွဲကျတာထက် ပိုခံစားရသည်။ ထို့ကြောင့် သူတို့ပြောတာ နား ထောင်လိုစိတ်မရှိတော့ဘဲ နေရာမှလေးတွဲ့စွာထပြီး အိမ်သို့ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။

ဒါတောင်မှပဲ သည်ကောင်တွေက စာနာငဲ့ညှာမှုကင်းစွာဖြင့် နောက်ပြောင်ရယ်မောနိုင်ကြအားသေးသည်။

"ဟေ့ကောင်. . စာမေးပွဲကျတာလည်း ကျတာပဲ. . . လမ်း သွားရင်လည်း ဂရုတစိုက်သွားဦး. . . ငူငူငိုင်ငိုင်နဲ့သွားလို့ ကားနဲ့ တည့်တည့်ဝင်တိုးမိပြီး ကိစ္စချောသွားမှဖြင့် ဟုတ်ပေ့ဖြစ်နေဦးမယ်"

"အေးကွ. . မင်းချောတာ အရေးမကြီးဘူး. . . ငါတို့ မင်္ဂလာ ယူနေတဲ့အချိန်မှာ အမင်္ဂလာကိစ္စအတွက်တော့ အချိန်မပေးနိုင်ဘူး . . . မင်းဘာသာသေရင်လည်း တစ်ယောက်တည်းအေးအေးဆေး ဆေး သေ. . . ငါတို့ကိုတော့ အလုပ်ရှုပ်ခံပြီး အသုဘလိုက်မပို့ခိုင်း နဲ့. . . သိတဲ့အတိုင်းပဲ. . ငါတို့က အတန်းကြီးသမားတွေဖြစ်ကုန်ပြီ"

"အန်. . မင်းကလဲ ဘာဆိုင်လို့လဲကွ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ. . . ဒီအချိန်လေး ကြွားရတာ. . ကြွားခွင့်ရတုန်း ကြွားထားရမှာ. . . နောက်ပြီး ငါကြွားတာက ငါ တစ်ယောက်တည်းအတွက်မဟုတ်ဘူး. . . မင်းတို့အားလုံးအတွက်ပါ ပါတယ်"

"အေးကွာ. . အဲဒါဆိုလည်း ကျေးဇူးပါပဲ. . . ဟား ဟား ဟား ဟား"

သူတို့၏ရယ်မောသံများသည် ကျွန်တော့်ရင်ထဲ စူးဝင်သည့် ဆူးတွေလို နာကျင်ထိခိုက်ရသည်ကို ကာယကံရှင် ကျွန်တော်သာ အသိဆုံးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

-၆-

ကျွန်တော်လျှောက်လို့လျှောက်မှန်းမသိဘဲ လျှောက်လာရာက အိမ်ကိုမြင်ကာမှ

'မင်း စာမေးပွဲကျရင် အိမ်ရိပ်တောင်နင်းဖို့ စိတ်မကူးနဲ့'

ဆိုသော ဖခင်၏ကြိမ်းဝါးသံကိုပြန်လည်သတိရသွားလျှက် ခြေလှမ်းတို့ တုံ့ခနဲရပ်သွားရသည်။

သို့ပေမယ့် ဘယ်အခြေအနေမှာဖြစ်ဖြစ် ကျွန်တော့်မှာ တက်စရာဆိုလို့ သည်တစ်အိမ်ပဲရှိသည်မဟုတ်လား။

ထို့ကြောင့် ရှေ့မျက်နှာနောက်ထားပြီးဆိုသည်ထက် မျက်နှာပြောင်တိုက်ပြီးပဲ အိမ်ပေါ်တက်ရပေတော့မည်။ ဖခင်၊ မိခင်တို့ ကြိမ်းဝါး ပြစ်တင်မာန်မဲလေလျှင်လည်း ငြိုင်လာလျှင် အရှုံးပေး၊ နှလုံးအေးစေတဲ့ဆေးဆိုသည့်မူအတိုင်း သည်းခံခြင်းဖြင့် အောင်နိုင်မှုကိုရယူရန် ကျွန်တော်စဉ်းစားလိုက်သည်။

သို့ပေမယ့် လိုအပ်သည်ထက် အပြောအဆို၊ အမာန်အမဲ မခံရစေရန် ကျွန်တော့်မျက်နှာအမူအရာကိုတော့ ဌင်းတကြီး လည် လိမ်ခံထားရသလို မချိမဆံ့ခံစားပြထားရသည်။

အင်း. . သည်လောက်ဆိုလျှင်တော့ အထိမနာလောက်ပါ ဘူးထင်ပါရဲ့။

ကျွန်တော် အိမ်ပေါ်သို့ ထိခိုက်ကြေကွဲနေသောမျက်နှာကို



www.burmeseclassic.com

သယ်ဆောင်လျက် တက်လိုက်သည်။

ကျွန်တော် အိမ်ပြန်အလာကို မျှော်လင့်ခြင်းကြီးစွာ စောင့်ကြိုနေသောမိဘနှစ်ပါးလည်း ကျွန်တော့် အရိပ်အကဲကိုကြည့်ကာ စိတ်လေးသွားကြဟန်တူသည်။

အမေက မဖြစ်နိုင်တော့ပြီမှန်းသိပါလျက် မျှော်လင့်ချက်ကို အကောင်းဆုံးထားလိုသေးသောစိတ်ဖြင့်

"ဘယ်လိုလဲ သား. . . အောင်တယ်မဟုတ်လား"

ဟု အားတင်းစုံစမ်းလေ၏။ ကိုယ်တိုင် မမေးမြန်းသော်လည်း ကြားရလိမ့်မည်ဟူသောအသိဖြင့် အဖေသည် ကျွန်တော့်နှုတ်ဖျားမှထွက်ပေါ်လာမည့်အဖြေကို စောင့်နေသည်။ ကျွန်တော် ဘာပြန်ပြောရမည်နည်း။ ကျွန်တော် နှုတ်မှဖွင့်ဟပြန်ကြားရန် ခွန်အားမရှိပါ။

ထို့ကြောင့် မင်နီဖြင့်ရေးထားသော F ကိုမြင်သာအောင် ပြရင်း ငွေသွင်းချလံလေးအား အဖေ့လက်ထဲထည့်ပေးလိုက်၏။ ငွေသွင်းချလံစာရွက်လေး၏နောက်ကျောအား အဖေရော၊ အမေပါ ခေါင်းချင်းဆိုင်ကြည့်လိုက်ကြပြီးနောက် မျက်နှာကိုယ်စီ ထိုင်းမှိုင်းသွားကြသည်။ နှုတ်ကတော့ ဘာမျှထွက်မလာကြပါ။

ကျွန်တော်လည်း ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်ရင်း ဆိတ်ဆိတ်နေကာ ကြေကွဲရှပ်ရှင်ရိုက်လိုက်သည်။

အမေက ကျွန်တော့်ကို ကရုဏာသက်စွာကြည့်ပြီးနောက် ဖခင်အား မေးဆတ်ပြ၏။ ဖခင်က ခေါင်းပြန်ညိတ်ပြ၏။ ထို့နောက် ကျွန်တော်မျှော်လင့်ထားသည်နှင့် လုံးဝကွဲလွဲစွာ ကျွန်တော့်ဘေးတွင် လာထိုင်ရင်း အားပေးနှစ်သိမ့်စကားပြော၏။

"ဒီမယ် သား. . မင်း ဘာမှစိတ်ဓာတ်ကျမနေနဲ့. . . ကျောင်းစာမေးပွဲကျတာ လူ့ဘဝရဲ့အရေးကြီးဆုံးတိုက်ပွဲကြီး ကျသွားတာမဟုတ်ဘူး. . . ကမ္ဘာ့ အအောင်မြင်အကျော်ကြားဆုံးပုဂ္ဂိုလ်တွေလည်း ကျရှုံးခြင်းနဲ့ကင်းလို့မရခဲ့ပါဘူးကွာ. . . ဒီလိုရှုံးနိမ့်မှုမှလည်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခြင်းရဲ့အရသာကို ခံစားလို့ပိုကောင်းတာကွ. . . အဖေ ယုံတယ်. . . ငါ့သားဟာ ဒီကျရှုံးမှုတွေကရုန်းထွက်ပြီး ထူးခြားတဲ့ အောင်မြင်မှုတွေကို ရယူနိုင်လိမ့်မယ်ဆိုတာ"

ကျွန်တော် ခေါင်းလည်းမညိတ်။ ခေါင်းလည်း မခါ။ သည် အတိုင်း ငေါင်းစင်းစင်းကြီးသာနေ၏။ မိခင်က

"ကဲ အစ်ကို. . . သားလေးလည်း ဗိုက်ဆာနေရောပေါ့. . . ဘယ်အချိန်ရှိနေပြီလဲ. . . ထမင်းစားဖို့ ခေါ်လာခဲ့ပါ. . . ကဲ လာ. . သား. . . ဘာမှအားငယ်မနေနဲ့. . . ထမင်းလာစားလိုက်ဦး. . . အမေ သားကြိုက်တတ်တဲ့ဟင်းတွေ ချက်ထားပေးတယ်. . . လာ လာ"

ထမင်း၊ ဟင်းတွေ ကပျာကယာခူးခပ်ပြီးသည်နှင့် အမေက ကျွန်တော့်ကို ထမင်းစားရန်ကြင်နာနူးညံ့စွာ ဖိတ်ခေါ်၏။ အဖေက လည်း ကျွန်တော့်လက်မောင်းကိုကိုင်ဆွဲထူပြီး ထမင်းဝိုင်းဆီခေါ်၏။ ထမင်းဝိုင်းဆီမရောက်ခင်လည်း စိတ်ပေါ့ပါးစရာတွေပြော၏။

"ကဲ သား. . စိတ်မှာ ဘာမှမတွေးနဲ့. . . အခု အားရှိအောင် ထမင်းအရင်စားလိုက်ဦး. . . ပြီးမှ နားချင်သလား နားလိုက်၊ ရုပ်ရှင် တွေဘာတွေ ကြည့်ချင်လား သွားကြည့်လိုက်. . . ဒါမှမဟုတ် သူငယ် ချင်းတွေဆီသွားပြီး သူတို့နဲ့ပျော်ပျော်ပါးပါးလျှောက်လည်ချင်လည်း လည်ပတ်လိုက်. . . နောက်ကိစ္စကို နောက်မှစဉ်းစားကြတာပေါ့ကွာ . . . မကောင်းဘူးလား"

ကျွန်တော် ကြေကွဲခံပြင်းစွာဖြင့် စားပွဲပေါ်မှ ငွေသွင်းဖြတ် ပိုင်းလေးအား စိုက်ကြည့်နေမိသည်။ မကြားတစ်ချက် ကြားတစ်ချက် စကားသံများအား ဂရုမထားမိဘဲ ငွေသွင်းချလံကိုသာ အသိမဲ့ ငေးစိုက်ကြည့်နေရာ စိုက်ကြည့်ရင်း၊ စိုက်ကြည့်ရင်း အာရုံက တစ်မျိုး တစ်မည်ခံစားလာရသည်။ ငွေသွင်းချလံအား အလျင်အမြန်ပြန် ကောက်ယူရင်း စာရွက်ဟိုဘက်သည်ဘက်ကို အထပ်ထပ်အခါခါ ပြန်လှန်စစ်ဆေးကြည့်မိသည်။

တစ်ခုခုလွဲချော်နေသည်ကို သတိထားမိကာ ရင်ဟာဒိတ်ဒိတ်



www.burmeseclassic.com

www.burmeseclassic.com



ခုန်လာ၏။ ငွေသွင်းချလံ၏နောက်ကျောဘက် စာမျက်နှာအလွတ် ထိပ်နားတွင် အအောင်/အရှုံးကို ရေးရမည့်အစား အောက်ခြေထိပ်နားတွင် F ဆိုပြီးရေးထားသဖြင့် ဖောက်ထိုးကြီးဖြစ်နေသည်။ ရုတ်တရက်ဆိုလျှင် သတိမထားမိ။ ကျွန်တော် ငွေသွင်းချလံကို အတည့်အနေအထားအတိုင်းထားပြီးမှ နောက်ကျော ဘက်ကို ပြန်လှန်ကာ သေချာစစ်ဆေးကြည့်၏။ မင်အပြာဖြင့်ရေး ထားသော "P" ဆိုတာကို မှိန်ပျပျလေးတွေ့ရ၏။

"ဟော့. . အောင်ပြီကွ အောင်ပြီ . . အဖေရေ. . အဖေ့သား စာမေးပွဲအောင်ပြီဗျ"

ကျွန်တော် ဝမ်းသာလွန်းသဖြင့် လက်သီးလက်မောင်းတန်း အော်ဟစ်မြူးမိတော့သည်။

ကျွန်တော် ရုတ်တရက်အော်ဟစ်ရယ်မောရင်း မြူးတူးပြသဖြင့် အဖေရော၊ အမေပါ ကြောင်သွားကြသည်။ စိတ်များဖောက်သွားလေသလားဟု တွေးမိကြမည်ထင်၏။

ကျွန်တော်လည်း မျက်နှာပိုးကိုကြိုးစားသတ်ထားသော ပြုံးစိစိမျက်နှာဖြင့် စာမေးပွဲအောင်ပါကြောင်းပြောပြရသည်။

"အဖေရေ. . အမေ. . . သား. . သား စာမေးပွဲမကျဘူး . . . အောင်တယ်ဗျ. . . အောင်တယ်. . . ဒီမှာကြည့်. . . တွေ့လား . . . P ဆိုတာလေးကိုလေ"

မယုံချင်ကြ။ သို့ပေမယ့် ပျော်ရိပ်တွေသန်းလာကြသည်။ P ဟူသည့် မှိန်ပျပျစာလုံးပြာပြာလေးကို မြင်သာအောင် အသေအချာ ပြရသည်။ အမေ့ မျက်နှာကြီး ပီပီသသပြုံးလာသကဲ့သို့ အဖေသည် လည်း. . အဖေသည်လည်း. . .

"ခွေးကောင်. . နောက်စရာရှားလို့ လူကြီးမိဘတွေကို လာ နောက်ရလား. . . မိဘကို မင်းသူငယ်ချင်းများအောက်မေ့နေသလား . . . လူကြီးမိဘကို ဂါရဝထား လေးစားရမယ်ဆိုတာကို မသိတဲ့ ကောင်. . မင်းကို ဒီနေ့မှမဆုံးမရရင် ငါမကျေနပ်ဘူးဟေ့"



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကပြောလည်းပြော လက်ကလည်း တံမြက်စည်းတစ်ချောင်းကိုလှမ်းဆွဲကာ လိုက်ရိုက်လေသဖြင့် ကျွန်တော်လည်း 'ပြေးနိုင်မှလွတ်မယ်'ဆိုသည်ကို နှလုံးသွင်းခဲ့ရလေတော့သည်။

ကျွန်တော် အိမ်အပြင်သို့ ကမျောသောပါးပြေးထွက်လာသည်ကိုကြည့်ပြီး ဝင်းကျော်က

"ဘာဖြစ်လို့လဲ"

ဟုစုံစမ်းရာ ကျွန်တော်က

"စာမေးပွဲအောင်လို့တဲ့လေ"

ဟုဖြေလိုက်ရာ ဝင်းကျော်ကြောင်သွား၏။

ပြီးတော့ အကြောင်းမသိဘဲ

"အေးကွာ. . ခေတ်ကာလမိဘတွေက ပညာထူးချွန်တဲ့သူတွေကို မြှောက်စားရမှန်းမသိဘဲ ဖိနှိပ်လာကြပြီ. . . ငါဆိုလည်း ဘွဲ့ရအောင်ကြိုးစားပြပေမယ့် သူတို့ကတိထားခဲ့တဲ့အတိုင်း မိန်းမပေးစားရမယ့်ဟာ မပေးစားတဲ့အပြင် မုန့်ဖိုးလေးတောင် လက်ဖြန့်တောင်းခွင့် မရှိတော့ဘူးတဲ့လေ. . . ဟော . . ခု မင်းကျတော့လည်း စာမေးပွဲအောင်လို့ လိုက်ရိုက်သတဲ့. . . ဩော်. . လောက လောက . . . ဘာတွေများဖြစ်ကုန်ပြီလဲ"

ဝင်းကျော် ရေရွတ်ခေါင်းခါရင်း နေရာမှလေးကန်စွာထွက်ခွာသွားသည်ကိုကြည့်ပြီး ကျွန်တော်ကြိတ်ရယ်လိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

-၇-

အောင်ခင်တို့အုပ်စု မိန်းထဲရှိ ဦးချစ်လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြောင်း သတင်းရသဖြင့် ကျွန်တော်လည်း RC (2) သို့ တန်းမသွားသေးဘဲ သည်ကောင်တွေရှိရာ ဦးချစ်ဆိုင်သို့လိုက်သွား လိုက်သည်။

"ဝါး ဟား ဟား ဟား"

ဦးချစ်ဆိုင်အနီးသို့မရောက်ခင်ကပင် သည်ကောင်တွေအဖွဲ့၏ရယ်သံကြီးက အနီးဝန်းကျင်ကိုရယ်တဲ့မှ အားမနာလျှာမကျိုးဘဲ ဝေါခနဲလျှံထွက်လာသည်။

ဧကန္တ ကျွန်တော့်ကို အရှုးဝိုင်းလုပ်လိုက်ကြသည့်ကိစ္စကို အရသာခံပြန်ပြောပြီး ဝိုင်းဟားနေကြခြင်းသာဖြစ်ရမည်ဟု ကျွန်တော် သေချာပေါက်တွက်ချက်မိသည်။ အစအနောက်သန်သော ကျွန်တော့် ကြောင့် သူတို့ခံစားခဲ့ရသမျှ အတိုးရောအရင်းပါပေါင်းပြီး ပိပိရိရိ ဝိုင်းနှိပ်ကွပ်ခွင့်ရလိုက်သည့်အတွက် သူတို့အဖို့ အရသာ တွေ့မည်ဆိုလည်း တွေ့စရာရယ်ပါ။

သည်ကောင်တွေ သည်လိုစိတ်ကူးရပုံကို ကျွန်တော်လည်း ချီးကျူးဘဲမနေနိုင်ပါ။ တကယ်တမ်းလည်း ကျွန်တော့်တစ်သက် တစ်ကိုယ် သည်လိုကမ္ဘာပျက်မတတ် အီစိမ့်နေအောင် ခံစားလိုက် ရတာမျိုးမှ မရှိဖူးပါဘဲလေ။



www.burmeseclassic.com

 www.burmeseclassic.com 

"ဟား ဟား. . . ကဲ ပြောစမ်းပါဦး. . . ဒီအကြံကို ဘယ်သူ စရတာလဲ. . . ဟော်ဒီက ဉာဏ်ကြီးရှင်အီစကို စရတာလေကွာ မဟုတ်ဘူးလား. . ဟား ဟား"

ကျက်မိနေသော စုတ်ချွန်း၏အသံက ကျွန်တော့်နားထဲသို့ တန်းတန်းမတ်မတ်ရောက်လာသည်။

"အေးပါ ဟုတ်ပါတယ်. . . ဒါပေမဲ့ တို့ကံကောင်းတာလည်း ပါတယ်ကွ. . . ဒီကောင် ခေတ်ကောင်းက အောင်စာရင်းလာထုတ် ရမယ့်နေ့ကျမှ စောစောရောက်မလာဘဲ နောက်ကျနေတာကိုးကွ"

ငွေဝင်း၏အသံမှန်း ကျွန်တော်သိလိုက်ရသည်။ နေနှင့်ကြ ဦးပေါ့ကွာဟု ကျွန်တော်ကြိတ်ပြုံးလိုက်စဉ်မှာပင် သစ်လွင်ဦး၏အသံ က ထွက်ပေါ်လာပြန်သည်။

"အေးပေါ့ကွ. . . ဒါကြောင့်လည်း တို့တတွေကျောင်းသား ရေးရာမှာ ဒီကောင်နဲ့ပုံမှားရိုက်ပြီး. . . ဒီကောင့်ချလံကို အလွယ် တကူထုတ်ယူနိုင်လိုက်တာပေါ့"

"ဘာပဲပြောပြော. . . တို့ကို တစ်သက်လုံးဒုက္ခပေးလာတဲ့ ခေတ်ကောင်းဆိုတဲ့ကောင်. . . ဒီတစ်ခါက် တို့တွေပေါင်းပြီး ပညာ ပြန်ပေးလိုက်တာ တစ်ချက်တည်းနဲ့ အသက်ထွက်သွားမလား အောက် မေ့ရတယ်. . . မျောက်မှိုင်လေးကို မှိုင်လို့"

"ဟား ဟား ဟား ဟား"

"ဟုတ်ပါ့ကွာ. . . သနားဖို့တောင် ကောင်းသေးတော့တယ်"

"ဟား ဟား ဟား"

မျောက်တစ်ကောင်လို မျက်နှာလေးမဲ့ပြီး ဟန်ပါပါပြော လိုက်သော စိုးအောင်စကားကြောင့် အားလုံးပွဲကျကုန်ကြပြန်သည်။

"အမှန်က ဒီကောင့်ကိုအဖြစ်မှန်ကို မြန်မြန်ဆန်ဆန် ပေးမသိ ဘဲ လေး၊ ငါး၊ ဆယ်ရက်လောက် ဒီအတိုင်းလွှတ်ပေးထားရမှာ. . . ဒါမှ ဒီကောင်မှတ်မှာ"

"အေးကွ ဟုတ်တယ်. . . ဒီကောင် စာမေးပွဲအောင်ပါလျက်

နဲ့ ကျတယ်ဆိုပြီး တို့က မင်နီနဲ့ 'F' လို့ပြင်ရေးထားတာ ဘယ်လိုက ဘယ်လိုသိသွားတာလဲ မသိဘူး"

သည်လောက်မေတ္တာထားရတာတောင် ရောင့်ရဲနိုင်သေး ဟန်မတူသော လေသံဖြင့်ပြောဆိုနေသည့် ဌေးဝင်းနှင့်စောသိန်း အောင်ကို ကျွန်တော်အသံတိတ်ဆဲရေးလိုက်သည်။ ကျွန်တော် သူတို့ အနီးသို့ ရောက်လုနေပြီဖြစ်သည့်တိုင် အားရတက်ကြွမှုလွန်ကဲလျက် ကျွန်တော့်အား သတိထားမိသေးဟန်မတူ။

"အေး. . အဲဒါ. . P ဆိုတဲ့စာလုံးကို မင်းပဲ ခဲဖျက်နဲ့ဖျက် တာလေ. . . . မင်းဖျက်တာနဲ့သသပ်လို့ ဒီကောင် ဒီလောက်မြန်မြန် ဆန်ဆန်ရိပ်မိသွားတာနေမှာပေါ့. . စောသိန်းအောင် ကောင်စုတ်ရဲ့"

"အိုကွာ. . . ဒီကောင် ဒီလိုမြန်မြန်သိသွားတာလည်း ကောင်းပါတယ်. . . အဲဒီလိုမဟုတ်ရင် မင်းတို့ကောင် ခံစားရလွန်း လို့ ရင်ကွဲနာကျပြီး လျှောဘရားသားပြသွားမှဖြင့် တို့တွေလည်း ခုလို မရယ်နိုင်ဘဲ ဒီကောင့်အလောင်းကိုကြည့်ပြီး ငိုနေကြရမှာ သေချာ တယ်"

"ဘယ်လိုငိုမှာလဲ. . . ပျော်တယ်ဟေ့ ပျော်တယ်ဆိုပြီးတော့ လား"

"အေးကွ. . . ငိုတာ ပိုပြီးတော့ စည်းချက်ကျနသွားအောင် ဒိုးပတ်လေးပါ တစ်ခါတည်းထည့်လိုက်ကြတာပေါ့"

"ဟား ဟား. . ဟုတ်တယ်ကွ. . ကောင်းတယ်"

"အံမယ်. . . အဲဒါတောင် ဒီမသာကောင်က အမှတ်ရှိမယ့် ပုံမဟုတ်ဘူး. . . တို့ကို မခံချင်အောင် နောက်ပြောင်ချင်ဇောနဲ့ အခေါင်းထဲကထွက်လာပြီး ကွေးနေအောင် ကပြဦးမှာဗျား"

"သေချာတယ်. . သေချာတယ်. . ဟား ဟား"

"ဝါး ဟား ဟား ဟား"

ကျွန်တော် အနားရောက်နေတာတောင် ဂရုမပြုမိသည့် အပြင် ကျွန်တော့်ကိုတောင်သေခိုင်းပြီး ဝိုင်းဟားလို့ကောင်းနေကြ



www.burmeseclassic.com

www.burmeseclassic.com


သည့်ကောင်တွေကိုကြည့်ပြီး ကျွန်တော်လည်း သည်ကောင်တွေကို သည်အတိုင်း လွှတ်ထားလို့တော့မဖြစ်။ ကျောင်းမှန်းကန်မှန်း သိအောင်တော့ ပညာပေးရမည်ဟု ကျွန်တော်ကြိတ်ကြိမ်းဝါးလိုက်သည်။

ထို့ကြောင့် ကျွန်တော့်အကြံကို သည်ကောင်တွေ မရိပ်မိစေရန်အတွက် ယခု သူတို့ပြောသမျှကို ကျွန်တော်မကြားလိုက်သည့်ပုံစံဖမ်းပြီး ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်သည်။ တစ်လက်စတည်းမှာပင် ထိုင်ခုံမှာဝင်ထိုင်ရင်းနှင့် ခါးတို့လျှင်ယောင်တတ်သော အောင်ခင့်ခါးကို လှမ်းတို့လိုက်ရာ အောင်ခင်လည်း

"အလိုလေး. . . ထက်ထက်မိုးဦးနဲ့ ငါနဲ့ညား. . . ကလေးတစ်ဒါဇင်ဖွား"

ဟူ၍ ယောင်ပြောလေရာ အားလုံးအတောမသတ်ရယ်မိကြတော့သည်။

"ဝါး ဟား ဟား ဟား ဟား"

ရယ်သံများက နီးစပ်ရာဝိုင်းများကပါ ထွက်ပေါ်လာသဖြင့် အောင်ခင်လည်း ရှက်ကိုးရှက်ကန်းဖြစ်သွားလျက် ကျွန်တော့်ကို လှည့်ကြည့်ကာ ပါးစပ်လှုပ်ဆဲရေးသဖြင့် ကျွန်တော်အပါအဝင် အားလုံးရယ်မိကြသည်။ ရယ်သံတွေမစဲခင်မှာပင် စိုးအောင်က

"ဟင်း. . နည်းနည်းလေး နေသာထိုင်သာရှိလာတာနဲ့ ဇာတိပြလာပြီ"

ဟုဆိုသလို သစ်လွင်ဦးကလည်း

"အေးလေ. . သူ့အကြောင်းပြောနေတာ စကားတောင်မဆုံးသေးဘူး ရောက်လာပြီ. . . မသာ. . အသက်ရှည်ဦးမယ်"

ဟုဆိုသဖြင့် ကျွန်တော် မျက်ခုံးပင့်ပြရင်း

"ဟင်. . မင်းဟာကလဲ. . . မသာလို့လည်း ပြောသေးတယ် . . . အသက်လည်းရှည်ဦးမယ်ဆိုတော့ ဘယ်လိုကြီးလဲဟ"

"တခြားမဟုတ်ဘူးဟေ့. . . မသာသက်ရှည်မယ်လို့ပြော


www.burmeseclassic.com

တာ ရှင်းပြီလား. . . ဟား ဟား ဟား"

"ကဲပါကွာ. . မင်းတို့ကလဲ. . . အဲဒီလောက်ကြီးလည်း အူမြူးမနေကြပါနဲ့. . . မင်းတို့လုပ်ပုံနဲ့ နဂိုကတည်းက စာမေးပွဲကျလို့ စိတ်မကောင်းဖြစ်နေရတဲ့အထဲ မင်းတို့တွေက သူငယ်ချင်းချင်း အားပေးဖော်မရတဲ့အပြင် သူ့ကိုရှေ့ထားပြီး ပျော်ပါးဝါးလားလုပ်နေလို့ သူ့ခမျာ ပိုပြီးစိတ်မကောင်းဖြစ်နေပါဦးမယ်"

တသောသောထွက်ပေါ်နေသော ရယ်သံများလည်း အောင်ခင်၏စေတနာယောင်ဆောင်ထားသော စကားကြောင့် တိတ်သွားကြသည်။

အောင်ခင် သည်လိုပြောပြီဆိုကတည်းက ကျွန်တော့်ကို ဒီ့ထက်ပိုပြီးလှောင်ပြောင်ရယ်မောလို့ရအောင် ခြေဆင်းပျိုးလိုက်ခြင်းဆိုတာ ကျန်ကောင်တွေနည်းတူ ကျွန်တော်လည်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် အောင်ခင်မပြောခင် ကျွန်တော်က အမူအရာနှင့်တကွ လက်ဦးမှုရယူကာ ပြောလိုက်ရသည်။

"အေးကွာ. . မင်းတို့ပြောသလိုပဲ. . . ငါလည်း မင်းတို့ဒုက္ခရောက်ရပါစေရယ်ဆိုပြီး မရည်ရွယ်ခဲ့ပေမယ့် ဒုက္ခပေးသလိုဖြစ်သွားတဲ့ အမှားတစ်ခု အမှတ်တမဲ့ကျူးလွန်မိသွားလို့ စိတ်မကောင်းဖြစ်နေတာ"

"ဘာ. . ဘာဖြစ်လို့လဲ"

"ဟင်. . ဟုတ်လား. . . ဘာတွေလဲ"

အလေးအနက်ပြောလိုက်သော ကျွန်တော်စကားကြောင့် သည်ကောင်တွေ ကြွေမြေမရဖြစ်ကုန်ကြသည်။ ကျွန်တော် သူတို့ဒုက္ခရောက်ရာရောက်ကြောင်း ဘာတွေလုပ်လိုက်သလဲဆိုပြီး သိလိုစိတ်တွေ အလုအယက်ထွက်ပေါ်လာကြသည်။

ကျွန်တော်လည်း ချက်ချင်းပြောရန်ခက်ဟန်ဖြင့် ငုံ့ထားပြီး မသောက်ရသေးသော အောင်ခင့်ရှေ့မှရေနွေးခွက်ကိုလှမ်းယူကာ ရေနွေးတစ်ကျိုက်ခန့်သောက်လိုက်သေးသည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုကွာ . . ငါ့ငွေသွင်းချလံနောက်ကျောမှာ မင်အပြာနဲ့ ရေးထားတဲ့ P ဆိုတဲ့စာလုံးကို မင်းတို့က ခဲဖျက်နဲ့ဖျက်ပြီး မင်အနီနဲ့ F ဆိုပြီးရေးလိုက်ကြတယ်မဟုတ်လား"

"အဟီး . . . အဲဒါက . . တို့က မင်းကိုချစ်လို့စတာပါကွ . . . မင်းကလဲ"

"အေးပါ ဟုတ်ပါတယ် . . . မင်းတို့စမှန်း ငါလည်းသိပါတယ် . . . ဒါပေမဲ့ မင်းတို့စတာ ပီပြင်လွန်းအားကြီးတော့ ငါ့မှာ မင်အပြာနဲ့ ရေးထားတဲ့ P ဆိုတဲ့စာလုံးလေးကို အမှတ်တမဲ့ပြန်တွေ့တာတောင် အစစ်အမှန်မှဟုတ်ပါရဲ့လားဆိုပြီး သံသယဖြစ်သေးတာ"

ကျွန်တော်ပြောတာ နားထောင်ပြီး သည်ကောင်တွေပြုံးဖြီး ဖြီးကြီးတွေ ဖြစ်ကုန်ကြသည်။

သည်လိုအောင်မြင်မှုအတွက် သူတို့ကိုယ်သူတို့လည်း အတော်ဂုဏ်ယူသွားကြဟန်တူသည်။

သို့သော် ဆက်ပြောလိုက်သော ကျွန်တော့်စကားအဆုံးမှာတော့ သူတို့အားလုံး မျက်စိပျက်မျက်နှာပျက်ဖြစ်ကုန်ကြတော့သည်။

"အဲဒါနဲ့ ငါက . . ငါစာမေးပွဲ တကယ်မှအောင်ရဲ့လား . . . မင်းတို့ပြောသလိုပဲ ကျများကျနေသလားဆိုပြီး မော်ကွန်းထိန်းနဲ့သွားတွေ့ပြီး သေချာအောင်စုံစမ်းကြည့်လိုက်တာ . . . အဲဒီမှာ မော်ကွန်းထိန်းက ငါ့ချလံစာရွက်မှာ အောင်တဲ့အတွက် P လို့ ရေးထားတာကိုဖျက်ပြီး ကျတယ်ဆိုပြီး F လို့ပြောင်းရေးထားတာကိုကြည့်ပြီး ဒေါသထွက်တာမှ အသားတဆတ်ဆတ်တုန်တယ် . . . ဒါ နောက်စရာလား . . . လူကြီးက လက်နဲ့ရေးတာကို ခြေထောက်နဲ့ဖျက်ရကောင်းလား . . . ဘယ်လိုသတ္တိမျိုးနဲ့ အဲဒီလိုလုပ်ဝံ့တာလဲ . . . အဲဒီလို ငပေငတေ . . လူ့အနွံ့ . . ကြောင်သူတော် ကြွက်သူခိုး . . သားရေပေါ်အိပ် သားရေနားစား . . အနူလက်နဲ့ ရွှေခွက်နှိုက်တဲ့ စုန်းပြူးတွေက ဘယ်သူတွေလဲဆိုပြီးတော့ကိုမေးတာ"

"ဟင် . . မော် . . မော်ကွန်းထိန်းက အဲဒီလောက်တောင်


www.burmeseclassic.com

www.burmeseclassic.com

ဒေါသဖြစ်သွားတာလား"

"ဒါ. . ဒါပေမဲ့. . . မော်ကွန်းထိန်းက မော်တွန်းထိန်း တစ်ယောက်လုံးလုပ်နေပြီးမှ. . . အဲလောက်ကြီးတော့ မပြော လောက်ဘူးထင်ပါတယ် ခေတ်ကောင်းရာ"

"အေးလေ. . နည်းနည်းများ များနေသလားလို့"

"ဩော်. . မင်းတို့ကလဲ. . . မော်ကွန်းထိန်းက ပါးစပ်က တော့ ဘယ်ပြောပါ့မလဲ. . . ဒါပေမဲ့ အဲသလိုပစ်ပစ်ခါခါကြီးပြော ချင်နေတာ ငါကောင်းကောင်းရိပ်မိတာပေါ့. . . ဒါတောင် ငါအားနာ လို့ လျှော့ပြောထားတာ"

"ထားပါတော့လေ. . . အဲဒါနဲ့ မင်းက ဘာပြောလိုက်လဲ"

"အဲဒါပေါ့ကွာ. . ငါ စိတ်မကောင်းဖြစ်နေရတာ. . . တကယ်ဆို ငါလှိုးလှဲပြောလိုက်ဖို့ ကောင်းတယ်. . . မင်းတို့လုပ်တာပါ ပြောလိုက်မိဖို့ မကောင်းဘူး"

"ဟင်. . ဒါ. . ဒါဆို. . . "

"မင်း. . မင်း. . အဲဒီလိုပြောလိုက်တော့ မော်ကွန်းထိန်းက ဘာပြန်ပြောလဲ"

"ဟား. . ဘာပြောကောင်းမလဲ. . . အကြီးအကျယ်ကို ပေါက်ကွဲတာပေါ့ကွာ. . . ဒါ အကြီးမားဆုံးစည်းကမ်းဖောက်ဖျက် မှုပဲ. . . ဒါကြောင့် အဲဒီတက္ကသိုလ်ကျောင်းသားအရေခြုံထားတဲ့ ကလေကချေ. . . ရေမျောကမ်းတင်၊ အုတ်ကြားမြက်ပေါက်. . . မိမဆုံးမ ဖမဆုံးမ. . . အမျိုးကျက် အမျိုးစား ခေါင်းကျက် ခေါင်းစား . . . နောက်ပြီး ဘာတဲ့. . "

"ရ. . ရပါပြီကွာ. . . အဲလောက်ဆိုရင် ငါတို့ကို ဘယ် လောက်တောင်ဆက်ပြီး မြှောက်ပင့်ပြောဆိုဦးမယ်ဆိုတာ သိနေပါပြီ . . . ဒါကြောင့် အဲဒီဂုဏ်ပုဒ်တွေမပါဘဲနဲ့ လိုရင်းကိုသာပြောပါ တော့ကွာ"

"အေးလေ. . . မင်းတို့ကိုယ် မင်းတို့ ဘာတွေဆိုတာသိပြီး


www.burmeseclassic.com

သွားဆိုရင်လည်း ငါ့သဘောနဲ့ငါ အဲဒီဂုဏ်ပုဒ်တွေကိုကျော်ပြီး လိုရင်းပဲ ပြောပ့ါမယ်. . . လိုရင်းကတော့ မော်ကွန်းထိန်းက သူကိုယ်တိုင်ရေးထားတဲ့အောင်စာရင်းကို မနေနိုင်မထိုင်နိုင် လက်ကမြင်းကြောထ နောက်ပြောင်ဖျက်ဆီးပြီး ပြင်ရေးဝံ့တဲ့ကောင်တွေကို သူ့ရှေ့ရောက်အောင်ခေါ်ခဲ့ . . . တကယ်လို့ ခေါ်လို့မရဘူးဆိုရင်လည်း နာမည်နဲ့ ခုံနံပါတ်ရေးပြီး သူ့ဆီလာပို့တဲ့"

"သူ. . သူက အဲဒါဘာလုပ်မလို့လဲ"

"အရေးယူမလို့တဲ့"

"ဘယ်. . ဘယ်လို အရေးယူမှာလဲ"

"အမိကတရားခံကို ကျောင်းကရာသက်ပန်ထုတ်ပစ်ပြီး ကြံရာပါတွေ၊ ကူညီအားပေးတွေကိုတော့ အနည်းဆုံး နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် ကျောင်းတက်ခွင့်ပိတ်မယ်တဲ့"

"ဟင်"

"ဟေ"

"ဟာ"

"ဘုရားရေ"

သည်ကောင်တွေ ကျွန်တော့်စကားနားထောင်ပြီး မျက်နှာလေးတွေပိစိကွေးကုန်ကာ လဲကျမတတ်ဖြစ်သွားကြသည်မှာ ရယ်ချင်စရာ အတော်ကောင်းသည်။ သို့ပေမဲ့ ကျွန်တော်မှင်သေသေဖြင့်

"ဆောရီးပါကွာ. . . ငါလည်း မင်းတို့ကို အဲလိုဖြစ်ပါစေလို့ မရည်ရွယ်ပါဘူး. . . ငါ့ငွေသွင်းချလံနောက်ကျောမှာ ထင်ထင်ရှားရှားတွေ့ရတဲ့ F ဆိုတဲ့အနီရောင်အက္ခရာက အမှန်ပဲလား. . . မှိန်ပျပျလေးတွေ့ရတဲ့ P ဆိုတဲ့အပြာရောင်အက္ခရာက အမှန်ပဲလားဆိုတာကို ကွဲကွဲပြားပြားသိချင်လို့ တာဝန်ရှိတဲ့မော်ကွန်းထိန်းကို သဘောရိုးနဲ့ သွားမေးရုံသက်သက်ပါကွာ. . . ခုတော့ ကြည့်ပါဦး. . . စိတ်မကောင်းစရာတွေဖြစ်ကုန်ပြီ"

ဟူ၍ပြောရင်း သက်ပြင်းတစ်ချက်ရှိုက်ပြလိုက်သည်။ သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ မျောက်မှိုင်မှိုင်ရင်း ကျွန်တော့်ကိုကြည့်၏။ ပြီး သူတို့ အချင်းချင်းကြည့်၏။ စောစောက ဆူညံအော်ဟစ်နေသော စကားဝိုင်းနှင့် သိသာကွဲပြားစွာ တိတ်ဆိတ်ခြောက်ကပ်သွား၏။

သစ်လွင်ဦးက ခြောက်ကပ်သွားသော လည်ချောင်းကို ချောင်းဟန့်သံတစ်ချက် ကြိုးစားပမ်းစားပေးပြီးမှ

"အဟမ်း. . . မင်း. . . မင်းကွာ. . . အဲဒါများ ငါတို့ကိုလာမေးတာမဟုတ်ဘူးကွာ"

ဟု အပြစ်တင်လိုဟန်ဖြင့်ဆို၏။ ကျွန်တော်လည်း နှောင်တရဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး ဖြေရှင်းချက်ပေးလိုက်သည်။

"အေးလေ. . . ငါလည်း ပထမတော့ မင်းပြောသလိုစဉ်းစားပါသေးတယ်. . . ဒါပေမဲ့ မင်းတို့ဆီကကြားရမှာက နောက်တာလား၊ အတည်လားဆိုတာ ငါကလည်း ဘယ်သိနိုင်ပါ့မလဲဆိုပြီး တိကျသေချာတဲ့ မော်ကွန်းထိန်းဆီသွားတာပဲ ကောင်းပါတယ်လေလို့ ဆုံးဖြတ်လိုက်တာ. . . အင်း. . . ငါ့အမှားတွေပါပဲကွာ. . . အခုတော့ မင်းတို့မှာလည်း နေရင်းထိုင်ရင်း ကျောင်းထုတ်ခံရတဲ့ကောင်က ခံရ၊ ကျောင်းနားခံရတဲ့ကောင်က ခံရနဲ့. . . ငါက မင်းတို့နဲ့အတူ နောက်ဆုံးနှစ်အထိ တက္ကသိုလ်ကိုပျော်ပျော်ရွှင်ရွှင်တက်ပြီး ဘွဲ့နှင်းသဘင်ခန်းမထဲကို အတူတူလည်ပင်းဖက်ဝင် ဘွဲ့ယူမယ်လို့စဉ်းစားထားတာကွ . . . အခုတော့ ပြောရင်းပြောရင်းဝမ်းနည်းပြီး ငိုတောင်ငိုချင်လာပြီကွာ. . . ငါ့အပြစ်တွေပါ. . . ငါ့အပြစ်တွေပါ. . . ငါ့ကို ခွင့်လွှတ်ကြပါကွာ"

ကျွန်တော် စကားကိုရှည်လျားစွာပြောပြီးနောက် ထိခိုက်နာကျင်သွားဟန်ပြလိုက်ရာ သည်ကောင်တွေလည်း ရင်ခွင်တည့်တည့် မြားစူးဝင်သွားလျက် သူတို့ချစ်သောတက္ကသိုလ်ကျောင်းသားဘဝ ကို စွန့်လွှတ်ရပြီကောဟူသော ယူကြုံးမရစိတ်ဖြင့် ကိုယ်စီမျက်ရည်လေးတွေဝဲကုန်ကြသည်။

ကျွန်တော် သည်ကောင်တွေကိုဝေ့ကြည့် အကဲခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


နောက် ခေါင်းတခါခါပြုကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။ ပြီး

"အင်း ခက်တာပဲ. . . ဒီလို ကံဆိုးမိုးမှောင်ကျမှုကို မင်းတို့လည်း မကြုံချင်သလို ငါကလည်းဖန်တီးတဲ့လက်သည်မဖြစ်လိုပါဘူး. . . ဒါပေမဲ့ ခက်တာက မင်းတို့ကို မော်ကွန်းထိန်းဆီ ခေါ်မသွားနိုင်ရင်လည်း မင်းတို့ခုံနံပါတ်နဲ့နာမည်တွေ မော်ကွန်းထိန်းဆီပို့ရမယ်တဲ့. . . အဲလိုတစ်ခုမှမလုပ်ရင် မော်ကွန်းထိန်းက ငါ့ကိုအရေးယူမယ်လို့ အပြတ်ပြောပြီးသားကွ"

"ဟေ. . ဟုတ်လား"

"ဟင်. . ဒါ. . ဒါဆိုလည်း. . . ငါတို့ကို မော်ကွန်းထိန်းဆီ ခေါ်မသွားဘဲ မင်းပဲအနစ်နာခံလိုက်ပါလားကွာ"

"အေးလေကွာ. . ဟုတ်. . ဟုတ်သားပဲ. . . ကိုယ့်သူငယ်ချင်းတွေအတွက် မင်းဒီလောက်တော့ ရင်းသင့်ပါတယ်ကွာ"

"ဟုတ်ပါတယ်ကွာ. . . ငါဆို မိအိုဖအိုကြီးတွေနဲ့နေရတာပါ. . . ငါ့ရဲ့မိအိုဖအိုတွေခမျာမှာ ငါ့ကိုပညာတတ်ဘွဲ့ရတစ်ယောက်အဖြစ် မြင်တွေ့ချင်လွန်းအားကြီးလို့ မရှိရှိတဲ့ကြားက တက္ကသိုလ်ထားပေးရတာပါကွာ"

"ဟုတ်ပါတယ်ကွာ. . . ငါ့အမေဆိုလည်း သူ့ရဲ့ နာတာရှည်ရောဂါကြီးကိုကုရင် ကုန်မယ့်ပိုက်ဆံတွေနဲ့ ငါ့ကို တက္ကသိုလ်ပို့တာပါ. . . ဒါကြောင့် ငါ့ဘက်ကလည်း ကျေးဇူးပြန်သတိတတ်တဲ့အနေနဲ့ ဘွဲ့လေးတစ်ဘွဲ့တော့ ယူပါရစေကွာ. . နော်. . နော်. . လိမ္မာပါတယ်ကွာ. . . ငါ့သူငယ်ချင်းက ရုပ်ချောသလို စိတ်ထားကလည်းကောင်းဆိုတော့ ဘာမှကိုပြောစရာမလိုဘူး နော်. . နော်. . နော်လို့"

ကျွန်တော့်စကားကြောင့် သည်ကောင်တွေ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ မျှော်လင့်ချက်ဖြင့် မျက်လုံးတွေလည်း အရောင်တောက်လာကြသည်။ ကျွန်တော့်ကို ကယ်တင်ရှင်တစ်ယောက်လို အားကိုးတကြီးဖြင့် အပူကပ်လာကြသည်။

www.burmeseclassic.com


သူတို့အပူကပ်ပုံကလည်း တော်တော်တရားခံ၏။ သူ့ထက်ငါ ဇာတ်တွေအတင်းနာပြပြီး သူတို့ကတော့အပြစ်မှလွတ်ပြီး ကျွန်တော်ကျတော့ သူတို့အစားခံတဲ့လေ. . ကြည့်။

မျောက်မီးခဲကိုင်မိသလို ဖြစ်နေသော သည်ကောင်တွေကို ကြည့်ပြီး ကျွန်တော်ရယ်ချင်စိတ်ကို မြိုသိပ်ကာ လိုရင်းကိုဆက်ပြော၏။

"အေးလေ. . မင်းတို့က ဒီလောက်ပြောလာမှတော့ ငါဆိုတဲ့ကောင်ကလည်း သိတဲ့အတိုင်းပဲ"

"အေး. . အေးပါ. . သိပါတယ်ကွ"

"သိပ်သိတာပေါ့ သူငယ်ချင်းရာ"

ကျွန်တော်ကဖြင့် ဘာမှမပြောရသေး။ သူတို့က မျက်နှာလိုအားရဖြင့် ဘာတွေသိမှန်းမသိဘဲ အတင်းသိပြနေကြသည်။ ကျွန်တော် အားလုံးကိုကြည့်ရင်း

"ငါဆိုတဲ့ကောင်က ဒေါ်လာမလိုဘူး. . ဘော်ဒါပဲလိုတယ်ဆိုတဲ့လူစား. . . ဒါကြောင့် ဘော်ဒါတွေအတွက်ဆိုရင် ငါ့ဘဝကိုရင်းပစ်ဖို့ နည်းနည်းလေးမှ ဝန်လေးတဲ့ကောင်မဟုတ်ဘူး"

"အေးပါကွာ. . . လေးစားပါတယ် သူငယ်ချင်းရာ"

"ဒါကြောင့်. . . ဒီကိစ္စကို ငါ့ဘာသာ တာဝန်ယူဖြေရှင်းလိုက်ပါ့မယ်. . . ဒါပေမဲ့ တစ်ခုပဲ. . . မင်းတို့ဘက်က မင်းတို့ငါ့ကိုနောက်ပြောင်မိတာ မှားတယ်ဆိုတဲ့အကြောင်း လူသိရှင်ကြား ဝန်ချတောင်းပန်"

"ဩော်. . အေး. . ဘာများလဲလို့. . . ဒါလောက်တော့ လုပ်ပေးရမှာပေါ့"

"အေးကွာ. . တောင်းပန်ပါတယ် သူငယ်ချင်းရာ"

"ဟုတ်ပါတယ်ကွာ. . . ငါတို့မှားသွားပါတယ်"

ကျွန်တော်စကားမှ မဆုံးသေး။ သည်ကောင်တွေက အလုအယက်တောင်းပန်ကုန်ကြသည်။ ကျွန်တော်လက်ကာပြလျက်


www.burmeseclassic.com

www.burmeseclassic.com


"ခဏလေး ခဏလေး. . . ငါပြောတာ ပါးစပ်နဲ့တောင်းပန်ရုံသက်သက်ပြောတာ မဟုတ်ဘူး. . . လက်အုပ်ချီထိုင်ကန်တော့ပြီးမှ တောင်းပန်ဖို့ပြောတာ"

"ဟင်. . ဘာရယ်"

"ဘယ်လို"

"လက်အုပ်ချီ ထိုင်ကန်တော့ရမယ် ဟုတ်လား"

"ဟာ. . ဒါတော့ မဖြစ်ဘူးထင်တယ်"

တောင်းပန်တာ ဘာများခက်လို့လဲဟု သဘောထားနေကြသော သကောင့်သားတွေလည်း ကျွန်တော်တောင်းဆိုလိုက်သော တောင်းပန်မှုပုံစံကြောင့် မျက်လုံးပြူး မျက်ဆံပြူးဖြင့် ငြင်းဆန်လိုဟန်ပြကြသည်။ ထို့ကြောင့် ကျွန်တော်လည်း နေရာမှဆတ်ခနဲထပြီး

"ကောင်းပြီလေ. . . ကိုယ့်ကျေးဇူးရှင်ကို ကိုယ် ဒီလောက်ပါးပါးလေးကျေးဇူးတင်ကြောင်း ပြရမှာရှက်နေရင်လည်း နေပေါ့. . . ငါကတော့ အခုပဲ မော်ကွန်းထိန်းနဲ့ သွားတွေ့လိုက်တော့မယ်"

ဟု ဟန်ရေးပြလိုက်ရာ သည်ကောင်တွေ ပျာပျာသလဲ ထိုင်ခုံပေါ်မှဆင်းကာ မြေကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီတောင်းပန်ကြလေသည်။

"ကျေးဇူးရှင် ကိုခေတ်ကောင်းကို. . . ဟောဒီက အမိုက်အမဲလေးများက ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားစော်ကားမိတာရှိရင် ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်"

"အိမ်း. . ကောင်းလေစွ ကောင်းလေစွ. . . ခုလို ကိုယ့်အမှားကိုယ်သိပြီး လက်အုပ်ချီကန်တော့တောင်းပန်တယ်ဆိုမှတော့ . . . ကိုယ့်လိုမြင့်မြတ်နှလုံးသားပိုင်ရှင် ရုပ်ချောသဘောကောင်း. . . တစ်ခေတ်မှာတစ်ယောက်ဆိုသလို တစ်မိပေါက်တစ်ယောက်ထွန်းတဲ့ ကြီးကျယ် ခမ်းနားထည်ဝါလှတဲ့ အာဇာနည်ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်အနေနဲ့ မင်းတို့လို ကျွန်စုတ်တဲ့သရေစော် လောက်မှ မပြောင်ရောင်. . စိန္တမာဏ အဇာတသတ်နဲ့ ဒေဝဒတ်တို့ရဲ့


www.burmeseclassic.com

www.burmeseclassic.com

ယုတ်ညံ့တဲ့စိတ်ဓာတ် ကို အမွေဆက်ခံပြီး သေးနုတ်သိမ်ချင်းစွာ လီဆည်လုပ်ကြံကြပေမယ့် အပြစ်မယူဘဲ ခွင့်လွှတ်ပေးပါတယ်. . . တဲ ကဲ. . အားလုံးပဲ. . . စိတ်မကောင်းဖြစ်မနေကြနဲ့တော့. . . လက်အုပ်ချီကန်တော့ပြီးရင် ငါအားပေးထားတဲ့မုန့်နဲ့ လက်ဖက်ရည်ဖိုး ရှင်းပေးလိုက်ကြတော့. . . အတန်းတက်ချိန် နီးနေပြီ. . . ကိုယ့်ကျောင်းကိုယ်ပြန်ကြရအောင်"

"ဟင်. . ဘာမှလဲ မဆိုင်. . . ဩော်. . ဆိုင်. . ဆိုင်တာပေါ့ အဟင်း"

"ဟုတ်. . ဟုတ်"

"ကျေး. . ကျေးဇူးတင်ပါတယ် ခင်ညာ"

သည်ကောင်တွေ ခွင့်လွှတ်တာနဲ့မကာမိအောင် ခိုင်းနှိုင်း ပြောဆိုလိုက်သော ကျွန်တော့်စကားကြောင့် အောင့်သက်သက်ဖြစ် ရပါသော်လည်း အကြောင်းကြောင်းကြောင့် ကျွန်တော်ပြောတာ မနာနိုင်ဘဲ မလွှဲသာ၊ မရှောင်သာ မျက်နှာကြီးတွေကို အတင်းပြုံးပြထား ကြသည်။

ပြီးတော့ ကျွန်တော်တို့ကို အထူးအဆန်းလုပ်ပြီး ဝိုင်းအုံ ကြည့်ရှုရယ်မောနေကြသော အနီးရှိကျောင်းသားကျောင်းသူများကို သည်ကောင်တွေ သတိထားမိသွားကြရင်း အိုးတိုးအမ်းတမ်းဖြစ်ကုန် ကြလျက် တွေ့သမျှလူတွေကို သွားကြီးတွေအဖြီးသားနှင့် ရယ်ပြ ကြလေသည်။ ရှက်လို့ပဲ ရှက်ရယ်ရယ်ကြသည်လား၊ အရှက်မရှိလို့ပဲ မျက်နှာပြောင်တိုက်ပြနေကြသည်လား မပြောတတ်။

"အဟင်း ဟင်း. . ဟင်း ဟင်း"

"အဟဲ. . ဟဲ ဟဲ"

"အဟီး"

➢ ♠ ≺

www.burmeseclassic.com

## —၈—

သည်ကနေ့ ကျွန်တော် အိမ်ကတယ်လီဖုန်းဘီလ်ဆောင်ခိုင်းလိုက်သည့်ကိစ္စကို သွားရောက်ဆောင်ရွက်နေရသဖြင့် ကျောင်းတက်ချိန် အနည်းငယ်နောက်ကျရသည်။ ထိုသို့ ကျောင်းချိန်နောက်ကျရခြင်းကပဲ အောင်ခင်အတွက် ကံဆိုးသလိုဖြစ်သွားရပေသည်။

ကျွန်တော်စီးနင်းလာသော အမြန်ယာဉ်ငယ်လေး မာလာဆောင်ကားဂိတ်သို့ ဆိုက်အရောက်တွင် ကားပေါ်သို့တက်လာသော အောင်ခင်ကိုတွေ့လိုက်ရသဖြင့် ကျွန်တော်လည်းဝမ်းသာပြီး လှမ်းခေါ်ဖို့ ပါးစပ်ပြင်လိုက်သည်။

သို့သော် ကနေ့အောင်ခင်သည် ယခင်နေ့များကအောင်ခင်နှင့် လားလားမျှမသက်ဆိုင်ဘဲ တောက်ပဝင့်ကြွားလွန်းလှချေသည်။ ဂျင်းဘောင်းဘီ တီရှပ်နှင့် ဝေါကင်းရှူးအားလုံး အသစ်တွေချည်း ဆင်ထားသည့်အပြင် အမျိုးအမည် ခွဲခြားရခက်ခဲသည့် ထူးဆန်းလှသော မျက်မှန်နက်ကြီးကိုလည်း အပီတပ်ထားသေးသည်။ ထို့ပြင်တစ်ဝ လက်တစ်ဖက်ကလည်း ကောင်မလေးတစ်ယောက်၏လက်ကို ဆွဲထားသေးသည်။ ကြည့်ရတာ သူပြောပြောနေသည့် နယ်ကသူ့ရည်းစားလေး ရန်ကုန်ရောက်ခိုက်၊ ကျွန်တော်တို့ သူငယ်ချင်းတွေကို သက်သက်ကြွားဖို့ခေါ်လာတာပဲဖြစ်ရမည်။

ဘာပဲပြောပြော သည်ကနေ့၊ သည်အချိန်မှာ အောင်ခင်



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက် မည်သူ့ကိုမျှဂရုထားမိလိမ့်မည် မဟုတ်။ သူ့ကိုသာ အားလုံးက ဂရုထားကြည့်နေကြလိမ့်မည်ဟူသောအတွေးဖြင့် အောင်ခင်တစ်ယောက် ဘဝင်မြင့်ခွင့်ရတိုင်းမြင့်ပြီး ဂုဏ်တွေလှိမ့်ယူနေမည်ဆိုတာ ဆင်ခြင်မိလျက် ကျွန်တော်လည်း ကျွန်တော့်ပါးစပ်ကို အချိန်မီဘရိတ်အုပ်လိုက်ရသည်။

အောင်ခင်ကား တစ်ယောက်အကျော်မှာထိုင်နေသော ကျွန်တော့်ကို လုံးဝသတိမပြုမိဘဲ သူ့ကောင်မလေးနားနားကိုသာ ကပ်ပြီး တိုးတိုး တိုးတိုးနှင့် စကားတွေမနားတမ်းပြောကာ အလွမ်းသယ်ကောင်းနေသည်ကိုတွေ့ရသည်။ ကျွန်တော်လည်း ရယ်ချင်ပြုံးချင်မျက်နှာဖြင့် အောင်ခင့်ကို မသိမသာအကဲခတ်ကာလိုက်ပါလာရသည်။

သည်လိုနှင့် ကားက တံတားဖြူမှတ်တိုင်ရောက်လာသည်။ လူအချို့ဆင်းပြီးသည်နှင့် တွေ့မြင်မိသူ မည်သူမဆို ဘယ်လိုမှမမြင်ချင်ယောင်ဆောင်၍မရနိုင်လောက်အောင် အဆင့်မြင့်မြင့်လှပသူလေးတစ်ဦး ကားပေါ်တက်လာ၏။ ပြေပြစ်ရှင်းကျော့သောခန္ဓာကိုယ်နှင့် လိုက်ဖက်ညီစွာ မြန်မာဆန်ဆန်လေးဝတ်ဆင်ထားသည်ဖြစ်ရာ ကျွန်တော်အပါအဝင် ကားပေါ်ရှိယောကျ်ား၊ မိန်းမမရွေးသူမ၏ တော်ဝင်သောအလှတရား၏ဆွဲဆောင်မှုတွင် နစ်မြောသွားကြသည်။

ကေန်မုချ ကျောင်းသူတစ်ယောက်ပဲဖြစ်ရပေမည်ဟု ကျွန်တော်တွေးတောသုံးသပ်နေဆဲမှာပင် အလယ်ခုံတွင် ကတ်သီးကတ်သပ်ထိုင်ရသဖြင့် အဆင်မပြေဖြစ်နေဟန်တူသော သူမ၏အခက်အခဲကိုမကြည့်ရက်၍ ဘေးခုံမှကျောင်းသားတစ်ဦးက မျက်နှာလိုမျက်နှာရလုပ်ပြီး နေရာဖယ်ပေးသလို။ စပယ်ယာကလည်း ထူးထူးခြားခြားသဘောကောင်းပြီး ကားခမတောင်း။ သူကလေးမှာ လှမ်းပေးနေတာတောင် ကားခယူရမှာအားနာဟန်ဖြင့် မမြင်ချင်ယောင်ဆောင်နေသည်။ ကျန်ငနဲများကလည်း ကွက်ကြည့်ကွက်ကြည့်

www.burmeseclassic.com


ဖြင့် သူကလေး၏အလှကို အသိအမှတ်ပြု ခံစားနေကြသည်။

သည်ထဲမှာ အားလုံးနှင့်မတူဘဲ ကွန္ဒြေရနေသူကတော့ အောင်ခင်ပဲဖြစ်သည်။

မိန်းမချောလေးများနှင့်ပတ်သက်လာလျှင် သိသိ၊ မသိသိ ဝန်တိုတတ်သော မယုံသင်္ကာတတ်သော မိန်းမတို့၏ သဘာဝအတိုင်း အောင်ခင်၏ရည်းစားမလေးက အောင်ခင့်ကို ငဲ့ စောင်းအကဲခတ်၏။

အောင်ခင်ကား သူ့ရှေ့မှာ လူတကာငေးမောသမှုပြုရသော မချောလေးကို ရှိသည်လို့မှအောက်မေ့ဟန်မတူဘဲ ရုပ်တည်ကြီးနှင့် ခန့်ခန့်ကြီးနေချေ၏။ အောင်ခင့်ရည်းစားလေး ကျေနပ်သွားသည်။ သည်တစ်သက်မှာ သည်တစ်ယောက်ကလွဲရင် ဖွဲနဲ့ဆန်ကွဲသာ သတ်မှတ်သည်ဆိုသော အောင်ခင့်စကား သွေးထွက်အောင်မှန်စွ ဆိုတာ အပြောမဟုတ် လက်တွေ့ဖြစ်သည်ဆိုသောအတွေးဖြင့် ရည်းစားလေးကျေနပ်သွားသည်။ သူ့ကိုယ်သူလည်း ချစ်သူရ ကံကောင်းသည်။ လူရွေးမှန်ခဲ့သည်ဟူ၍ ချစ်စိတ်ပိုလာလျက် အောင်ခင့်ပခုံးပေါ် ခေါင်းလေးမှီဖို့ပြင်လိုက်သည်။

တကယ်တော့ အောင်ခင်သည် မျက်မှန်နက်ကြီး အကာ အကွယ်ပြု၍ မျက်နှာချင်းဆိုင်ရှိမိန်းမချောလေးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်မှန်း အကြောင်းသိပီပီ ကျွန်တော်သိသည်။ ထို့ကြောင့် အောင်ခင်နှင့်ကျွန်တော်ကြားရှိ ခရီးသည်ကိုကျော်ပြီး အောင်ခင့်ခါးကို လက်ညှိုးဖြင့်လှမ်းတို့လိုက်သည်တွင် အောင်ခင် သည်း ခန္ဓာကိုယ် ရှေ့သို့ကိုင်းသွားလျက် မိန်းမချောလေး၏မျက်နှာ အနီးသို့ သူ့မျက်နှာကိုတိုးကပ်ကာ

"အလို. . မဟာဆန်သူလေး"

ဟူ၍ အားပါးတရရေရွတ်လေရာ ကားပေါ်ရှိသူအားလုံး ရှက်ရည်ထွက်မတတ် ရယ်မိကြတော့သည်။

"ဟား ဟား ဟား ဟား"

မရယ်နိုင်သူကတော့ ရည်းစားလေးပဲဖြစ်သည်။ မီးသည်ကြဲ၊


www.burmeseclassic.com

www.burmeseclassic.com

သည့်ဦးခေါင်းလေး အောင်ခင့်ပခုံးကိုမထိခင်မှာပဲ ဆတ်ခနဲပြန်ထောင်သွားရသည်။

ထို့အပြင် ကိုယ့်ရည်းစားဘေးနားမှာ တစ်ယောက်လုံးရှိတာတောင် မငဲ့ဘဲ ရှေ့ကမိန်းမချောလေးကိုမှ မျက်နှာနားကပ်ပြီး မဟာဆန်သူလေးဟုဆိုပြီး ပြောဆိုကာ ပြောင်ပြောင်တင်းတင်း ဘူးကြောထရဲလေခြင်းဟူ၍ ယူကြုံးမရစိတ်၊ ရှက်စိတ်တို့ဖြင့် အောင်ခင့်ကို ခါးကြောလိမ်ဆွဲပစ်လိုက်၏။

အောင်ခင်လည်း ရယ်သံများကြောင့် မိမိအသိမဲ့ပြုမိလိုက်သောအဖြစ်အပျက်ကို ဆင်ခြင်မိသွားလျက် သူ့ကိုခါးတို့သူ ကျွန်တော့်အားလှည့်ကြည့်ပြီး ရှက်ရမ်းရမ်းမည်ပြုစဉ်မှာပင် သူ့ရည်းစားက ခါးဆွဲလိမ်လိုက်ပြန်သဖြင့် နှုတ်မှ

"အလို. . မဟာဆန်သူလေးနဲ့ ငါနဲ့ညား. . . မင်းဘကြီးတဲ့မှလား"

ဟူ၍ ယောင်ထွက်သွားပြန်ရာ တစ်ကားလုံးပွဲကျသွားကြရပြန်သည်။

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

သည်လောက် ဟန့်နေသည့်ကြားက ပိုပိုဆိုးလာသည့် အောင်ခင့်ကြောင့် ရည်းစားလေးလည်း အရှက်သည်းသွားရလေသည်။ ထို့ကြောင့်

"ဟိတ်. . ကား ခဏရပ်ပေး. . . ဆင်းမယ်"

ဆိုပြီး ကားကိုအတင်းရပ်ခိုင်းကာ ကားပေါ်မှ စူစူဆောင့်ဆောင့်ဆင်းသွားလေသည်။ ထိုအခါ အောင်ခင်လည်း မနေသာတော့ဘဲ ကျွန်တော့်ကို ရှက်ရမ်းရမ်းမည့်အရေးကိုစွန့်လွှတ်ကာ ကားပေါ်မှ ဒရောသောပါးလိုက်ဆင်းရင်း ရည်းစားလေးကို လိုက်ချော့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


အောင်ခင်ကိုကြည့်ပြီး ကားပေါ်မှာတော့ ရယ်ပွဲဆက်လို့ ကောင်းတုန်းရှိသေးသည်။

အောင်ခင် အတိအလင်းမြှောက်ပင့်ပြောဆိုမှုကြောင့် တော်ဝင်သောအလှပိုင်ရှင် မိန်းမချောလေးလည်း ရှက်ပြုံးပြုံးရင်း ကျွန်တော့်ကိုကြည့်လေသည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ကိုယ်နှင့်ဘာမှမဆိုင်သလို မင်သေသေပဲ နေပြလိုက်ပါသည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

-၉-

"ဟိုက်. . ရှားပါး. . . တယ်ဟုတ်တဲ့ ငါပါလား"

ဟူ၍ ပြောယူရလောက်အောင် ဘဝင်တွေကလွတ်မြင့်ချင် စရာကောင်းနေသည်။

ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေရှိ အန်တီချစ် ဘူးသီးကြော် ဆိုင်တွင် သူငယ်ချင်းဌေးဝင်းနှင့်အတူ ဘူးသီးကြော်သုပ်စားနေရာမှ မယုံကြည်နိုင်ဖွယ်ကောင်းသောအခြေအနေကို ကျွန်တော်အရှင်လတ် လတ်ကြီး ကြုံတွေ့နေရသည်။

ကျွန်တော်တို့ ရှေ့တစ်ဝိုင်းကျော်မှ ရှင်းသန့်လှပလွန်းသော မိန်းမချောလေးတစ်ဦးက ကျွန်တော့်ကို လှမ်းလှမ်းကြည့်နေသည်။ ပြီးတော့ သူမ၏မျက်နှာပေါ်တွင်လည်း ကျွန်တော်နှင့်ရင်းနှီး ကျွမ်းဝင်လိုသော အပြုံးနုနုလေးကိုလည်း ကျွန်တော်သတိထားမိသေး သည်။ မြင်ဖူးသလိုလိုရှိသည်ဆိုပြီး စဉ်းစားကြည့်ရာ ဟိုတစ်လော တုန်းက အမြန်ယာဉ်ပေါ်တွင် ဆုံခဲ့ဖူးသည်ပဲ။

သည့်ထက်ရှင်းအောင်ဆိုလျှင် အောင်ခင်တစ်ယောက် ကျွန် တော်ခါးတို့လိုက်သဖြင့် သူ့နံဘေးမှရည်းစားတစ်ယောက်လုံးကိုမေ့ပြီး မောဆန်သူလေးဟု ယောင်ပြောဆိုရသည်အထိ လှချက်ကကမ်းဘုန် သူလေးပင်ဖြစ်သည်။

အစပထမတော့ သူမအာရုံစိုက်ရာသည် ကျွန်တော်မှဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလေစဟူ၍ သံသယဝင်ပြီး ဘေးဘီကိုမသိမသာ အကဲခတ်မိသေးသည်။

သေချာပါသည်။ သူမ၏အကြည့်သည် ကျွန်တော်မှလွဲ၍ အခြားဘယ်သူကောင့်သားထံကိုမှ မရစ်ဝဲဘူးဆိုတာ။ ဒါကို ဌေးဝင်းကိုယ်တိုင်ပင် သတိထားမိပြီး

"မင်းကို ခပ်မိုက်မိုက်ကြည်ပြာရောင်မလေး လှမ်းလှမ်းရှိုးနေတယ်ကွ. . သိလား"

ဟု တီးတိုးအသိပေးပြောဆိုသည်ကပင် ကျွန်တော့်ဘဝင်မြင့်လိုမှုကို ခိုင်မာစေလိုက်သည်။

သို့ပေမယ့် ကျွန်တော်က မထူးခြားဟန်ဖြင့်

"အေးဆေးနေစမ်းပါကွာ. . . အာရုံမနှောက်ချင်စမ်းပါနဲ့"

ဟူ၍ သူငယ်ချင်းအချင်းချင်း အမှတ်ကပ်ယူလိုက်၏။

ဌေးဝင်း ကျွန်တော့်ကိုလေးစားသွားဟန်တူပါသည်။ ဤရွှေ့ဤမျှချောမောလှပသော မိန်းကလေးတစ်ယောက်လုံးက ဣန္ဒြေမဆည်နိုင်လောက်အောင် အာရုံကျနေသည်ကိုသိသိကြီးနှင့် အရေးလုပ်ဖော်ပင်မရသည့် ကျွန်တော်၏တည်ငြိမ်ခန့်ညားမှုကို ဌေးဝင်းလက်ဖျားခါယူရပေပြီ။ ဌေးဝင်း ကြည်ပြာရောင်မလေးကို ထပ်မံအကဲခတ်ရင်း

"ဟိတ်ကောင်. . ကောင်မလေးအနေအထား ဘယ်လိုရှိတယ်ဆိုတာလည်း မသိဘဲနဲ့. . ငွတ်ကြီးဥပေကွာပြုမနေနဲ့ဦး. . . တစ်ချက်လောက်လည်း အကဲခတ်ကြည့်ပါဦး. . . တို့ရှေ့တစ်ဝိုင်းကျော်မှာ ထိုင်နေတယ်. . . ကြည်ပြာရောင် စပို့ရှပ်လေးနဲ့. . . မိုက်တာတော့ ရေရေလည်လည်မိုက်တယ်ကွ"

ဟူ၍ ပြောဆိုတိုက်တွန်းလေသဖြင့် ကျွန်တော်လည်းမကောင်းတတ်လို့ကြည့်ရသည့်ပုံဖမ်းပြီး စိတ်မပါသလို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ကြည်ပြာရောင်မလေးနှင့် ကျွန်တော် အကြည့်ချင်းဆုံသွားသည်။ ခုန်သွားသောရင်ကို ဘယ်သူမှမရိပ်မိအောင် ဖုံးဖိရင်း



www.burmeseclassic.com

www.burmeseclassic.com


ငွေးဝင်းဘက်မျက်နှာမူကာ

"အင်း . . ဆိုးတော့ မဆိုးပါဘူး"

ဟု သာမန်မှတ်ချက်တစ်ခုကိုပေးရင်း စားလက်စဘူးသီးကြော်သုပ်ကို ဆက်စားလိုက်၏။ ငွေးဝင်း ဘဝင်မကျဟန်ဖြင့် ကျွန်တော့်ကို ပေစောင်းစောင်းကြည့်ကာ

"ဒီလောက်လှတဲ့ မိန်းကလေးကိုများ . . အားလုံးထဲမှာ ထင်းခနဲဖြစ်အောင် ထူးခြားပေါ်လွင်လှတဲ့ အလှပဂေးလေးကိုများ . . . ဆိုးတော့မဆိုးပါဘူးဆိုတာလောက်လေးနဲ့ နှိမ်နှိမ်ချွတ်ချွတ် မင်းမို့ပြောရက်တယ် . . . အံ့ပါရဲ့"

ဟူ၍ ကြည်ပြာရောင်မလေးဘက်က မခံမရပ်နိုင်စကားဆိုသော ငွေးဝင်းကို ကျွန်တော်လှည့်မကြည့်ဘဲ

"အေးပေါ့ကွာ . . . မင်းတို့အတွက်တော့ ဟုတ်မှာပေါ့ . . . မမြင်ဖူး မူးမြစ်ထင်ဆိုသလိုပေါ့ . . . ငါ့အဖို့ကျတော့ ဒါမျိုးတွေကရိုးနေပြီ . . . သူ့ထက် ဆယ်ဆမကလှတဲ့ မိန်းကလေးတွေဆို ဘယ်နှယောက်ရှိပြီလဲ ရေတောင်မရေနိုင်တော့ဘူး . . . ငါ့ကို လာရောကြ၊ ဖောကြတာ . . . ငါကဆောရီးပဲဆိုပြီး လုပ်ပစ်တာ . . . ဒါကြောင့် ဒီအလှအပလောက်နဲ့ ငါ့ကိုတုန်လှုပ်အောင် မပြုစားနိုင်ဘူးဆိုတာ သဘော ပေါက်"

"အန်"

ကျွန်တော်၏ လွန်ကဲသောကြွားဝါစကားကြောင့် ငွေးဝင်းလည်ချောင်းနင်သွားရသည်။ ဘာဆက်ပြောရမှန်းမသိသော မျက်နှာဖြင့် ဘူးသီးကြော်သုပ်ကိုသာ မရပ်မနားစားနေတော့သည်။

ကျွန်တော်လည်း ထိုအခါမှကြည်ပြာရောင်မလေးကို ခိုးကြည့်ရသည်။ ကြည်ပြာရောင်မလေးက ကျွန်တော့်ကို သိသာစွာပြုံးပြလေသဖြင့် ကျွန်တော်လည်း ပီတိဖြာပြီး ပြန်ပြုံးပြရသည်။

တကယ် ဘုရားစူး။ ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ကျော့ရှင်းလှပသည့် မိန်းကလေးမျိုး ဒီလောကကြီးမှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com


တယ်ဆိုတာ တစ်ခါမှဂရုမထားမိရိုးအမှန်။

အခုတော့ ကြည့်ပါဦး။ သည်လိုမိန်းကလေးမျိုးကစပြီး ကျွန်တော့်ကို စိတ်ဝင်စားမှုတွေပြလာသည်ဆိုတော့ ကျွန်တော်မှ ဘဝင်မမြင့်တတ်လျှင် ဘယ်သူမြင့်တတ်ဦးမည်နည်း။

ပြောမယ့်သာပြောရသည်။ ကျွန်တော်လည်း ခုတစ်လော ကိုယ့်ကိုယ်ကိုသတိထားမိတာ တစ်ခုရှိသည်။ ထိုသတိထားမိသည့်ကိစ္စကို ပြောပြန်လျှင် ကြွားရာကျဦးမည်။ မပြောပြန်ရင်လည်း အမှန်တရားကို ဖုံးကွယ်ထားရာကျဦးမည်။

အခြားမဟုတ်။ ကျွန်တော့်ကို မိန်းမလှလှလေးများက စိတ်ဝင်တစားနှင့် သိသာစွာအရေးပေးလာကြခြင်းဖြစ်သည်။ စန်းထချိန်များရောက်နေပြီလား မသိ။

ကျွန်တော်ကိုယ့်ကိုယ်ကို ချင့်ချင့်ချိန်ချိန် မြှောက်ပင့်ထားသောအတွေးထဲမှာ မျှောနေစဉ် ကျွန်တော်တို့ဆီသို့ ဆေးကျောင်းသား မင်းထွန်း အလိုက်မသိရောက်လာသည်ကိုတွေ့ရသည်။

မင်းထွန်းနှင့် ကျွန်တော်နှင့်က အထက်တန်းကျောင်း တစ်ကျောင်းတည်းမှပင် ဆယ်တန်းအတူတူအောင်လာကြခြင်းဖြစ်သည်။ မင်းထွန်းက အောင်မှတ်ကောင်းသဖြင့် ဆေးတက္ကသိုလ်ရောက်သွားပြီး ကျွန်တော်ကတော့ ဝိဇ္ဇာသိပ္ပံပညာများ သင်ကြားပေးရာ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ရောက်ခဲ့ရသည်။

ကိုယ်အမှတ်မမီသဖြင့် တက်ခွင့်မရ၍ပဲလားမသိ။ ဂျူတီကုတ်တဖားဖားနှင့် ဆေးကျောင်းသားများ၊ 'တီ'တကိုင်ကိုင်နှင့် စက်မှုကျောင်းသားများတွေ့လျှင် သိပ်ပြီးကြည့်မရချင်။

အဲ. . ထူးဆန်းဖွယ်ကောင်းတာက ဂျူတီကုတ်တဖားဖားဝတ်တာချင်းအတူတူ 'တီ'တကိုင်ကိုင်နှင့် လမ်းသလားတာချင်းအတူတူ ဆေးကျောင်းသူ၊ စက်မှုကျောင်းသူလေးများကျတော့ မျက်စိထဲမှာ အလိုလိုနေရင်းကို ကြည့်လို့ကောင်းနေပြန်ရော။

"ဟာ. . သူငယ်ချင်း မင်းကိုတွေ့ရတာ နတ်ဒေဝတာတစ်ပါး


www.burmeseclassic.com

www.burmeseclassic.com

ကိုတွေ့ရသလို အားကိုရှိသွားတာပဲ”

ပြောပြောဆိုဆို ကျွန်တော့်ဘေးရှိခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သော မင်းထွန်းကို ကျွန်တော်ပြုံးကြည့်ရင်း

“ငါ့သူငယ်ချင်းကိုကြည့်လိုက်ရင် လှိုင်နယ်မြေဘက်မှာပဲ တွေ့တွေ့နေရတယ် . . . ကြည့်ရတာ မင်းတို့ဆေးကျောင်းမှာ အချိန်တွေ တော်တော်ပိုနေတယ်ထင်တယ်”

ဟု စလိုက်ရာ မင်းထွန်း ငါးချူပြုံးပြုံးကာ

“မင်းတို့ လှိုင်နယ်မြေကလည်း မလာဘဲမနေနိုင်အောင် ဆွဲဆောင်အားကြီးတာကိုးကွ”

ဟု သူ့အမိပ္ပာယ်နှင့်သူ တုံ့ပြန်ပြောဆိုလေ၏။ ကျွန်တော်လည်း သဘောပေါက်ပါတယ်ဟူသောသဘောဖြင့် ခေါင်းတညိတ်ညိတ်ပြုရင်း

“ကဲပါ ဟုတ်ပါပြီ . . . ဒါဆိုလည်း ဆေးကျောင်းကနေ တို့ကျောင်းကို တကူးတကလာဖော်ရတဲ့သူငယ်ချင်းကြီးကို ငါတို့လည်း အိမ်ရှင်ဝတ္တရားနဲ့အညီ ဧည့်ဝတ်ပြုရမှာပေါ့ . . . အန်တီချစ်ရေ ဖာလူဒါရှယ်တစ်ခွက် မြန်မြန်လေးပေးပါ”

“ဟာ . . ရပါတယ် . . နေပါစေ . . . မမှာပါနဲ့ အားနာစရာကြီး”

မင်းထွန်း အားနာစကားဆိုလို့မှမဆုံးသေး။ မင်းထွန်းရှေ့သို့ ရေခဲရေတစ်ခွက်ရောက်လာသည်။ မင်းထွန်း ရေခဲရေကိုကြည့်ရင်း

“မင်းပြောတော့ ဖာလူဒါဆို”

“အေးလေ . . . အန်တီချစ် ဘူးသီးကြော်ဆိုင်မှာတော့ ရေခဲရေကို ဖာလူဒါလို့ပဲခေါ်ကြတာပဲလေ”

“ဟာကွာ . . မင်းကတော့ လုပ်ပြီ . . . စတိတ်ကျောင်းတုန်းကအကျင့်တွေ ခုထိမပျောက်သေးဘူး”

“ဟား ဟား ဟား”

စဉ့်တီတုံးပေါ်တင်ပြီး ထုခံလိုက်ရသည့်ငါးခူတစ်ကောင်လို


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသော မင်းထွန်းမျက်နှာကိုကြည့်ပြီး ကျွန်တော်ရောဝေ့ဝင်းပါ ရယ်မိကြသည်။ ရယ်လို့ဝခါမှ ကျွန်တော်က

"ကဲပါ. . အလကားစတာပါ. . . ဒီဆိုင်မှာတော့ ဖာလူဒါ မရဘူး. . . ဘူးသီးကြော်စားပါလား"

"တော်ပြီ. . . သူ့မျက်နှာလေးကို မြင်လိုက်ကတည်းက ဗိုက်အလိုလိုပြည့်နေပြီ"

"ဟင်. . ဘယ်သူ့မျက်နှာလဲ"

"ဟိုမှာလေ. . . ကြည်ပြာ့မျက်နှာလေးလေ"

"ကြည်ပြာ ဟုတ်လား. . . ဘယ်မှာလဲ. . . ဒီဆိုင်ထဲမှာပဲ ရှိနေလို့လား"

"ရှိတယ်"

မင်းထွန်းပြုံးတုံ့တုံ့လုပ်ပြီး မျက်စပစ်ပြရာဆီသို့ ကျွန်တော် လှမ်းကြည့်မိရာ ကြည်ပြာရောင်မလေးကိုတွေ့လိုက်ရသည်။

ဩော်. . ဒါကြောင့် သည်ကောင် ကြည်ပြာရောင်မလေး ရှိရာဆီ လိုက်လာရင်း ကျွန်တော်တို့ဆီရောက်လာရသည်ပဲကိုး။ ကျွန်တော် ပူပန်စိုးစိတ်ဖြင့်

"ဘာလဲ. . . ကြည်ပြာရောင်စပို့ရှပ်လေးနဲ့တစ်ယောက်ကို ပြောတာလား"

ဟု လူလွဲစေလိုသောဆန္ဒဖြင့်ပြန်မေးရာ မင်းထွန်းက မိန့်မိန့် ကြီးပြုံးလျက် ခေါင်းညိတ်ပြ၏။

ကျွန်တော်မြင့်နေသောဘဝင်များ ပြန်နိမ့်ချင်သွားသည်။ သို့သော် ဘာမျှမထူးခြားဟန်ဖြင့် ဟန်လုပ်ရင်း သိလိုသည်ကိုဆက်မေး ရသည်။

"ဒါဆို. . အခြေအနေက"

"အဟီး. . . ကြိုးစားတုန်းပဲကွ. . . ဒါပေမဲ့ မကြာတော့ဘူး ဆိုတာတော့ ကြိုပြောလို့. . ရ. . ရ. . ."

မင်းထွန်းဂုဏ်ယူစွာ ပြောသည့်စကားက ကြားဖြတ်ဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com


လိုက်သော ဒွေးဝင်းစကားကြောင့် ခလုတ်တိုက်လဲသွားရသည်။

"ဟာ. . ဟိတ်ကောင် မင်းထွန်း. . . ဒါဆိုရင်လည်း မင်းကို ငါ စေတနာနဲ့ပြောပြလိုက်မယ်. . . မကြိုးစားနဲ့တော့ မောရုံပဲရှိလိမ့်မယ်"

"ဟင်. . ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ကြည်ပြာ တကယ်တမ်းတစ်ဖက်သတ်ကြွေနေတာက ဒီကောင့်ကိုပဲ. . . ဒီကောင်ကသာ ယောကျ်ားလေးပီပီ အင်းမလုပ်၊ အဲမလုပ်နဲ့ ဇွတ်ကြီးမူနေလို့"

"ဟင်. . ဟုတ်. . ဟုတ်ပါ့မလား"

ဒွေးဝင်းစကားကို သံသယရှိဟန်ဖြင့် မင်းထွန်း ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၏။

"ဟွန်း. . ဒီရုပ်ဒီရည်နဲ့ ကောင်မလေးက တစ်ဖက်သတ်ကြွေနေတာ ဟုတ်ပါ့မလား. . . ပြီးတော့ ငါ့လိုဆေးကျောင်းသားလည်း မဟုတ် ဘာမဟုတ်နဲ့"

ဟူ၍ မင်းထွန်းစိတ်ထဲမှာပြောနေသည်လား မသိ။ သည်တော့ ကျွန်တော်ကလည်း ဘယ်ရမလဲ။

"အောင်မာ. . ငါ့ရုပ်က ယောကျ်ားပီပီ ချောမောခန့်ညားတဲ့ရုပ်ကွ. . . ပြီးတော့ မင်းတို့လို သူများတွေဖျားကြနာကြမှ ပိုက်ဆံရပြီး ဝမ်းဝတဲ့ကောင်မျိုးလည်း မဟုတ်ဘူးကွ"

ဟူ၍ ကျွန်တော့်စိတ်ထဲမှ ပြန်ပြောပစ်လိုက်သည်။ ကျွန်တော်နေသာထိုင်သာရှိသွားပြီး ကြည်ပြာရောင်မလေးကို အမှတ်မထင်လှမ်းကြည့်မိရာ ကျောင်းသားတစ်ယောက်က သူမရှေ့ရှိစားပွဲခုံသို့ ရည်းစားစာတစ်စောင် လာတင်ပေးပြီး ထွက်ခွာသွားသည်ကိုတွေ့ရသည်။ လက်ထဲမှာလည်း 'တီ'ကြီးနှင့်ဆိုတော့ စက်မှုကျောင်းသားပဲဖြစ်ပါလိမ့်မည်။

မင်းထွန်းလည်း ထိုအချင်းအရာကို မြင်တွေ့လိုက်သဖြင့် ငုပ်လျှိုးလုလု ဂုဏ်ယူစိတ်ကို ပြန်လည်ဖော်ထုတ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



"မနောက်စမ်းပါနဲ့ ဌေးဝင်းရာ. . . ကြည်ပြာဆိုတာ ဒီနှစ် အီကိုရဲ့ လက်ချိုးရေတွက်လို့ရတဲ့ အထင်ရှားဆုံးရတနာတွေထဲမှာ တစ်ပါးအပါအဝင်ကွ. . . ဥစ္စာပေါ့၊ ရုပ်ချောဆေးကျောင်းသားတွေ စက်မှုကျောင်းသားတွေ အသည်းအသန်ဝိုင်းလိုက်နေကြတာတောင် ဘယ်သူမှ အနားကပ်လို့ရသေးတာမဟုတ်ဘူး. . . ကျန်တဲ့ကောင်တွေဆို ပိုလို့တောင်ဝေးရောပေါ့"

မင်းထွန်းစကားက သူကိုယ်သူ အထင်ကြီးမှုအပြည့်ရှိသလို ကျွန်တော့်ကိုလည်း ချွတ်နှိမ်လိုက်ရာရောက်လေသည်။ ကျွန်တော် တင်းချင်သလိုလိုဖြစ်သွားသော်လည်း စိတ်ကိုလျှော့ထားလိုက်သည်။

"ဟုတ်ပါတယ် မင်းထွန်းရာ. . . မင်းပြောတဲ့အတိုင်းပါပဲ . . . မင်းကို ဌေးဝင်းက သက်သက်ကြပ်ပေးနေတာပါ. . . မင်းရုပ် မင်းရည် မင်းရဲ့ဆေးကျောင်းသားအရှိန်နဲ့ဆို နည်းနည်းလေး အားထုတ်လိုက်တာနဲ့ အိုကေမှာစိုပြည်သွားမှာပါ. . . ကဲ ဟိုမှာ ပြောရင်းဆိုရင်း မင်းရဲ့ချစ်သော ကြည်ပြာတို့အဖွဲ့ ဆိုင်ကထပြီ. . . မင်းလိုက်ပြီး အကြည့်တွေကျွေးမယ်၊ ရင်ခုန်သံတွေလွှင့်မယ် မဟုတ်လား. . . သွားလေ. . . ငါတို့ အဖော်လိုက်ပေးရင်းနဲ့ မင်းရဲ့အောင်မြင်မှုကို မျှဝေခံစားကြတာပေါ့"

"အဟီး. . အဲဒါ. . အဲဒါ ငါလိုချင်တာ အဲဒါ. . ကျေးဇူးရှင်ရဲ့"

ကျွန်တော်၏မြှောက်လုံးပင့်လုံးကို ဘဝင်ကျပြီး မင်းထွန်း မြှောက်ကြွမြှောက်ကြွဖြစ်သွား၏။ ကျသင့်ငွေရှင်းပေးပြီး ထွက်ခွာသွားပြီဖြစ်သော ကြည်ပြာရောင်လေးကို လိုက်ကြည့်ရင်း ကိုယ်တိုင်လည်း နေရာမှထ၏။ ထို့ကြောင့် ကျွန်တော်လည်း အလိုက်တသိဖြင့် ကျသင့်ငွေရှင်းပေးရန် ပြင်ရသည်။ သို့ရာတွင် ဆိုင်ရှင်အန်တီချစ်၏ စကားက ကျွန်တော်ကိုယ်တိုင်သာမက မင်းထွန်းနှင့်ဌေးဝင်းပါမကျန် ဆိုင်အတွင်းရှိ လူအားလုံးကို အံ့အားသင့်စေသည်။

"အန်တီချစ်ရေ. . ဒီမှာ ရှင်းမယ်. . . ဘယ်လောက်ကျ

www.burmeseclassic.com

သလဲ"
www.burmeseclassic.com

"ဩော်. . ရှင်းစရာ မလိုတော့ဘူး. . . တူတော်မောင်တို့အတွက် ကြည်ပြာလေးရှင်းသွားပြီးပြီ"

"ဗျာ. . ဘယ်လို"

"အံမယ်. . ကြည့်ရတာ စိတ်ဆိုးသွားပြီထင်တယ်. . . ဒီမယ် ကြည်ပြာလေးက တစ်ငါတည်းမှာသွားသေးတယ်. . . နောင်ကိုလည်း ဒီဆိုင်မှာ တူတော်မောင်တစ်ယောက်တည်းပဲ လာစားစား၊ သူငယ်ချင်းတွေခေါ် လာပြီးပဲ စားစား. . ကုန်ကျသလောက်ကို သူနဲ့ပဲရှင်းပါတဲ့လေ"

ကျွန်တော် အကြားပဲမှားလေသလားဟု မယုံနိုင်ဖွယ်ဖြစ်ရသလို ဝင်းပနေသော မင်းထွန်းမျက်နှာလည်း ချက်ချင်းညှိုးမှိန်သွားလေသည်။ ကျွန်တော်လည်း အန်တီချစ်များနောက်ပြောင်ပြောနေရော့သလား ထင်လျက်

"ဟာ. . အန်တီချစ်ကလဲ. . . နောက်စရာမရှိ ကြံဖန်နောက်နေပြန်ပါပြီ"

"ဟဲ့. . ဒါ နောက်စရာလား. . . ကျုပ်က စီးပွားအပျက်ခံပြီးနောက်ပါ့မလား စဉ်းစားဦး. . . အံမယ်. . အရေးထဲ သူကပဲတစ်ပြန်ကြီး မူနေရသေးတယ်. . . ဟိုက ဘယ်သူ့ကိုမှမပေးဖူးတဲ့ အခွင့်အရေးပေးသွားတာနော်. . . စိတ်ကူးမလွဲနဲ့ဦး. . . ကျုပ်ဆိုင်မှာ ကြည်ပြာသာထိုင်ပြီဆိုရင် ကြည်ပြာ့အနားကပ်ချင်လို့ ကျွေးချင်မွေးချင်လို့ဆိုပြီးရောက်လာတဲ့ သကောင့်သားတွေ တစ်နေ့တစ်နေ့ နည်းတာမှတ်လို့. . . ကြည်ပြာက ဘယ်တစ်ယောက်မှ မျက်နှာသာပေးတာ မဟုတ်ဘူး. . . သူ့လို မအူမလည်ကောင်မှ ဘယ်လိုက ဘယ်လိုမျက်စိသည်ပြီး မျက်နှာသာပေးရတယ် မသိပါဘူး. . . အဲ့ပါရဲ့. . . အခြားတစ်ယောက်ယောက်များ ခုလိုကြည်ပြာပေးတဲ့အခွင့်အရေးများ ရကြည့်ပါလား . . . ဆိုင်ထဲမှာတင် ကွေးနေအောင် ထကမလားမပြောတတ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


ရှည်လျားစွာ ရေရွတ်ပြောဆိုနေသော အန်တီချစ်စကားကို ကြားပြီး ကျွန်တော်လည်း ကွေးနေအောင်ကပစ်လိုက်ချင်ပါသည်။ သို့ပေမယ့် သိတယ်မဟုတ်လား။ ကျွန်တော့်စတိုင်ကို။

"ဟာဗျာ. . ဘာတွေလဲမသိပါဘူး ရှုပ်ရှုပ်ယှက်ယှက်. . . နေဦး. . တွေ့မှ ဘာသဘောနဲ့ ခုလိုလုပ်တာလဲလို့မေးပြီး အပြတ်ကောပစ်လိုက်ဦးမယ်"

ဟူ၍ အလိုမကျသလိုဆိုရင်း မျက်မှောင်ကုတ်လျက် ခေါင်းတခါခါဖြင့် အမှတ်တွေကြံဖန်ယူလိုက်သေးသည်။ ထို့နောက် ထားရခက်သောမျက်နှာကို တမင်ပိုပိုသာသာစီရင်လျက် မင်းထွန်းဘက်လှည့်ကြည့်ရာ မင်းထွန်းက

"အိုကေ. . ငါသဘောပေါက်သွားပါပြီ. . . အပိုအလုပ်တွေနဲ့ အချိန်ကုန်မခံနိုင်တော့ဘူး. . . ငါ သွားပြီ. . . ကွန်ကရက်ကျူလေးရှင်းပဲ သူငယ်ချင်း"

ဟု အားတင်းထားသောလေသံဖြင့်ဆိုရင်း ထွက်ခွာသွားလေသည်။ ကျွန်တော့်မှာ ပြန်ပြောစရာစကားမရှိပါ။

တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း မြောက်မယ့်သာ မြောက်နေရသည်။ စိတ်ကြည်ကြည်လင်လင်ဖြင့် မြောက်နေရသည် မဟုတ်။ ဘာမှန်း သေချာသဲကွဲစွာမသိဘဲ မအူမလည်မြောက်နေရခြင်းမှာ ဖြစ်သည်။

ပြောနိုင်သည်မှာ တစ်ခုပဲရှိသည်။ ဒီအချိန်မှာ ဌေးဝင်းနှင့် အနီးရှိသူအားလုံး ကျွန်တော့်ကိုလေးစားသောအကြည့်၊ အထင်ကြီးသောအကြည့်တွေနှင့် ကြည့်နေကြသည်ဆိုတာ. . ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေရိပ်သာတွင် စုဖွဲ့ထိုင်ရင်း ကျွန်တော်နှင့်ပတ်သက်၍ ဒွေးဝင်းပြန်လည်ဖောက်သည်ချသမျှ ကြည်ပြာရောင်မလေး၏ စိတ်လှုပ်ရှားမှုပုံရိပ်များကိုနားထောင်ပြီး ကျန်ကောင်တွေ အံ့အားတသင့်ဖြင့် မယုံနိုင်သလိုဖြစ်လျက် ကျွန်တော့်အားစူးစမ်းသလိုကြည့်ကြသည်။

သူတို့ကြည့်ပုံက ကျွန်တော်ကပဲ ဒွေးဝင်းကို လက်ဖက်ရည်တိုက်ပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းကာ သက်သက်ကြွားလုံးထုတ်ခိုင်းနေသလိုလိုရယ်။

ကျွန်တော်လည်း သူငယ်ချင်းချင်း သည်လိုတော့ အထင်သေးမခံနိုင်။ ထို့ ကြောင့် ဒွေးဝင်းပြောတာ သည်ကောင်တွေ စိတ်ဒိုးဒိုးချလက်ခံစေ ရန် သက်သေတစ်ရပ်ကိုဖော်ထုတ်ပြရသည်။

"အေးကွ ဟုတ်တယ်. . . အဲဒီကောင်မလေးနဲ့ ငါနဲ့သိတာသည်း မဟုတ်ဘဲနဲ့. . . ဘလိုင်းချည်း လာရက်ရောပြနေတာ. . . လူကိုတောင် ဟိုတစ်လောလေးကမှ မြင်ဖူးသလိုလိုရှိတာ"

"မြင်ဖူးသလိုလိုရှိတာ ဟုတ်လား"

စကားထောက်လိုက်သော အောင်ခင့်ကို ကျွန်တော်ခေါင်းညိတ်ပြရင်း စကားကိုဆက်၏။

"ဟုတ်တယ်ကွ. . . ဟိုကွာ. . အောင်ခင် အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ကို မင်းလည်းမြင်ဖူးပါတယ်"

"ဟုတ်လား. . . ငါက ဘယ်တုန်းကမြင်ဖူးလို့လဲ"

"သိပ်မကြာသေးဘူးလေကွာ. . . မင်းကောင်မလေးကို ကျောင်းခေါ်လည်မယ်ဆိုပြီး ခေါ်လာတဲ့နေ့ကလေကွာ. . . ကျောင်းကားအမြန်ယာဉ်ပေါ်မှာ မဟာဆန်သူလေးဆိုပြီး မင်းပြောတဲ့ ကောင်မလေးလေကွာ"

"အင်. . သူ. . သူလား"

"ဝါး ဟား ဟား ဟား"

ကျွန်တော့်စကားကြောင့် အောင်ခင်လည်း နာကြည်းဖွယ် အတိတ်ဖြစ်ရပ်ကို သတိရသွားလျက် မျက်နှာကြီးရှုံ့မဲ့သွားရသလို ကျန်ကောင်တွေလည်း ပြန်မြင်ယောင်ကြည့်မိပြီး ရယ်မောကြလေ သည်။

ကျွန်တော်လည်း သည်ကောင်တွေနှင့် ရောနှောရယ်မော နေရင်း ခိုင်လုံသွားပြီဖြစ်သော ကျွန်တော့်သက်သေထုတ်ဖော်ချက် ကို ကြံဖန်ကျေနပ်မိနေလေသည်။

တစ်ဆက်တည်းမှာပင် ရည်းစားလေးနှင့် ယနေ့အထိ ပြန်အဆင်မပြေသေးသော အောင်ခင်၏ရန်ပြုမှုမှ ရှောင်ရှားရန်နှင့် ကျွန်တော်၏အောင်မြင်မှုကို မျှဝေခံစားသည့်အထဲတွင် စောသိန်း အောင်မပါဝင်ဘဲ ပျောက်နေသည့်အတွက် စောသိန်းအောင်ပါ သိ စေလိုသေးသော ကြွားလုံး. . အဲလေ. . စေတနာအတွက် စကား ကြောင်းလိုက်ရသည်။

"ဟာ. . ဟေ့ နေပါဦး. . . စောသိန်းအောင်တစ်ယောက် လည်း မတွေ့ပါလား"

"အေးကွ. . ဟုတ်တယ်. . . ဒီကောင် အခုတလော ညနေ အတန်းဆင်းချိန်ဆို ပျောက်ပျောက်နေတတ်တယ်"

ကျွန်တော်စကားခေါ်ရာနောက်သို့ သစ်လွင်ဦးက သံယောင် လိုက်လာသလို စုတ်ချွန်းကလည်း


www.burmeseclassic.com

www.burmeseclassic.com


"ကြည့်ရတာ. . . ရှိုးတော့ မရိုးဘူးကွ. . . ဒီကောင် တစ်ခုခုတော့ ကြိတ်ကြံစည်နေပုံပဲ"

ဟု နားလည်ရခက်ဟန်ဖြင့်ဆိုရာ စိုးအောင်က

"ကေန္တ. . . ဒီကောင် အဆောင်မှာကြိတ်ဝိုင်းရှိတယ် ထင်တယ်. . . ဒါကြောင့် တို့မသိအောင် အစောကြီးလစ်လစ်သွားတာနေမှာပေါ့"

ဟူ၍ ထင်မြင်ချက်ဝင်ပေးပြီး ကျန်သူများလည်း

"အေးကွ. . . ဒါဖြစ်နိုင်တယ်"

ဟု သဘောတူညီမှုပြန်ပေးရင်း

"လာ. . တို့တွေ ဒီကောင့်အဆောင် လိုက်သွားပြီးချောင်းဖမ်းရအောင်"

ဟူ၍ ဆန္ဒချင်းနှောလိုက်ကြပြီးနောက် ခုနစ်မိုင်ရှိ စောသိန်းအောင်နေထိုင်ရာ ဘော်ဒါဆောင်သို့ချီတက်ရန် ပြင်လိုက်ကြသည်။

သို့သော် ဘော်ဒါဆောင်အထိလိုက်ရန်မလိုဘဲ အင်းလျားလေးကန်ဇောင်းရှိ ဖယ်ရီဂိတ်တွင် မယောင်မလည်ရပ်နေသော စောသိန်းအောင်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်တို့ အံ့ဩသွားရသည်။

"ဟာ. . ဟေ့. . ဟိုမှာ စောသိန်းအောင် မဟုတ်လား"

"အေးကွ ဟုတ်တယ်. . . ထူးထူးဆန်းဆန်းပါလား. . . ဒီနေရာနဲ့ ဒီကောင်နဲ့ ဘာဆိုင်လို့လဲ"

ဌေးဝင်းပြောလည်း ပြောစရာရယ်။ စောသိန်းအောင် ပါးစပ်ဟာ ဟတ်တို့ စပိတ်တို့ ညွှင်းတို့သာကြားဖူးသည်။ ကောင်မလေးတွေအကြောင်းပြောတာ တစ်ခါဖူးမျှမကြားဖူး။ ယခုတော့ ထူးချေပြီ။

ဖယ်ရီကားစီးလေ့ရှိသူအများစုမှာ မိန်းကလေးတွေသာဖြစ်ကြသည်မို့ ကျွန်တော်တို့လည်း စောသိန်းအောင်၏ခြေလှမ်းတွေကို မိမိသိရှိလိုက်သည်။

"ဩော်. . တို့မှာတော့. . . အတန်းဆင်းချိန်နားနီးရင် စောသိန်းအောင်တစ်ယောက် ပျောက်ပျောက်သွားပါတယ်လို့ ထင်နေတာ


www.burmeseclassic.com

www.burmeseclassic.com


. . . လက်စသတ်တော့ ဒါကြောင့်ကိုး"

"အေးကွ. . ဒီကောင်က တို့မသိအောင် စားကျက်အသစ်တွေ့ထားတာကိုး"

စုတ်ချွန်း၏မှတ်ချက်ကို သစ်လွင်ဦးက ဟုတ်မှန်ကြောင်း အခိုင်အခန့်ပြုပေး၏။

"ဇော်နွဲ့. . . ဒီကောင် ကောင်မလေးတစ်ယောက်ယောက်ကို လာကြောင်နေတာပဲဖြစ်ရမယ်"

ဆိုသော အောင်ခင်၏ခန့်မှန်းချက်ကို ကျွန်တော်က

"တစ်ယောက်ယောက် မဖြစ်နိုင်ဘူး. . . အကုန်လုံးကို လာကြောင်နေတာပဲဖြစ်ရမယ်"

ဟု ပြင်ဆင်ခန့်မှန်းပေးလိုက်ရာ သည်ကောင်တွေသဘောကျပြီး ရယ်ကြသည်။ ထိုအချိန်မှာပင် စောသိန်းအောင်လည်း ကျွန်တော်တို့ကို မြင်သွားပြီး စိတ်ပျက်သွားဟန်တူပါသည်။

သည်နေရာကို သည်အချိန်ဆို သူလာလေ့ရှိမှန်း ကျွန်တော်တို့သိစေလိုသောဆန္ဒ သူ့မှာအလျင်းမရှိ။ အင်းလျားလေးရေပြင်ကို မျက်နှာမူလိုက်ခြင်းအားဖြင့် ကျွန်တော်တို့ကို ကျောခိုင်းရပ်လိုက်သည်။ သူ့အမှားပင်။

ကျွန်တော်တို့လည်း တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြကာ အချင်းချင်းတွန်းထိုးနောက်ပြောင်ကစားဟန်ဖြင့် သူ့အနားရောက်သွားသည်။ အောင်ခင်က စုတ်ချွန်းတွန်းလိုက်၍ အရှိန်လွန်ယောင်ဆောင်ပြီး စောသိန်းအောင်ကိုတိုက်ချသည်။ အနားကိုကြိုရောက်နှင့်နေသော ကျွန်တော်က အချိန်ကိုက်ပင် စောသိန်းအောင်၏ပုဆိုးခါးပုံစကို ဆတ်ခနဲဆွဲယူလိုက်ရာ စောသိန်းအောင် ရေထဲသို့ ပုဆိုးကွင်းလုံးကျွတ်လျက် ပြုတ်ကျသွားတော့သည်။

"ဟင်"

"ဟာ"

"အလို"


www.burmeseclassic.com

www.burmeseclassic.com

ဟူသောအာမေဋိတ်သံများနှင့် မရှေးမနှောင်း ရယ်သံများ ပွက်ပွက်ညံသွားတော့သည်။ စောသိန်းအောင်ခမျာ ဒေါသလည်း ထွက်၊ ရှက်လည်းရှက်ဖြင့် ရေထဲမှမတက်ရဲဘဲ လူသွားစကြံပေါ်တွင် ကျန်ခဲ့သောပုဆိုးကိုသာ လှမ်းပစ်ပေးရန် တွင်တွင်တောင်းဆိုလေ၏။ ပါးစပ်မှလည်း မျိုးစုံဆဲရေးကြိမ်းမောင်းသေး၏။

ကျွန်တော်တို့က ပုဆိုးကိုပစ်မပေးဘဲ စောသိန်းအောင်ဒေါသ ပိုထွက်လာရန် အမူအရာအမျိုးမျိုးဖြင့် ပြန်လည်နောက်ပြောင်လေ၏။ ကျွန်တော်လည်း မျက်လုံးပြူးပြ၊ ပါးစပ်ဖြဲပြလုပ်နေရာမှ ကျွန်တော် အနောက်ကြမ်းပုံကိုကြည့်ပြီး မျက်လုံးပြူးမျက်ဆံပြူးဖြစ်နေသော ကြည်ပြာကို သတိထားလိုက်မိ၏။ ကျွန်တော်ကိုယ်ရှိန်သတ် အိန္ဒြေ ပြန်ဆည်ရန်ကြိုးစားစဉ်မှာပင် မနေသာသောကျောင်းသား တစ်ယောက်က စောသိန်းအောင်၏အကူအညီတောင်းမှုကို လက်ခံ ကာ ပုဆိုးလှမ်းပစ်ပေးလိုက်၏။

စောသိန်းအောင်လည်း ပုဆိုးဝတ်ပြီးသည်နှင့် ကမ်းပေါ်သို့ ဒရကြမ်းပြေးတက်လာကာ ကျွန်တော်တို့ကိုလိုက်ထိုးတော့သည်။ တွေ့ ရာမြင်ရာတွေနဲ့ပါ ကောက်ပေါက်တော့သဖြင့် ကျွန်တော်တို့လည်း အသက်လုပြေးရတော့လေသည်။

ကျွန်တော်တို့မှာ သူ့ကို လေး၊ ငါး၊ ဆယ်ရက်လောက်ရှောင် ပုန်းနေပြီး အခြေအနေကြည့်ကာ လေပြည်ထိုးလျက် ပြန်ချဉ်းကပ်ရ သည်။ စောသိန်းအောင်ခမျာတော့ ကျွန်တော်တို့အပေါ် သူ့ဒေါသ တွေ ချေပေးသော်လည်း သူ့အားဆည်းဆာရင်ခုန်သံတို့ ပုံဖော်ပေးရာ ဖယ်ရီဂိတ်ဆီသို့ လုံးဝခြေဦးမလှည့်ရဲရှာတော့ပေ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

–၁၁–

"ဟိတ်. . ကိုယ့်ကိစ္စပဲ ကိုယ်လုပ်ကြနော်. . . ကျောင်းလခသွင်းရင်း ရည်းစားရဖို့ မကြံစည်နဲ့. . . ဗိုလ်အောင်ဒင်အကြောင်း ကောင်းကောင်းသိသွားမယ်. . . ဟား ဟား ဟား"

"ဟော့. . ကောင်မလေးတွေ. . . အရဲစွန့်ပြီး ရှေ့မှာမနေကြနဲ့. . . တို့နောက်မှာလာနေ. . . ဒါမှ တို့က ကျောင်းလခအရင်သွင်းလို့ရမှာ"

"ဝါး ဟား ဟား ဟား"

သံသေးသံကြောင်များ ပြောဆိုသံ၊ ရယ်မောသံများကို ကြားတင်ကြားနေရသည်။

သည်ကနေ့ လကုန်ရက်မို့ ကျွန်တော်နှင့်သစ်လွင်ဦးလည်း ကျောင်းလခသွင်းရန် ကျောင်းသားရေးရာဌာနသို့ ရောက်လာကြသည်။ ကျောင်းလခသွင်းနိုင်ဖို့ တိုးဝှေ့နေကြသော ကျောင်းသားကျောင်းသူအုပ်ကြီးကိုကြည့်ပြီး ခွေးက ကြိုပြန်လာရသည်။

သစ်လွင်ဦးက

"ဟား ကြည့်ပါဦး. . . ဒီပုံစံအတိုင်းဆိုရင် ငွေသွင်းချလံကောင်တာဆီရောက်ဖို့တောင် တော်တော်တိုးဝှေ့ယူရမယ်"

ကျွန်တော်က

"အေးကွ ဟုတ်တယ်. . . ဒါကိုကြည့်ခြင်းအားဖြင့် တို့

www.burmeseclassic.com

ကျောင်းသားတွေဟာ ပညာရဲ့တန်ဖိုးကို ဘယ်လောက်တောင် အရေးတယူရှိတယ်ဆိုတာ သက်သေပြနေတာပဲ”

“အင်း ဟုတ်တယ်. . . မင်းလိုကောင်မျိုးတွေပေါ့ကွာ. . . အဟင်း ဟင်း”

ကျောင်းလခကြွေးကျန်လျှင် အောင်စာရင်းမပေးသည့်အတွက် သည်မျှအထိ ကြိုးစားပမ်းစား သူထက်ငါ ကျောင်းလခမှန်မှန်သွင်းနေကြမှန်း စောင်းချိတ်ပြောဆိုသည့် သစ်လွင်ဦးစကားကြောင့် ကျွန်တော် မလုံမလဲရယ်မိသည်။ သူပြောတာမှန်တော့လည်း မှန်သည်။ ကျွန်တော်က ကျောင်းလခကြွေးကျန် ဝေဒနာကို လက်တွေ့ခံခဲ့ရသူမဟုတ်လား။ ထို့ကြောင့် ယခုစာသင်နှစ်တွင် ကျောင်းလခကိုမှန်မှန်သွင်းပြီး တစ်လစာမျှပင် အကြွေးတင်မခံရအောင် ဂရုစိုက်ရခြင်းဖြစ်သည်။ သို့အတွက်လည်း ယခုလိုလကုန်တိုင်း ချွေးသံရွှဲရွှဲဖြင့်လူ တောတိုးပြနေရခြင်းဖြစ်သည်။

“အင်း. . ကောင်မလေးတွေ ကိုယ့်ကိုယောကျ်ားလေးတစ်ယောက်က တကယ်ချစ်၊ မချစ်ကိုစမ်းသပ်ချင်ရင်. . . သူတို့ကိုယ်စား ခြောက်လလောက် ကျောင်းလခသွင်းခိုင်းကြည့်လိုက်လို့ အကြံပေးဦးမှနဲ့ တူတယ်ကွ”

“အေးကွ. . . ဒါဆို ငနဲတွေ ခုလိုတိုးဝှေ့ရမှာကြောက်ပြီးထွက်ပြေးကြတာနဲ့ တက္ကသိုလ်ကျောင်းသူမှန်သမျှ ရည်းစားမရဘဲဖြစ်ကုန်ကြမှာ သေချာတယ်. . . ဩော်. . ခေတ်ကောင်း မင်း ကျောင်းလခသွင်းရင်းနဲ့ ငါ့အတွက်ပါ သွင်းပေးစမ်းပါကွာ. . . ရော့. . ဒီမှာ ပိုက်ဆံ”

“ဟာ. . ကျောင်းလခသွင်းရတာ ဒီလောက်ခက်ခဲတဲ့ဟာ . . . ကိုယ့်ဘာသာကိုယ်သွင်းပါလားကွ”

စကားရောဖောရောနှင့် သူ့ကျောင်းလခအတွက်ပါ ကျွန်တော့်ကို အပိုဆောင်းပင်ပန်းစေသောစကားကို မဆီမဆိုင်ဆိုလာသည့် သစ်လွင်ဦးကို ကျွန်တော်ဘုပြင်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

သို့သော် သစ်လွင်ဦးက ကျွန်တော်ပြင်းတာ ကြားဟန်တော့ဘဲ ကျောင်းလခသွင်းရင်း ရှေ့တိုးလိုက်၊ နောက်ရောက်လိုက်ဖြစ်နေသော ကျောင်းသားကျောင်းသူအုပ်ကြားထဲမှ လွင့်စင်ထွက်လာရာက ဖိနပ်သဲကြိုးပြတ်သွားသော ကျောင်းသူတစ်ယောက်အနားသို့ ရောက်သွားပြီး

"ညီမ ဘာဖြစ်သွားလို့လဲဟင်"

ဟူ၍ ကူညီလိုမှုကို ထင်သာမြင်သာဖြစ်စေလေ၏။ သည်ပုံတိုင်းသာဆိုလျှင် သည်ကောင်ရဲ့ကျောင်းလခသွင်းရမည့်တာဝန်သည် ကျွန်တော်တစ်ဦးတည်းပေါ် သို့၌သာ စုပုံရောက်ရှိသွားရလေပြီ။

ကောင်မလေးလည်း ဖိနပ်ပြတ်သည့်အတွက်ရှက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေစဉ် သစ်လွင်ဦးအသံကြားသဖြင့် အားကိုးတွေ့ပြီဟူ၍ အားတက်သွားဟန်တူသည်။

"ဟို . . ဟိုလေ . . . ကျောင်းလခသွင်းပြီး လူအုပ်ထဲကို ပြန်တိုးပြီးအထွက်မှာ ဖိနပ်ပြတ်သွားလို့"

"ဩော် . . ကိစ္စမရှိဘူး . . . ဘာမှမပူနဲ့ ကိုယ်ကူညီမယ် သိလား"

"ဟုတ် . . ကျေးဇူးပါပဲ"

သစ်လွင်ဦး အသင့်ဆောင်ထားသော တွယ်ချိတ်များကို လွယ်အိတ်ထဲမှထုတ်ပြီး ကောင်မလေး၏ဖိနပ် ပြန်စီးလို့ရအောင် ပြင်ဆင်နေစဉ် ကျွန်တော်လည်း ကျောင်းလခသွင်းဖို့ တစ်ကိုယ်တော် ကြိုးစားထိုးဖောက်ရတော့သည်။

ကံကောင်းပြီး လမ်းကြောင်းသင့်သွားတာရော အတွေ့အကြုံအရရောပေါင်းစပ်ပြီး အချိန်တိုအတွင်းမှာပင် ကျွန်တော် ကျောင်းလခကို အောင်မြင်စွာသွင်းနိုင်ခဲ့သည်။

ကျွန်တော် ကျောင်းလခသွင်းပြီးလို့ လူအုပ်ကြီးပြင်ပသို့ ချောချောမောမော ပြန်လည်ရောက်ရှိလာချိန်မှာ သစ်လွင်ဦးသည်


www.burmeseclassic.com

www.burmeseclassic.com


လည်း သူဖိနပ်ပြင်ပေးလိုက်သော ကောင်မလေးနှင့် တော်တော်အဆင်ပြေနေပြီကို တွေ့ရသည်။

သစ်လွင်ဦးတစ်ယောက် မိန်းကလေးတွေမြင်တိုင်း မျက်နှာကိုမကြည့်ဘဲ ခြေထောက်ကိုသာကြည့်လေ့ရှိကျိုးနပ်သွားပြီဖြစ်သည်။ ရှင်းအောင်ဆိုရသော် သူ့အစွမ်းအစနှင့် ရည်းစားတစ်ယောက်မျှ မရနိုင်။ သည်တော့ အကြံကုန် ဂဠုန်ဆားချက်ဆိုသလို ကျောင်းမှာဘယ်မိန်းကလေးဖိနပ်ပြတ်မလဲဆိုပြီး မိန်းကလေးတွေ့တိုင်း ခြေထောက်ကိုသာ အမိကပစ်မှတ်ထားကြည့်တော့သည်။ ဖိနပ်ပြတ်သည့်မိန်းကလေးအပေါ် နှလုံးသားအမြတ်ထုတ်လိုသော သစ်လွင်ဦး၏ဗျူဟာအောင်မြင်သွားသည်ဟု ဆိုရမည်သာ။ တစ်နည်းအားဖြင့် ဖိနပ်ပြတ်သူ အနီမိန်းကလေးခမျာတော့ ကံဆိုးရှာသည်ပေ့ါ။

ကျွန်တော် တစ်ခုခုလှမ်းပြောရန် ပြင်ဆင်ဆဲမှာပင် ကောင်မလေးနှင့် ရယ်လိုက်မောလိုက် လေပေးဖြောင့်နေသော ငနာကောင်က ကောင်မလေးအပေါ် စေတနာတစ်ဆင့်တိုးပြီး ကောင်မလေးကိုယ်စား ကျောင်းလခသွင်းပေးရန် ခါးတောင်းမြှောင်အောင်ကျိုက်နေသည်ကို တွေ့ရပြန်၏။

ကျွန်တော် စ,ချင်စိတ်ပေါက်သွားသဖြင့် အနားသွားပြီး

"ဟိတ်ကောင် သစ်လွင်ဦး. . . မင်းသံတင်းက အတော်ကြီးနေပါလားကွ"

"ဟင် ဟုတ်လား. . . ဘာသတင်းလဲ"

"ဩော်. . မင်းက ရပ်ကွက်ထဲမှာ ဖိနပ်ချုပ်ဆိုင်ဖွင့်ထားတာနဲ့ အားမရလို့. . . ကျောင်းထဲမှာပါ ဖိနပ်ချုပ်ဆိုင်ဖွင့်တော့မယ်ဆို"

"အန်. . ဘာ. . ဘာတွေ လာပြောနေတာလဲ"

"အေးပါ. . . ဘာပြောပြော မင်းက ဖိနပ်ချုပ်တာ တော်ပြီးသားဆိုတော့ ဘယ်မှာပဲဖွင့်ဖွင့် အောင်မြင်မှာပါ. . . ဩော်. . ဒါနဲ့ . . . ဟိုနားမှာလည်း ကောင်မလေးတစ်ယောက် ဖိနပ်ပြတ်နေတာတွေ့ခဲ့တယ်. . . သွားကူညီပေးလိုက်ပါဦး"


www.burmeseclassic.com

www.burmeseclassic.com


"ဟေ. . ဟုတ်လား. . . ဘယ်နား. . ဟာ. . သေလိုက်ပါလားကွာ"

"ဟား ဟား ဟား"

ကောင်မလေးရှေ့မှာ အမှတ်တွေယူနေသော သစ်လွင်ဦးတစ်ယောက် ကျွန်တော့်ကိုမကြည့်ကြည့် ကြည့်ပြီး ပါးစပ်လှုပ်ဆဲရေးသလို ကောင်မလေးကလည်း သူ့ကျေးဇူးရှင်ကို နှိမ်ချတ်ရ ကောင်းလားဆိုပြီး ပါးစပ်ပွစိပွစိလှုပ်ကာ ကျွန်တော့်ကို မျက်စောင်းထိုး၏။ ထို့ကြောင့် ကျွန်တော်လည်း ကြာကြာမနေရဲတော့ဘဲ နေရာမှထကာ အတန်းရှိရာသို့ ခပ်သွက်သွက်လစ်ရတော့သည်။

တက်ရမည့်အတန်းဆီသို့ ရောက်လုရောက်ခင်တွင် သူမကို ဖျတ်ခနဲတွေ့လိုက်ရသဖြင့် ကျွန်တော့်ရင်လည်း ဖျတ်ခနဲခုန်သွားရသည်။

"ဟိတ်. . အစ်ကို"

ဆိုသော သူမ၏ခေါ်သံကြောင့် ကျွန်တော်မသိမသာငဲ့စောင်းကြည့်ရာ ကျွန်တော့်ကိုလှမ်းခေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒုက္ခပါပဲ. . . မနေ့က သူရှင်းပေးထားတဲ့ ဘူးသီးကြော်ဖိုးများ ပြန်တောင်းမလို့လား မသိ"

ဆိုပြီး ကျွန်တော်စိုးရိမ်သွားရသည်။ အိမ်မှ လောလော လောလောထွက်လာခဲ့သဖြင့် ပိုက်ဆံအိတ်ကမေ့ကျန်ခဲ့သည်။ သူပြန်တောင်းလို့ ချက်ချင်းပြန်မပေးနိုင်ရင်လည်း ကွဲရချည်ရဲ့အရှက်ဟုတွေးမိရင်း ကျွန်တော်မကြားချင်ယောင်ဆောင်ပြီး ဆက်လက်လျှောက်လှမ်းရသည်။

သို့သော် သူမအပြေးကလေးရောက်လာပြီး ကျွန်တော့်ရှေ့မှာ လာပိတ်ရပ်သဖြင့် ကျွန်တော်ရှောင်ခွင့်မသာတော့။

သူမ ရင်းနှီးစွာပြုံးရင်း

"ဟိတ်. . အစ်ကို. . . ခဏလေး နေပါဦး"


www.burmeseclassic.com

www.burmeseclassic.com


ဟုဆိုလာသဖြင့် ကျွန်တော်လည်း သူမကိုကြောင်တောင်တောင်ပြန်ကြည့်မိသည်။ ဘယ်လိုပဲကြည့်ကြည့် သူမမျက်နှာနုနုလေးကတော့ လှရက်နိုင်လွန်းသည်။

"အစ်ကို. . . ညီမကို မမှတ်မိဘူးလားဟင်"

"အင်း. . မှတ်မိသလိုလိုပဲ. . . နေပါဦး. . ဘယ်မှာပါလိမ့် . . . ဩော် သိပြီသိပြီ. . . မနေ့က အန်တီချစ် ဘူးသီးကြော်ဆိုင်မှာထိုင်နေတဲ့တစ်ယောက် မဟုတ်လား"

"ဟင့်အင်း. . အဲဒါကိုပြောတာ မဟုတ်ပါဘူး"

"ဟင် ဟုတ်ဘူးလား. . ဟုတ်ပါတယ်. . . မင်းတို့စားတဲ့ဘူးသီးကြော်ဖိုးရှင်းပေးသွားသေးတယ်ဆို. . . အဲ. . ပြောရင်းနဲ့သတိရသွားပြီ. . . နေစမ်းပါဦး မင်းကဘာသဘောနဲ့ တို့စားတဲ့ဘူးသီးကြော်ဖိုးရှင်းသွားရတာလဲ. . . တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းရင်းနှီးကြတာလည်း မဟုတ်ဘဲနဲ့"

"အစ်ကိုနဲ့ညီမနဲ့ တစ်ယောက်ကိုတစ်ယောက် သိကြပါတယ်"

"ဟင်. . မဟုတ်သေးပါဘူး. . . မင်း လူမှားနေပြီ ထင်တယ်"

"ညီမ မမှားပါဘူး. . . မှားချင်းမှားရင် အစ်ကို့ဘက်က မှားနေတာပဲဖြစ်မယ်"

"ဘယ်. . ဘယ်လို"

ဦးနှောက်လာစားနေသော သူမကို ကျွန်တော်ဒေါသဖြစ်ချင်လာသည်။

ဒေါသဖြစ်ချင်လာသည်ဆိုတာကလည်း စကားအရပြောခြင်းသာ။ တကယ်တော့ ဒေါသက ဘယ်ချောင်ရောက်လို့ ရောက်နေမှန်းမသိ။ အားနွဲ့တဲ့မိန်းမသားလှလှလေးဆိုတော့လည်း စိတ်ကအလိုလိုငဲ့ညှာပေးပြီးသားရယ်။

"အစ်ကို. . ညီမ မျက်နှာကို သေသေချာချာကြည့်ပါဦး. . . မှတ်မိလာပါလိမ့်မယ်"

ကျွန်တော်လည်း သူမက ဇွတ်ကြီးမှတ်မိစေချင်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သူမမျက်နှာလှလှလေးကို ပြုံးပြုံးကြည့်ရသည်။

ဘယ်လိုပဲကြည့်ကြည့် လှတာကတော့လွန်လှသည်။ သူမ ချပေးသည့် ကြည့်ခွင့်လိုင်စင်ကိုကိုင်ပြီး ကျွန်တော် သူမမျက်နှာလေးအားကြည့်ရင်း နစ်မြောသွားသည် မှာ မည်မျှကြာသွားသည်ပင် မသိ။ သူမမျက်နှာလေး ပန်းနုသွေးရောင် ရက်ယှက်လာသည်။

"ဘယ်လိုလဲ. . . မှတ်မိပြီလား"

". . . . ."

"ဟိတ်. . အစ်ကို"

"ဟင်. . ဟင်"

"မှတ်မိပြီလားလို့ မေးနေတယ်လေ"

"သြော်. . အင်း. . . မှတ်မိသလိုလို. . . မမှတ်မိသလိုလိုပဲ"

"ကဲပါ. . ဒါဆို ညီမကပဲ အစဖော်ပေးပါ့မယ်. . . ကျောင်းစဖွင့်တဲ့နေ့က သနပ်ခါးပါးကွက်ကျား ဆံပင်ကျစ်ဆံမြီးနှစ်ခွနဲ့ ပုံခပ်တုံးတုံး တောသူမလေးတစ်ယောက်ယောက်များ အစ်ကိုနဲ့ဆုံဖူးသေးလားဟင်"

ကျွန်တော်ဦးနှောက်ကို အလုပ်ပေးပြီး မှတ်ဉာဏ်ကိုပြန်ခေါ်ယူရသည်။

ဟုတ်သည်။

ကျွန်တော်အံ့သြကြီးစွာဖြင့် သူမကိုလက်ညှိုးထိုးရင်း

"ဟင်. . ဒါ. . ဒါဆို မင်းက ဆန်ကိုပိသာနဲ့ရောင်းတဲ့မြို့ကပေါ့"

"ဟုတ်လား. . . အဲ. . နေပါဦး. . . မင်းနာမည်က ကြည်ပြာ . . . ဟုတ်တယ်မဟုတ်လား"

တကယ်တော့ ကြည်ပြာဆိုသောအမည်ကို သည်နောက်ပိုင်းမှ ကျွန်တော်မှတ်မှတ်သားသားသိရှိရခြင်းဖြစ်သည်။ ကျောင်းစဖွင့်သည့်နေ့ သူမနှင့်တွေ့စဉ်ကတည်းက သိပြီး အမှတ်တမဲ့ဖြစ်ခဲ့သည့် သူမနာမည်ကို မမေ့မလျော့ရှိနေသေးဟန် ကျွန်တော့်၏လေသံ


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူမအတော်ဝမ်းသာသွားဟန်တူသည်။

"ဟယ် ဟုတ်တယ်. . ဟုတ်တယ်. . . အစ်ကို ညီမကို သေသေချာချာပြန်မှတ်မိသွားပြီ ကြည့်စမ်း. . . ဝမ်းသာလိုက်တာ အရမ်းပဲ"

"ဟုတ်တယ်. . တို့ သေချာမှတ်မိသွားတယ်ဆိုတာကလည်း မင်းကိုယ်တိုင်က ပြောပြလို့သာပေါ့. . . နို့မို့ ဘယ်လိုမှမှတ်မိမှာမဟုတ်ဘူး. . . တို့နဲ့ စတွေ့တုန်းကနဲ့ အခုနဲ့က တကယ့်ကို တူမှမတူတော့ဘဲကိုး"

"အဟင်း. . သူငယ်ချင်းတွေက နင့်ဒီဇိုင်းကိုပြောင်းဆိုပြီး အတင်းပဲ ဝိုင်းပြောကြလို့ပါ. . . အဟင်း"

သူမ မလုံမလဲရယ်သည်ကိုကြည့်ပြီး ကျွန်တော် နာရီတွေကို ရပ်တန့်ထားလို့ရရင် ရပ်တန့်ထားလိုက်ချင်သည်။ ဘယ်လိုပဲရယ် ရယ် ဘယ်လိုပဲပြုံးပြုံး ကြည့်လို့မဝနိုင်အောင် လှရက်သူကလေး နံဘေးမှာ ကျွန်တော်အမြဲတမ်းနေချင်ပါသည်။

သို့သော် အခွင့်အရေးပေးလာလျှင် လူအမြင်ကတ်စရာ ကောင်းအောင် ဘဝင်ကိုင်တတ်သော ကျွန်တော့်စတိုင်လ်အတိုင်း အခန့်ထည်ကြီးလုပ်နေရသည်။

"ဘာပဲပြောပြော အခုလိုပြန်တွေ့ရတဲ့အတွက် တို့ဘက်ကလည်း သိပ်ကိုဝမ်းသာကျေနပ်ပါတယ်. . . မင်းနဲ့လည်း အေးအေးဆေးဆေး စကားတွေပြောချင်ပါသေးတယ်. . . ခက်တာက အတန်းချိန်ရောက်နေပြီဆိုတော့လည်း အတန်းတက်လိုက်ဦးမယ်. . . ဒီအတန်းပြီးရင်တော့ အတန်းက နှစ်ချိန်ဆက်တောင် အားသွားပြီ. . . တို့အတန်းအားပြီဆိုတာနဲ့ မင်းအတန်းကိုလာခဲ့မယ်လေ. . . အဲဒီကျမှ ကန်တင်းန်ထိုင်ပြီး စကားအေးဆေးပြောကြတာပေါ့. . . မကောင်းဘူး လား"

"ဟုတ်ကဲ့. . . ကောင်းပါတယ်"

"အိုကေ. . . ဒါဆို တို့ကိုခွင့်ပြုဦး"


www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စွာခေါင်းလေး သွက်သွက်ညိတ်ပြနေသော သူမကို ချန်ထားလို့ ကျွန်တော်အတန်းထဲဝင်လိုက်သည်။

လူကသာ အတန်းထဲရောက်လာသော်လည်း စိတ်က သူမဆီမှာကျန်ရစ်ခဲ့သည်ဟု ပြောရမလား။ သူမမျက်နှာလေးက ကျွန်တော်နှင့်တစ်ပါတည်းလိုက်ပါလာသည်ဟု ပြောရမလားမသိတတ်တော့။ ကြည့်လေရာရာ နေရာဂကာ သူမ၏မျက်နှာလေးသာ တွေ့နေရသည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

-၁၂-

ကျွန်တော် အတန်းဆင်းသည်နှင့် ငွေဝင်းဆီက ပိုက်ဆံချေးပြီး သူမဆီသို့ ခြေလှမ်းပြင်ရသည်။ ကျွန်တော်အတန်းပြင်ပသို့ ရောက်သောအခါ ကျွန်တော့်ကိုရပ်စောင့်နေသော သူမကိုတွေ့ရ၍ အံ့သြသွားရသည်။

"ဟောဗျ. . . တို့လည်း အခုပဲ မင်းအတန်းဆီလာမလို့. . . မင်းက ဒီမှာပဲရှိနေသေးတာကိုး"

"အဟင်း ဟုတ်တယ်. . . ညီမအတန်းတက်ရမယ့်အချိန်က လိုသေးတယ်လေ. . . အဲဒါနဲ့ မထူးဘူးဆိုပြီး စောင့်လက်စနဲ့ ဆက်စောင့်နေလိုက်တာ"

"ကိုင်း. . ဒါဆိုလည်း ကန်တင်းန်သွားထိုင်ပြီး စကားပြောကြတာပေါ့"

သူမ 'ဟုတ်'ဆိုပြီး ခေါင်းလေးညိတ်ပြကာ ကျွန်တော်နှင့်အတူ ကန်တင်းန်ဆီသို့ ခြေဦးလှည့်လေသည်။

သူမနှင့် ကျွန်တော့်ကို ပြုံးရွှင်ရယ်မောစကားတွေဆိုပြီး ယှဉ်တွဲတွေ့ရသဖြင့် ငွေဝင်း အံ့အားသင့်သွားဟန်တူလေသည်။

သေချာသည်။ သည်အချိန်မှာ မည်သူမဆို ကျွန်တော်၏ မဟာဒရားအောင်မြင်မှုများကိုကြည့်ပြီး အထင်ကြီးပြီးရင်း အထင်ကြီး အားကျပြီးရင်းအားကျနေကြမည်ဆိုတာ။ မနာလိုသော ရှိသများ



www.burmeseclassic.com

www.burmeseclassic.com


ကိုလည်း ကျွန်တော်စာနာနားလည်ပေးလိုက်ပါသည်။ သည်အချိန်ဟာ ကျွန်တော့်ဇာတာစန်းလာဂ်တက်ချိန်မဟုတ်ပါလား။

"ဘယ်ဆိုင်မှာ ထိုင်မလဲဟင် အစ်ကို"

"အဆောင်ကန်တင်းနံဘက်ပဲ သွားကြတာပေါ့"

"သွားလေ အစ်ကို. . . ကောင်းသားပဲ"

သူမသဘောတူညီမှုပြန်ပေးရင်း ကျွန်တော်နှင့် ဘေးချင်းယှဉ်လျှောက်လေသည်။

ကျွန်တော် တင်ကြိုတွက်ဆမျှော်လင့်ထားသည့်အတိုင်း တွေ့သမျှလူတိုင်းက ကျွန်တော်တို့ကို ဂရုပြုမိကြကာ ကွက်ကြည့်ကြည့်သူတွေက ကြည့်၊ ပေါ်တင်ကြည့်သူတွေက ကြည့်လျက်

"ဟယ် ကြည့်စမ်းပါဦး. . . ဒီစုံတွဲ သိပ်လိုက်တာပဲ"

ဟု အသိအမှတ်ပြုကြသလို

"အဲဒီကောင်ကို မယုံနဲ့. . . လူပုံကြည့်တော့ ရိုးပုံရိုးအနဲ့. . . တကယ်တမ်းကျတော့ အူတူတူနဲ့ရယ်"

"ဝါး ဟား ဟား ဟား"

ဟူ၍ နောက်ပြောင်ရယ်မောကြသည်လည်း ရှိကြသည်။ ထိုရောအခါ သူမက ရှက်ပြုံးလေးပြုံးသလို ကျွန်တော်က ပီတိပြုံးကြီးပြုံးနေလေသည်။

"ဟာ. . ဟိတ်. . ဟိတ်. . ကြည့်ကြစမ်းပါဦး. . . ဟိုမှာ ခေတ်ကောင်းတစ်ယောက် ကြီးပွားချင်တိုင်း ကြီးပွားနေပါလားကွ"

"အေးကွ. . ဟုတ်တယ်. . . ကောင်မလေးက တော်တော်မိုက်တာပဲ. . . ဒီကောင်နဲ့ မလိုက်ဘူး. . . ငါနဲ့မှလိုက်မှာ"

"ဘာလဲ. . . သူများထဘီတန်း သွားရုတ်မိလို့ တုတ်၊ ဓားဆွဲပြီး လိုက်ခံရတာကိုပြောတာလား"

"ဝါး ဟား ဟား ဟား"

တောင်တွင်းကြီးအမည်ရှိ ကန်တင်းနံအနီးသို့အရောက်တွင် နားယဉ်နေသည့်ရယ်မောသံများကြားသဖြင့် လှည့်ကြည့်လိုက်ရာ


www.burmeseclassic.com

အောင်ခင်တို့အုပ်စုကိုတွေ့ရ၏။ ကျွန်တော်၏အောင်မြင်မှုကို သည်ကောင်တွေမျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရသွားသည့်အတွက် ကျွန်တော်ကျေနပ်ဂုဏ်ယူသွားရသည်။ တစ်ဆက်တည်းမှာပင် သည်ကောင်တွေနှင့် ကြည်ပြာ့ကိုမိတ်ဆက်ပေးပြီး အနီးကပ်ကြွားလုံးထုတ်ခွင့်ရရန် သည်ကောင်တွင် ဝိုင်းမှာဝင်ထိုင်ရန်ဆုံးဖြတ်လိုက်သည်။

"လာ ကြည်ပြာ. . . အဲဒါ ကိုယ့်ဘော်ဒါတွေပဲ. . . မိတ်ဆက်ပေးမယ်. . . အဲဒီမှာ သွားထိုင်ကြရအောင်"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်တော်နှင့်ကြည်ပြာ ခုံလွတ်အသီးသီးတွင် ဝင်ထိုင်မိရုံရှိသေးသည်။ သည်ကောင်တွေက ကျွန်တော်တို့နှစ်ယောက်အတွက် လက်ဖက်ရည်နှစ်ခွက်မှာပေးကာ အရေးတယူပြုကြသည်။ အလိုက်သိတတ်ပေစွသော ဘော်ဒါအကောင်းစားကြီးတွေကို ပေါင်းရကျိုးနပ်ပေသည်ဟု ကျွန်တော်တွေးမိပြီးနောက် သည်ကောင်တွေနှဲ့ ကြည်ပြာကို မိတ်ဆက်ပေးလိုက်သည်။

"သူ့နာမည်က ကြည်ပြာတဲ့. . . အီကို ဖတ်စ်ယီးယားက"

"အေးပါ. . သိပါတယ်"

"ကြည်ပြာ. . . သူ့နာမည်က စိုးအောင်. . . သီချင်းဆိုကောင်းတဲ့နေရာမှာတော့ ပါရမီရှင်ပဲ"

"အဟဲ. . မင်းကလည်း အမှန်တွေပြောရော့မယ်"

"သူ့နာမည်ကတော့ သစ်လွင်ဦးတဲ့. . . လမ်းမှာ သူနဲ့တွေ့လို့ကတော့ ဖိနပ်တွေ ဘာတွေပြတ်မှာမစိုးရိမ်နဲ့. . . သူကကူညီဖို့အသင့်ရှိနေလိမ့်မယ်"

"အေး. . လုပ်ထားဦးပေါ့ကွာ. . . တွေ့မယ် တွေ့မယ်"

"အင်း. . သူ့နာမည်ကတော့ စုတ်ချွန်းတဲ့. . . စုတ်ချွန်းဆိုပြီး နှုတ်ကျိုးနေတာနဲ့ သူ့နာမည်ရင်းတောင် မေ့နေပြီ. . . ထူးခြားချက်က ယောကျာ်းတန်မဲ့ ဟင်းချက်ဝါသနာပါတယ်. . . ဟင်းချက်တာလည်း ကောင်းဆိုပဲ. . . တစ်ခါမှဘော့ မစားဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com


"အာ. . ငါက တကယ်ဟင်းချက်ကောင်းတာပါကွ. . . မင်းကလဲ"

"ဒီဘက်က တစ်ယောက်ကတော့ အောင်ခင်တဲ့. . . ခါး တို့ရင် ယောင်တတ်တယ်. . . သိတယ် မဟုတ်လား. . . မဟာဆန်သူ လေးဆိုပြီး ယောင်တာလေ"

"ခစ်. . သိပါတယ်"

"ဟာ. . မင်းကလဲ. . ပြောရှေ့မယ်"

"ဟား ဟား ဟား. . ဟုတ်တယ်. . . ဒီကောင် မဟာဆန် သူလေး အလုပ်ကောင်းတာနဲ့ သူ့ရည်းစားလေးလေးနွယ် တစ်ခါ တည်း နယ်ပြန်သွားလိုက်တာ ရန်ကုန်ကို ပြန်ကိုမရောက်လာတော့ဘူး . . . ဟား ဟား"

"ဟား ဟား ဟား"

အားလုံး အောင်ခင်အယောင်ကောင်းပုံကို ပြန်ပြောင်းပြီး ရယ်ပွဲဖွဲ့ကြလေရာ မဟာဆန်သူလေးလည်း မဟာဆန်စွာပြုံးရယ်ရယ် မိလေသည်။ ထိုအချိန်မှာပင် ဆိုင်ဝန်ထမ်းလေးက အနီးတွင်လာရပ် ပြီး

"အစ်ကို. . အစ်ကိုဖွင့်ခိုင်းထားတဲ့ အဆိုတော်သစ်လေးရဲ့ အခွေဖွင့်ပြီနော်"

ဟု လာပြောရာအားလုံး ပြုံးစိစိဖြစ်ကုန်ကြသဖြင့် ကျွန်တော် လည်း ဘယ်အဆိုတော်လဲမေးမည်ကြံရုံရှိသေးသည်။ အောင်ခင်က ခေါင်းအသာယမ်းပြပြီး စိုးအောင်ထံသို့ မသိမသာလက်ညှိုးညွှန်ပြရာ ကျွန်တော်လည်း သဘောပေါက်သွားပြီး ကြိတ်ပြုံးမိသည်။ သည်အခွေ ကို သည်မှာဖွင့်ဖို့ ကျွန်တော်ကိုယ်တိုင်ပဲ အောင်ခင်လက်ထဲ သည် မနက်ကပဲ ထည့်ပေးထားတာကို သတိရသွားသည်။

သီချင်းအင်ထရိုက စကတည်းကကြမ်းသည်။ မညီမညာ ဂစ်တာသံကြိုးလျော့လျော့က ဗရမ်းဗရမ်းဆိုပြီး စတင်ပေါ်လာသည်။ အားလုံး၏အကြည့်များ စိုးအောင်ဆီရောက်သွားသည်။ စိုးအောင်


www.burmeseclassic.com

www.burmeseclassic.com


လည်း တစ်စုံတစ်ခုထူးခြားနေပါသည်ဆိုပြီး ခေါင်းထောင်လာသည်။

စိုးအောင်သည် အသံလည်းမကောင်း။ ဆိုပေါက်လည်း ပုံမကျပါဘဲ သီချင်းဆိုဝါသနာကြီးသူဖြစ်သည်။ ခက်သည်က သူ့ကိုယ်သူ အသံရော၊ အဆိုပါ ပါရမီထူးသူဟုယုံကြည်နေ၏။ မိသားစု ဆွေမျိုးတွေကလည်း အသားလွတ်ကြီး မြှောက်ပင့်ပေးထားကြဟန် တူသည်။ ကက်ဆက်နှင့်ဖမ်းယူအသံသွင်းထားသော သူ၏သီချင်းခွေများအကြောင်းလည်း လူတွေ့တိုင်း စကားရှာပြီး ကြွားလို့မဝနိုင်သူ ဖြစ်သည်။ သူတို့ရပ်ကွက်ထဲတွင် အလှူမင်္ဂလာဆောင်၊ သာရေးနာရေး ပွဲလမ်းဟူသမျှ မူရင်းအဆိုတော်များ၏သီချင်းခွေများ မဖွင့်ကြဘဲ သူ သီဆိုအသံသွင်းထားသော သီချင်းခွေများကိုသာ တကူးတကငှားယူ ဖွင့်လေ့ရှိကြောင်း ရုပ်တည်ကြီးလုပ်၍ ပြောရဲသူပင်ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော် သူ့အိမ်ကို လိုက်လည်ပတ်ပြီး အပြန် မှာတော့ သူ့သီချင်းခွေကို အလစ်ယူလာခဲ့သည်။ လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ပြီးနောက် နောက်နေ့ကျောင်းတက်ချိန် ကျွန်တော် တို့အဖွဲ့ထိုင်နေကျ တောင်တွင်းကြီးဆိုင်သို့သွားကြပြီး အဆိုတော် သစ်တစ်ဦး၏ သီချင်းခွေဟုဆိုကာ ထိုခွေကို ဆိုင်ရှင်လက်ထဲထည့် ကာ ဖွင့်ခိုင်းရန်စီစဉ်ထားပြီးဖြစ်ရာ ထိုအစီအစဉ်က ယခုပင် အကောင်အထည်ပေါ် ချေပြီဖြစ်၏။

စိုးအောင်၏နားမချမ်းသာဖွယ်အသံကြီး ထွက်ပေါ်လာ ပါတော့သည်။ တီးခတ်ထားသော ဂစ်တာသံကလည်း ဂစ်တာသံ ပေါက်။ ဖျာကို နေပူထုတ်လှန်းပြီးရိုက်သည့် အသံပေါက်နေသည်။ သီချင်းဆိုသံကလည်း လည်ပင်းအညှစ်ခံရသည့်ကြားက အော်ဟစ် နေတွေ့သလိုဖြစ်နေသည်။ ကြားရသူတိုင်း မူရင်းအဆိုတော်ကိုသာ အားနာမျက်နှာပူမိကြမည်မှာ မလွဲချေ။

ပထမသော် ကန်တင်းန်တွင်ထိုင်နေကြသူ အားလုံး အံ့ဩ သွားကြသည်။ ထို့နောက် တဝါးဝါးရယ်ကြပါတော့သည်။ ပို၍ဆိုး သည်မှာ သီချင်းသံကြားထဲတွင် ဝင်ဖောက်ထားသော ကျွန်တော်၏


www.burmeseclassic.com

www.burmeseclassic.com


အားပေးသံပင်ဖြစ်သည်။

"မှန်ရာကို သစ္စာဆိုပါမည် xxx ဘုရားခင်ထံ တိုင်တည်ဖူးပါသည် xxx (ကောင်လေး ကြိတ်ထား) xxx ရင်မှာ တစ်ယောက်တည်း ချစ်ခဲ့ဖူးပါသည် xxx (ကောင်လေး ဘုရားဖူးတွေများလာပြီ လုပ်ထား) xxx မင်းကလွဲ၍ xxx (အို ဘာတဲ့) xxx ဘယ်သူမှ ကိုယ် မချစ်ပြီ xxx (ကြိုးစားလှချည်လား ဖေ့သားကြီးရဲ့) xxx"

"ဝါး ဟား ဟား ဟား"

"ဟ. . ဘာလဲဟ. . . ကြောင်လိုက်တာ"

သီချင်းသံကြားသည်နှင့် တသောသောနှင့်သဘောကျသူ မနည်းရှိသလို ဘာထကြောင်တာလဲဆိုပြီး ကဲ့ရဲ့သူများလည်းရှိလေသည်။

စိုးအောင် မည်မျှဒေါသထွက်နေသနည်းဆိုသော် မည်းသော မျက်နှာ ရဲခနဲဖြစ်၏။ စိုးအောင် ဒေါသတွေပြင်းနေသည်မှန်းသိ လျက် ကျွန်တော်ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီး

"ချစ်စွာသော တေးချစ်သူပရိသတ်များခင်ဗျာ. . . ယခု နား ဆင်ခံစားနေတဲ့ အကောင်းတကာ့အကောင်းဆုံးတေးများကို တီးခတ် သီဆိုထားသူကတော့. . . ဟောဒီက ကျွန်တော့်ရဲ့သူငယ်ချင်း တောင်ဥက္ကလာ မောင်မောင်စိုးအောင်ပဲဖြစ်ပါကြောင်း ဂုဏ်ယူစွာ နဲ့မိတ်ဆက်ပေးပါရစေခင်ဗျာ"

ဟူ၍ စိုးအောင်ကို ညွှန်ပြလိုက်လေသည်။ ဆိုင်အတွင်းမှ တုံ့ပြန်အားပေးသံများကြောင့် စိုးအောင်မှာ ကျွန်တော့်ကိုထိုးမည် ကြိတ်မည် တကဲကဲပြုတော့သည်။ သူငယ်ချင်းများ ဝိုင်းဆွဲထားကြ သည်။

ကြည်ပြာလည်း ကြားထဲကဘာလုပ်လို့ဘာကိုင်ရမှန်းမသိ မျက်လုံးလေးကြောင်တောင်တောင်နှင့် ကျွန်တော့်ကိုကြည့်လိုက် စိုးအောင်ကိုကြည့်လိုက်ဖြင့် အနည်းငယ်ထိတ်လန့်နေဟန်ရှိလေ သည်။


www.burmeseclassic.com

www.burmeseclassic.com

"တော်ပါတော့ဗျို့"

"ဆားနဲ့ပဲ စားပါ့မယ်"

"ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ. . မကြားလိုပါ"

"မဆိုရင် ဘယ်လောက်ပေးရမလဲဟင်. . လို့"

"ရွှီး ဖြောင်း ဖြောင်း ဖြောင်း"

"ဒီအသံကြားဖူးနေတယ်လို့ မှတ်နေတာ. . . လက်စသတ်တော့ မြို့ပတ်ရထားပေါ်မှာကိုး"

"ဟီး. . ဟီး. . ဟား. . ဟား"

စိုးအောင်လည်း သူ့သီချင်းခွေပြန်တောင်းပြီး ရှူးရှူးရှားရှားဖြင့် ထွက်ခွာသွားလေသည်။ ကျွန်တော့်ကို တစ်လကိုးသီတင်းကြာ မခေါ်မပြောဘဲနေရာ မနည်းပြန်ချော့ခဲ့ရသည်။ ဒါတောင် သူက လူကိုစော်ကားချင်စော်ကားပါ။ သူ့အနုပညာကို စော်ကားလျှင်တော့ သည်းခံလိမ့်မည်မဟုတ်ကြောင်း ဆိုချေသေး၏။

ဘာပဲပြောပြော ထိုနေ့ ထိုရက်ကလေးကတော့ ပျော်ရွှင်လှပဖွယ်အတိဖြစ်သည်ကို သတိပြုမိသလို ကိုယ်တွေက ကိုယ်တွေကဟု သုံးနှုန်းတတ်သူ နတ်ပျိုမလေးက အခုတော့ ညီမက. . ညီမကနှင့် ချိုသာနူးညံ့စွာ သုံးနှုန်းပြောဆိုသွားသည်ကို ရင်ခုန်လိုက်မောဖွယ် သတိပြုမိပြန်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ငွန်ပွင့်တဲ့"

"ဩော် ဟုတ်လား. . . ဒါနဲ့ ငွန်ပွင့်က နှုတ်ခမ်းမွှေးထားတာသဘောကျလို့လား"

"ဟင်. . ဟင့်အင်း. . . မကျ. . မကျပါဘူး. . . ဘာလို့ သဘောကျရမှာလဲ"

"ကောင်းတယ် သဘောမကျနဲ့. . . နှုတ်ခမ်းမွှေးနဲ့ဆို ကြည့်ရဆိုးတယ်"

"ရှင်"

ကျွန်တော့်စကားကြောင့် ငွန်ပွင့်လည်း သူ့နှုတ်ခမ်းအပေါ်ဘက်တစ်လျှောက်ကို မလုံမလဲလိုက်စမ်းသလို မိတ်ဆက်ပေးသူကြည်ပြာသည်လည်း ယောင်နနဖြစ်သွား၏။ ကြည်ပြာ၏ကျန်အဖော်နှစ်ယောက်လည်း ကျွန်တော်ပြောသလို နှုတ်ခမ်းမွှေးများရှိနေလေသလားဟူသောသံသယဖြင့် ငွန်ပွင့်ကို ပြူးပြဲကြည့်ကြ၏။ ငွန်ပွင့်သည်း သူ့မှာနှုတ်ခမ်းမွှေးမရှိတာ သေချာသွားပေမယ့် မဝံ့မရဲအသံဖြင့်

"ဘယ်. . ဘယ်မှာလဲ. . . နှုတ်ခမ်းမွှေးမရှိပါဘူး"

"အင်းလေ. . . ဘယ်သူကရော ရှိတယ်ပြောနေလို့လဲ"

"အစ်ကို. . အစ်ကိုပဲ ပြောနေပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com


"အလို စွပ်စွပ်စွဲစွဲ. . မပြောရပါဘူးနော်. . နှုတ်ခမ်းမွှေးထားတာ သဘောကျလားလို့ပဲ မေးတာပါ"

"အို. . ဘာလို့ သဘောကျရမှာလဲ. . . သဘောမကျပါဘူးလို့ဖြေပြီးပြီလေ"

"ဒါပဲပေါ့. . . ဇွန်ပွင့်က မိန်းကလေးပဲဥစ္စာ. . . ဘယ်လိုလုပ်နှုတ်ခမ်းမွှေးထားတာ သဘောကျမှာလဲ. . . ပြီးတော့ ဘယ်လိုလုပ်နှုတ်ခမ်းမွှေးက ပေါက်မှာလဲ. . . မဟုတ်ဘူးလား"

"အင်းလေ. . ဟုတ်တယ်လေ. . . အဲဒါကို အစ်ကို ဘာဖြစ်လို့ နှုတ်ခမ်းမွှေးထားတာ သဘောကျသလားလို့မေးရတာလဲ"

"အင်းလေ. . သဘောကျသလားပဲမေးတာ. . ထားတယ်လို့မှ မပြောတာ"

"အို. . ထားရအောင် ဇွန်ပွင့်က မိန်းကလေးပဲဥစ္စာ. . . ဘယ်ကနှုတ်ခမ်းမွှေးက လာပေါက်ရမှာလဲ"

"မှန်တာပေါ့. . . တို့လည်း ဒါပဲပြောနေတာပဲဥစ္စာ"

"ဟာ. . အစ်ကို့ကိုရှင်းနေတာနဲ့ပဲ ဘာဆက်ပြောလို့ပြောရမှန်း မသိတော့ဘူး. . . ရှုပ်ယှက်ခတ်ကုန်ပြီ. . အဟင်း ဟင်း"

"ခစ် ခစ် ခစ် ခစ်"

ဇွန်ပွင့်လည်း ရှင်းလေရှုပ်လေဖြစ်ကာမှ ကျွန်တော် သက်သက်မဲ့ အကြောင်းရိုက်မှန်းသိကာ ရှက်ရယ်ရယ်သလို ကြည်ပြာတို့လည်း မနေနိုင်ဘဲ ရယ်မိကြလေသည်။

"အင်း. . အဲဒါကြောင့် ကြည်ပြာက ကြိုတော့သတိပေးထားသား. . . အစ်ကိုနဲ့မိတ်ဆက်ပေးရင် သတိတော့ထား. . . အစ်ကိုက အစသန်တယ်တဲ့"

ရှက်ရယ်ရယ်နေရင်းမှ အကြောင်းရိုက်ခံရမှုကို ဖာထေး စကားဆက်ဆိုသော ဇွန်ပွင့်၏စကားအဆုံးမှာ ကြည်ပြာလည်းရှင် လက်စသတ်ရင်း ကျွန်နှစ်ယောက်နှင့်ဆက်မိတ်ဆက်ပေး၏။

"သူ့နာမည်က နှင်းဥတဲ့. . . သူကတော့ ငွေလို့ခေါ်တယ်


www.burmeseclassic.com

www.burmeseclassic.com


. . . အာလုံး ကြည်ပြာနဲ့ကလပ်စ်မိတ်တွေချည်းပဲ"

"ဩော် ဟုတ်လား. . . ခုလို သိက္ခာမ်းခွင့်ရတဲ့အတွက် ချက်ချင်းပဲ ချမ်းလာလိုက်၊ ချက်ချင်းပဲ ပူအိုက်လာလိုက်ဖြစ်ရပါတယ်. . . ဒါတောင် စိုစိုစွတ်စွတ်နဲ့နေရတာက အဆစ်ပါလိုက်သေးတယ်"

"ရှင်"

"အင်းလေ. . . ဘာပဲဖြစ်ဖြစ် ခုလိုရာသီဥတုသုံးပါးစလုံးနဲ့ တစ်ပြိုင်နက်တည်းသိက္ခာမ်း မိတ်ဆွေဖြစ်ခွင့်ရလို့ ဝမ်းသာပါတယ်"

"ရှင်"

"ဟင်. . ဘာဆိုင်လို့လဲ"

မိတ်ဆက်ပေးသည်နှင့် မဆီမဆိုင်စကားများကို ပြောဆိုသော ကျွန်တော့်ကိုကြည်ပြာနှင့်တကွ မချောသုံးယောက်စလုံးက ပြူးကြောင်ကြောင်ကြည့်နေကြသည်မှာ ရှေးစာဆိုထဲကလို မိတ္ထီလာ တန်တော်အောက်ကကောက်ခဲ့သည့် ဖားတွေလို မျက်လုံးရယ် ကြောင်တောင်တောင်နှင့် ဖားကောင်ကသေးဆိုပြီး ဘဝပြောင်းကုန်ကြသည်။ ကျွန်တော် ရယ်ချင်စိတ်ကို ဖုံးဖိပြီးရှင်းပြရသည်။

"ဩော်. . ပြောချင်တာက ဒီလိုပါ. . . ကြည်ပြာ့သူငယ်ချင်းသုံးယောက်ရဲ့နာမည်က တစ်ယောက်ကဇွန်ပွင့်၊ နောက်တစ်ယောက်က နှင်းဥ၊ ကျန်တစ်ယောက်က ငုဝါဆိုတော့ ဇွန်ပွင့်ဆိုတာက ဇွန်က မိုးရာသီရဲ့လတစ်လ. . အဲ. . နှင်းဥဆိုတာက ဆောင်းရာသီရဲ့ သင်္ကေတဖြစ်ပြီး ငုဝါဆိုတဲ့ပန်းက နွေရာသီမှာပွင့်တာလေ. . . ဒါကြောင့် သုံးယောက်ပေါင်းတော့ မိုးဆောင်းနွေဆိုတဲ့ ရာသီဥတုသုံးပါး ဖြစ်သွား ရောမဟုတ်လား. . . အဲဒါကို ပြောတာ"

"ဩော်. . ဘာများလဲလို့. . . ရယ်ရတယ်. . ခစ် ခစ်"

"အေးလေ. . . သူပြောတာနဲ့ ဒီမှာ ရှုံးတောင်ရှုံးတော့မလို့ ကောင်းတယ်"

"ခစ် ခစ် ခစ်"


www.burmeseclassic.com

www.burmeseclassic.com

ကြည်ပြာတို့အဖွဲ့ ကျွန်တော်ပြောတာသဘောကျပြီး တခိုးခိုး တခစ်ခစ်ရယ်မောနေစဉ်မှာပင် ကျွန်တော်က ပြုံးတုံ့တုံ့မျက်နှာထား ဖြင့်

"ဘာပဲပြောပြော ရာသီဥတုသုံးပါးနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုများကျင့်ကြံနေထိုင်သလဲဆိုတာ ကြည်ပြာ့ဆီက နည်းနာ တောင်းထားဦးမှပဲ. . . နို့မဟုတ်ရင် အခုပဲရင်ကျပ်ရမလို. . အခုပဲ အပူကန်ရမလို. . အခုပဲ အအေးမိပြီးဖျားနာရမလိုနဲ့ တော်တော် မလွယ်ဘူး"

ဟု အသောဆက်ဖောက်ရာ မချောတို့ရယ်လက်စမသတ်နိုင် ဖြစ်ကြရပြန်သည်။ အတန်ငယ်ကြာအောင်ရယ်ပြီးခါမှ ကြည်ပြာ လည်း ရယ်လက်စသတ်ရင်း

"ကဲ ကဲ. . ရယ်တာရပ်ကြဦး. . . နင်တို့နဲ့ မိတ်ဆက်ပေးရ ဦးမယ်. . . သူ့နာမည်က ကိုခေတ်ကောင်းတဲ့. . . ရုက္ခဗေဒ တတိယ နှစ်ကဲ"

ဟူ၍ ကျွန်တော့်နာမည်ကို ထုတ်ဖော်ပြောရင်းမိတ်ဆက် ပေးရာ မချောသုံးယောက်လည်း ပြန်လည်နောက်ပြောင်ကျီစယ်လို သောအကြည့်များဖြင့် ကြည့်ကြ၏။ ထို့နောက် ဖွန့်ပွင့်က

"သြော်. . ဟုတ်ကဲ့. . . ခုလိုသိရတဲ့အတွက် ဝမ်းများများ သွားပါစေ ကိုခေတ်ကောင်း"

ဟု ဦးစွာ တုံ့ပြန်အသိအမှတ်ပြုသလို နှင်းဥကလည်း

"ဟုတ်ကဲ့. . . ခုလို ရန်ကုန်တက္ကသိုလ်ရဲ့ နာမည်ကျော် လူ ရွှင်တော်တစ်ယောက်နဲ့ သိခွင့်ရတဲ့အတွက် နောက်ကျောမလုံသလို ခံစားရပါတယ်"

ဟု အားကျမခံနှိပ်ကွပ်လေသည်။ ထို့အတူ ငုဝါကပါ

"ဟုတ်ကဲ့. . . ဗရုတ်သုက္ခ. . အဲလေ. . ရုက္ခဗေဒကျောင်း သားကြီးတစ်ယောက်နဲ့ ခုလိုခင်မင်ခွင့်ရအောင် ကျွန်မတို့ကို မိတ်ဆက် ပေးတဲ့ သူငယ်ချင်းကြည်ပြာကို ငယ်ထိပ်သုံးချက်လောက်ထုပစ်လိုက်


www.burmeseclassic.com

ချင်ပါတယ် ကိုခေတ်မကောင်း. . . အဲလေ. . ကိုခေတ်ကောင်း"

"ခစ် ခစ် ခစ် ခစ်"

ကျွန်တော့်ကို ပြန်လည်နှိပ်ကွပ်ခွင့်ရသဖြင့် အူမြူးနေကြသော မချောတို့ကိုဝေ့ကြည့်ပြီး

"ဟုတ်ပါပြီ. . . ညီမတို့က ကိုယ်နဲ့သိခွင့်ရလို့ ခုလိုလှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတနည်းဖြစ်ပြီး ကိုယ့်ရဲ့ဂုဏ်ပုဒ်တွေကို ချီးမြှောက်ပြောဆိုကြတဲ့အတွက် ကျေးဇူးတင်ပါတယ်. . . နောက်လည်း မတွေ့ရင် မခေါ်မပြောဘဲနေနိုင်ပါတယ်"

ဟု အရွှန်းဆက်ဖောက်ပေးလိုက်ရာ သူတို့လေးတွေလည်း

"ဟင်. . အဲလိုကြီးတော့လည်း စိတ်မနာသွားပါနဲ့. . . မတွေ့မှတော့. . ဟင်. . . အဲ. . ဘယ်လိုခေါ်လို့ပြောလို့ရမှာလဲလို့"

ဟူ၍ တစ်ချက်ကြောင်သွားပြီးနောက်

"အေးလေ. . ရယ်ရတယ် ခစ် ခစ် ခစ်"

ဆိုပြီး ရယ်ကြပြန်သည်။ ကျွန်တော်နှင့် ကြည်ပြာလည်း တစ်ယောက်ကိုတစ်ယောက်ကြည့်မိကာ သူတို့နှင့်ရောနှောရယ်မောလိုက်ကြလေသည်။ ထိုအခိုက်မှာပင်

"ဩော်. . မင်းကတော့ ဒီမှာလာပြီး ရယ်လားမောလား သုပ်နိုင်သေးတယ်ပေါ့လေ. , ဟုတ်လား"

ဆိုသော အလိုမကျကြိမ်းမောင်းသံနှင့်အတူ ဒေါသကိုဆောင်ကွပ်ထားသော သစ်လွင်ဦးကို ဘွားခနဲတွေ့လိုက်ရသဖြင့် ကြည်ပြာတို့မိန်းကလေးအုပ်စု ထိတ်လန့်တကြားဖြစ်ကုန်ကြသည်။ ကျွန်တော်ကတော့ ဘာမှထူးခြားဟန်မပြဘဲ အရယ်အပြုံးမျက်နှာဖြင့်ပင် "ဘာများလဲ"ဟူသောသဘောဖြင့် မေးဆတ်ပြလိုက်၏။

ဘူးသီးကြော်သုပ်တစ်ပွဲ အပိုဆောင်းလာချပေးသော အန်တီချစ်ကလည်း

"ဟဲ့ ဟဲ့. . သူငယ်ချင်းတွေပဲ. . . ပြောစရာရှိရင် ကောင်းကောင်းမွန်မွန်ပြောကြမှပေါ့. . . ဘာလို့ ဒေါသပါရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ဟူ၍ စိုးရိမ်မကင်းနိုင်စွာ ဖျောင်းဖျ၏။ သို့သော် ပေါက်ကွဲ ဒီရေတိုးမှုကို တားဆီးနိုင်ဟန်မတူသော သစ်လွင်ဦးက

"အန်တီချစ် ဘာသိလို့လဲ. . . ဒီကောင် ခေတ်ကောင်း တော်တော်တရားလွန်တယ်ဗျ သိလား"

ဟု တိုင်သလိုတောသလိုလုပ်ရာ ကျွန်တော်တို့ကျောင်းသား တွေကို သံယောဇဉ်ကြီးသော အန်တီချစ်မှာလည်း နေရာပြန်မသွား နိုင်သေးဘဲ ဆက်လက်နှစ်သိမ့်နေ၏။

"အောင်မလေး. . . မင်းတို့သူငယ်ချင်း အစအနောက် ကြမ်းတာသိရဲ့သားနဲ့. . . ကဲ ပြော. . . သူ ဘာတွေလုပ်ထားလို့ လဲ. . . သူ့ကို အန်တီချစ်ဒဏ်ခတ်တဲ့အနေနဲ့ ဘူးသီးကြော်ဖိုး နှစ်ဆ တိုးယူလိုက်မယ်"

"သူ အစကြမ်းတာ ကျွန်တော်သိပါတယ်. . . ဒါပေမဲ့ အခု ဟာက လွန်ကိုလွန်တယ်. . . ကျွန်တော့်ဘဝနဲ့ဆိုင်တယ်. . . ဒီကောင့်ကို ကျွန်တော်ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး"

ပြောလေ ကဲလေ၊ မန်းလေ ပြလေဖြစ်နေသော သစ်လွင်ဦး ကို ကျွန်တော်စေ့စေ့ကြည့်ပြီး ပုံမှန်လေသံဖြင့် စုံစမ်းရသည်။

"ကဲ ပြောစမ်းပါဦး. . . ငါက ဘာတွေတရားလွန်နေလို့လဲ"

"လွန်တာပေါ့ကွ. . . မင်း. . မင်းတို့ ယမုံခင်ကို ဒီလိုလုပ် တာကောင်းလား"

"ဟင်. . ဘယ်က ယမုံခင်လဲ"

"ဘယ်က ယမုံခင်ကမှာလဲ. . . ငါ့ကောင်မလေး ယမုံခင် ပေါ့ကွ"

"သြော်. . အေး သိပြီ. . . ဟိုတလောက ကျောင်းလခသွင်း ရင်းနဲ့ ဖိနပ်ပြတ်သွားလို့. . . မင်းကူညီပေးလိုက်တဲ့ မဒီလေးလေ"

"အေး. . ဟုတ်တယ်. . သူပဲ"

"အင်း ပြောပါဦး. . . အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲကွ. . . သူ့ကို ငါရည်းစားစာပေးလိုက်တာ

www.burmeseclassic.com


မြွေပွေးကိုကိုက်ရောပဲကွ"

"ဟော ဟုတ်လား. . . ဘာလဲ. . စာပေးရင်းနဲ့ စာအိတ်ထဲမှာ မြွေပွေးပါထည့်ပေးလိုက်လို့လား"

"အေး ဟုတ်တယ်. . . မြွေပွေးမှ တစ်ကောင်တည်းမဟုတ်ဘူး. . . လေးကောင်တောင်ကွ သိရဲ့လား"

"ဟာကွ. . မင်းနှယ် တော်တော်အတာပဲ. . . မြွေပွေး ခါးပိုက်ပိုက်လို့ပဲ ကြားဖူးပါတယ်. . . ဘယ့်နှယ့်. . စာအိတ်ထဲ သွားထည့်လိုက်ရတာလဲ. . . မတော် သူ့ထဘီခါးပုံစထဲထည့်ပေးလိုက်ရင်ရတဲ့ဟာကို. . . ဒါနဲ့ အခု ယမုံခင်အခြေအနေက ဘယ်လိုလဲ. . . အဆိပ်က အတော်ပြင်းမယ်. . . ဆေးကော မမီတော့ဘူးလား . . . သူ့ရှာပနကို ဘယ်လိုစီစဉ်ထား. . ထား. ."

"ဟော့ကောင်. . ခေတ်. . ကောင်း. . . မင်း ဘာတွေလျှောက်ပြောနေတာလဲ. . . ငါ တင်းလာပြီနော်. . . ငါ လူသတ်မိတော့မယ်"

"စိတ်ကိုထိန်းပါ သူငယ်ချင်းရယ်. . . သတ္တဝါတစ်ခု ကံတစ်ခုလို့ ဆိုထားတယ်မဟုတ်လား. . . သေတဲ့လူကလည်း သေပြီပဲကွာ. . . တစ်ရာနဲ့ဖြေမှပေါ့. . . အဲလေ. . . တရားနဲ့ ဖြေမှပေါ့"

မျက်နှာသေလေးနှင့် တရားချနေသော ကျွန်တော့်ကိုကြည့်ပြီး သစ်လွင်ဦး ပိုမိုပေါက်ကွဲလာရသည်။ ကြည်ပြာအပါအဝင် ဘူးသီးကြော်ဆိုင်ထဲရှိသူ အားလုံး ကျွန်တော်နှင့်သစ်လွင်ဦးအခြေအနေကိုမျက်ခြေမပြတ် အကဲခတ်နေသည်ကို သတိပြုမိသည်။ သတိမပြုမိဘဲ ဒေါသအမျောင်ဖုံးနေသူကတော့ အမိုက်သားသစ်လွင်ဦးသာဖြစ်ချေသည်။

"ဟော့ကောင်. . . တစ်ရာနဲ့လည်း မဖြေနိုင်ဘူး. . . တရားနဲ့လည်း မဖြေနိုင်ဘူး. . . မင်းတို့လုပ်ပုံ ကောင်းသေးရဲ့လား ပြောစမ်းကွ"

"ရော် ဒုက္ခပါပဲ. . . လိုရင်းကိုမရောက်ဘူးဖြစ်နေတယ်. . .


www.burmeseclassic.com

www.burmeseclassic.com


ကဲ ပြော. . ငါတို့က မင်းကိုဘာလုပ်ထားလို့လဲ"

"ဘာလုပ်ရမှာလဲ. . . ငါ ယမုံခင်ကိုပေးဖို့ အပီကြွေထားတဲ့ ရည်းစားစာကို ငါမသိအောင်ခိုးယူပြီး အဲဒီရည်းစားစာပေါ်မှာ အောင်ခင်ရယ်၊ ငွေဝင်းရယ်က 'ဤချစ်ခွင့်ပန်ကာ ချစ်အခြေ တောင်းသူ ဖိနပ်ချုပ်သမား မောင်သစ်လွင်ဦးသည် ကံငါးပါးကို (မုသာဝါဒကံမှအပ) ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံသူဖြစ်ကာ ရိုးသား ဖြောင့်မတ်ပြီး အကျင့်စာရိတ္တကောင်းမွန်သည့် လူပြိုစင်စစ်ဖြစ် ကြောင်းထောက်ခံပါသည်၊ ပြန်ချစ်လိုက်ပါ'ဆိုပြီး လက်မှတ်ထိုး ထားတာကို မင်းက 'ထပ်ဆင့်ထောက်ခံပါသည်။ ဤစာကို ဖတ်ပြီးပြီး ချင်း အချိန်မဆိုင်းဘဲ ချက်ချင်းပြန်ချစ်လိုက်ပါရန်'ဆိုပြီး ရေးလိုက် တဲ့ကိစ္စလေကွာ"

"ဟင်"

"အို"

"ဝါး ဟား ဟား ဟား"

သစ်လွင်ဦးစကားကိုနားထောင်ပြီး အခြေအနေကိုလိပ်ပတ် လည်သွားကြသူများလည်း ပါးစပ်ပိတ်မထားနိုင်တော့ဘဲ အိတ်သွန် ဖာမှောက်ရယ်မိကြတော့သည်။ ကျွန်တော်ကမူ ဣန္ဒြေရရဖြင့်

"ဩော်. . ဘာများလဲလို့. . . ဒါလား"

ဟူ၍ မထူးဆန်းသလိုဆိုလိုက်ရာ သစ်လွင်ဦး ဆတ်ဆတ် နာသွားရပြန်သည်။

"ဟင်. . ဒီ. . ဒီလောက်အကြီးကြီးလုပ်ထားတာကိုတော ဘာများလဲလို့ ဟုတ်လားဆိုပြီး သေးသေးလေးလုပ်နေနိုင်သေးတာ ဟုတ်လား"

"ဩော်. . မင်းကလဲကွာ. . . အားနာမနေပါနဲ့. . . ကို အချင်းချင်းတွေပဲဟာ ဒီလောက်တော့လုပ်ပေးရမှာပေါ့. . . လက် မှတ်လေးထိုးပြီးထောက်ခံပေးရုံပဲဥစ္စာ. . . ဘာအပန်းကြီးတာမှတ်လို့"

"ဟား. . ဒီလောက်ပြောနေတဲ့ကြားက သေ. . သေ. .



www.burmeseclassic.com

www.burmeseclassic.com


ကြစမ်းပါကွာ"

"ဟေ ဘာဖြစ်လို့လဲ. . . ယမုံခင်က ဘာပြောလို့လဲ. . . မင်းကို ပြန်ချစ်ဖို့ အတွင်းရေးမှူးနဲ့ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဌေးဝင်းနဲ့ အောင်ခင်တို့ လက်မှတ်ထိုးပေးရုံနဲ့မလုံလောက်မှာစိုးလို့ ဥက္ကဋ္ဌဖြစ်တဲ့ ငါကိုယ်တိုင်ကပါ ထပ်ဆင့်ထောက်ခံညွှန်ကြားချက်ပေးထားတာကိုတောင် သူက မလိုက်နာဘဲ အာခံနေလို့လား ပြောစမ်းပါဦး. . . ဟွန်း. . သယ်လေ"

"ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

ကျွန်တော့်လုပ်ပိုင်ခွင့်မာန်ကို ဟန်ပါပါပြလေရာ အားလုံးမရယ်ဘဲမနေနိုင်ဘဲ ရယ်ကြလေသည်။

တကယ်တော့ တက္ကသိုလ်မှာ ကောင်မလေးတွေကိုကြည့်ပြီး ဒီကောင်မလေးကတော့ လှတယ်၊ ဒါပေမဲ့ ဆွဲဆောင်မှုမရှိဘူး။ ဒါကြောင့် ရိုးရိုးပဲအောင်တယ်၊ အမှတ် (၄၀)ပဲ ပေးလိုက်တယ်။

ဟိုကောင်မလေးကတော့ ရုပ်ရည်ရော၊ ခန္ဓာကိုယ်ပါ ချောမောပြေပြစ်တဲ့အပြင် မျက်နှာလည်းချိုတယ်၊ ဒါကြောင့် အမှတ်တစ်ရာအပြည့်နဲ့ ဂုဏ်ထူးပေးလိုက်မယ်။

ဟိုတစ်ယောက်ကတော့ အပြစ်ပြောစရာမရှိပေမယ့် မျက်နှာထားမာတယ်၊ ဒါကြောင့် အမှတ် (၁၀၀)ထဲက (၂၀) ထပ်နုတ်တယ်။ ဂုဏ်ထူးရရုံပဲထားလိုက်။

အံမယ်. . ဒင်းက မလှရတဲ့အထဲ လမ်းလျှောက်တာ ကြွစောင်းစောင်းနဲ့။ ဒါကြောင့် (၁၅) မှတ်ပဲပေးတယ်ဆိုပြီး သူငယ်ချင်းချင်း ပျော်စရာဖန်တီးရင်း ပါးစပ်ဖြင့်ဖွဲ့ထားသည့် အမှတ်ပေးကော်မတီကိုရည်ညွှန်းကြောင်း ကျောင်းသားကျောင်းသူတိုင်း သဘောပေါက်ပြီးဖြစ်ကြသည်။ သည်ထဲမှာမှ အမှတ်ပေးဖွဲ့ကောင်းသူတစ်နည်းအားဖြင့် မိန်းကလေးများ၏အလှကို ခံစားအားပေးခွင့်ရှိအချိန်ပေးနိုင်သူတွေက ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေ အလိုလို


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သွားရသည်။

"ဟာ. . ပြောရင်းဆိုရင်း သေသာသေလိုက်ချင်တော့တယ် . . . မင်းတို့ အဲသလိုလုပ်လိုက်လို့ ယမုံခင်က ငါ့အချစ်ကိုလုံးဝမယုံတော့ဘူးကွ. . . ငါ့ကို ရစရာမရှိအောင် ပက်ပက်စက်စက်ပြောလွှတ်တဲ့အပြင် သူ့ကိုလာချိုးတယ်ထင်ပြီး ပါးတောင်မှသုံးချက်တောင် ဆင့်ပြီးရိုက်ထည့်လိုက်သေးတယ်ကွ. . . မင်းတို့ သိလား. . . အဟင့် ဟင့် ဟင့်"

သစ်လွင်ဦးပြောရင်းပြောရင်း ထိခိုက်ကြေကွဲကာ ငိုသံကြီးပါလာလျက် မျက်ရည်တွေဝိုင်းတက်လာသည်။ ကျွန်တော်လည်း သူငယ်ချင်းချင်း ဖျောင်းဖျနှစ်သိမ့်ရမည့်တာဝန်ရှိသည်ဆိုတာထက် သူငိုတာ ဘယ်လိုမှကြည့်မကောင်းဘဲ ဘီလူးရှောက်သီးစားထားသည့် ရှုပ်ထွက်နေသော သူ့မျက်နှာကို မကြည့်လိုသည့်အကြောင်းကြောင့်

"ကဲပါကွာ. . သိပ်လည်း ဝမ်းပန်းတနည်းဖြစ်မနေပါနဲ့. . . ယမုံခင်က အထူအပါးနားမလည်ဘဲ ငြင်းလိုက်တော့ရော ဘာဖြစ်သွားတာမှတ်လို့. . . မင်းလည်း တစ်နေ့သွားရင်းလာရင်း သူ့လိုပဲ ဖိနပ်ပြတ်တဲ့ကောင်မလေးတစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့ဦးမှာပဲဥစ္စာ"

"ဘာကွ. . . မင်းပြောပုံအရဆိုရင် ငါကပဲ ဘယ်ကောင်မလေး ဖိနပ်ပြတ်မလဲ လိုက်ကြည့်ပြီး ခွင်ဆင်သလိုဖြစ်နေပြီ"

"ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ်"

"ဩော်. . ငါပြောတာ အဲဒီသဘောမဟုတ်ပါဘူး. . . မိန်းကလေးတွေရဲ့အရှက်နဲ့သိက္ခာကို တတ်နိုင်တဲ့ဘက်က စောင့်ရှောက်တတ်တဲ့မင်းစေတနာ မင်းကို အကျိုးပေးမယ်ဆိုတဲ့အကြောင်း ကြိုတင်နမိတ်ဖတ်ပေးတာပါကွ"

"အိုကွာ. . ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ ငါလုံးဝမေ့ နိုင်ဘူး. . . မင်းဘယ်လိုရှင်းပေးမလဲ ပြော. . . အခု ငါတော်တော်


www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတယ်. . . ငါ ယမုံခင်ကို တကယ်ချစ်တာကွ သိလား"

"အေး. . အေးပါကွာ. . . သိပါတယ်"

ဟု နှုတ်မှ အလိုက်သင့်ပြောလိုက်ပေမယ့် စိတ်ထဲကမူ 'အရင်ကောင်မလေးတွေတုန်းကလည်း ဒီလိုပဲပြောခဲ့တာပဲ. . နောက်ကောင်မလေးတွေတွေ့ရင်လည်း ဒီလိုပဲပြောဦးမှာပဲ'

ဟု ပြန်ပြောမိသည်။ ဘာပဲပြောပြော ကောင်မလေးတွေသာပြောင်းသွားကြသည်။ သစ်လွင်ဦးကတော့ အပြောမပြောင်းဘဲ စကားတည်သည့်အတွက် လေးစားဖို့ကောင်းသည်။ သို့ပေမယ့် သည်လိုအချိန်မှာ သည်လိုလေးစားနေတာကို ထုတ်ပြောလို့မဖြစ်။ မိုးမီးလောင်သွားနိုင်သည်။ အလွမ်းနှင့်ဒေါသကို အလှည့်ကျစနစ်ဖြင့်ဖြန့်ဝေနေသောသစ်လွင်ဦးကို သည်နေရာမှမြန်မြန်ခွာသွားစေရန်ကျွန်တော်ကြံရတော့သည်။

"အင်း. . ပြောရရင် ဒီကိစ္စရဲ့အဓိကတရားခံက ငါလည်းမဟုတ်ဘူး. . . အောင်ခင်လည်း မဟုတ်ဘူးကွ"

"ဒါ. . ဒါဆို ဌေးဝင်းပေါ့. . . ပြော. . အဲဒီကောင် ဘယ်မှာလဲ. . . ငါသတ်မယ်"

"မင်းသတ်လည်း မထူးတော့ပါဘူးကွာ. . . သူ့ခမျာလည်းသနားစရာပါကွာ"

"ဒီကောင်က ဘာသနားစရာကောင်းလို့လဲ"

"အေးကွ. . . ငါလည်း စောစောကမှသိတာ. . . အဲဒါ မင်းတို့ကို လာအသိပေးမလို့ပဲ. . . ဒီမှာ စကားမပြတ်သေးတာနဲ့"

"အေးပါ ဟုတ်ပါပြီ. . . ဌေးဝင်း ဘာဖြစ်လို့လဲဆိုတာသာပြောစမ်းပါ"

သစ်လွင်ဦး သိလိုစိတ်ရေချိန်တိုးလာသလို ကြည်ပြာတို့လည်းမနေမသာပီပီ စပ်စုချင်လာကြသည်။ ကျွန်တော်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ပြီးမှ လေသံနှိမ့်ကာ

"တခြားတော့ မဟုတ်ဘူးကွ. . . အေကိုက်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

"အို"

"ဟင်. . ဟုတ်. . ဟုတ်လို့လား"

"သေ. . သေချာလို့လားကွာ"

အားလုံး၏နှုတ်ဖျားမှ အာမေဋိတ်သံများ ခုန်ထွက်လာသည်။ ကျွန်တော်ခေါင်းခါရမ်းပြီး

"အေးကွာ. . ငါလည်း သတင်းကြားကြားချင်း မယုံနိုင်ပါဘူး . . . ဒါပေမဲ့ မယုံလို့လည်း မရဘူးကွ. . . ဒီကောင့် အိမ်နီးချင်း ကိုယ်တိုင်ကပြောပြတာ. . . ဒီကောင့်ခမျာ ပိုက်ဆံမရှိရတဲ့ကြားထဲ ဒုက္ခပါပဲကွာ"

"ဪ. . ဒါကြောင့် ဒီကောင့်ကို ဒီရက်ပိုင်းအတွင်း ကျောင်းတက်တာမတွေ့ရတာကိုး. . . ဒီလိုရောဂါသည်မျိုးဆိုတာက မဖယ်ကြဉ်ကောင်းဘူးကွ. . . အနီးကပ်ပြုစုစောင့်ရှောက်ပြီး အားပေးနေရမှာ. . . ဘာပြောပြော. . . ကိုယ့်သူငယ်ချင်းချင်းဆိုတော့ ပိုပြီးတောင် ဂရုစိုက်ရမှာပေါ့ကွာ. . . ကဲ. . ဒါဆို မင်းလည်းလုပ်စရာရှိတာ ဆက်လုပ်ထား. . . ငါလည်း ဟိုကောင်တွေကိုသွားပြောပြီး ဒီကောင့်ကုသစရိတ်အတွက်သုံးရအောင် ပိုက်ဆံလိုက်ကောက်လိုက်ဦးမယ်"

"ကောင်းတာပေါ့"

"ဒါဆို ကြည်ပြာတို့လည်း နီးစပ်ရာသူငယ်ချင်းတွေဆီက ပိုက်ဆံလိုက်ကောက်ပြီး တတ်နိုင်သလောက်ကူညီပေးမယ်လေ"

"ဟင်. . ဪ. . အဲ. . ကောင်း. . ကောင်းတာပေါ့. . အဟင်း"

ဌေးဝင်းသတင်းကြားပြီး ကြည်ပြာတို့ကပါ ကရုဏာသက်ကာ ငွေစုကောက်ပေးမည်ပြောလာကြသဖြင့် ကျွန်တော်ခေါင်းငြိမ့်ပြလိုက်ရသည်။

သစ်လွင်ဦး ယမုံခင်ကိုမေ့ပြီး ဌေးဝင်းအတွက် ပူပန်စိတ်ဖြ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ လောလောလောလောထွက်သွားပြီးနောက် ချက်ချင်းဆို သလို တစ်စုံတစ်ရာကို သတိရသလို ပြန်လှည့်လာကာ

"ဩော်. . ဒါနဲ့. . . ဒီကောင့်အိမ် မင်းသိတယ်မဟုတ်လား . . . ညနေ အတန်းဆင်းရင် သွားလိုက်ကြရအောင်"

ဟူ၍ ဆန္ဒစောပြနေရာ ကျွန်တော်လည်း ကြည့်ကောင်း အောင်ပြောပြီး ဘရိတ်အုပ်ပေးရသည်။

"နေဦးကွ. . . ဒီကောင်က ပြည်မှာဆိုလား၊ ဘယ်မှာဆို လားမသိဘူး. . . A ကို နိုင်တဲ့ ဘီဘီအက်စ်ဆီမှာ ဆေးသွားကုနေ တယ်တဲ့"

"ဘာလဲ. . A ကို နိုင်တဲ့ ဘီဘီအက်စ်ဆိုတာ မကြားဖူးပါ ဘူး"

"ဩော်. . ဘားမားဗိန္ဒောဆရာကို ပြောတာ"

"ဒါဆို ဒီကောင်. . . ဘယ်နေ့လောက် ပြန်ရောက်မယ် ပြောလဲ"

"နောက်လေးရက်လောက်ဆို ပြန်ရောက်မယ်ပြောတာပဲ"

"အေးကွာ. . ဒါဆိုလည်း အဲဒီကျမှသွားတာပေါ့. . . လောလောဆယ်တော့ မောင်းတီးပြီး ငွေကောက်လိုက်ဦးမယ်"

"ကောင်းတယ်. . . သူကြီးမင်း"

"ဘာလဲကွ. . . နေရင်းထိုင်ရင်း လူကိုလာပြီး သူကြီးမင်း ဘာလဲ"

"ဟိုလေ. . ဩော်. . မင်းက မောင်းတီးပြီး ငွေကောက်မယ် ဆိုတာနဲ့ ငါလည်း ဗီဒီယိုကားထဲရောက်နေတယ်ထင်ပြီး သူကြီးမင်း လို့ ယောင်ခေါ်လိုက်မိတာပါ"

"ဟင်း. . အရေးထဲမှာ မင်းကတစ်မျိုး"

သစ်လွင်ဦး ယောကျ်ားတန်မဲ့ မျက်စောင်းကြီးထိုးပြီး ထွက် သွားခါမှ ကျွန်တော်လည်း သက်ပြင်းချနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

-၁၄-

သည်ကနေ့ စုတ်ချွန်းတစ်ယောက် မကြုံစဖူးထူးကဲစွာ ထမင်းချိုင့်ဖြင့်ကျောင်းတက်လာသည်ကို တွေ့ရသည်။

သို့သော် ပါလာသောထိုထမင်းချိုင့်က ကျွန်တော်တို့ကို ကြွေးမွေးဖို့တော့မဟုတ်တန်ရာ။ ဟင်းချက်ကောင်းသည်ဟု သူကြွားပြီး ကော်လုံးပေး ရည်းစားတော်ထားသော မိုးသီတာအတွက် ရည်စူးထားခြင်းရှိလေသည်။

ကြည့်ရသည်မှာ သူ့ရည်းစားလေးသည် ကြော်လှော်ချက်ပြုတ်ရေးမှာ လက်ကြောမတင်းသည့်အတူတူ ယောကျ်ားတန်မဲ့ မီးဖိုချောင်ကိစ္စ စိတ်ဝင်စားသူကို လက်တွဲဖော်အဖြစ် ခေါင်းညိတ်လိုက်ဟန်တူသည်။

ကျွန်တော်တို့ သည်ကော့င်ကို မှတ်လောက်အောင် ပညာပေးချင်လာသည်။ ကျွန်တော်တို့ရှေ့မှာတော့ သူဟင်းချက်ကောင်းကြောင်း အပ်ကြောင်းထပ်အောင်ပြောနေသော်လည်း တစ်ကြိမ်တစ်ခါဘူးမျှ သူ့လက်ရာကို မမြည်းစမ်းဖူး။ သူပြောသမျှ နားထောင်ခြင်း သရေအခါခါကျခဲ့ရသည်သာ အဖတ်တင်သည်။ သည်ကနေတော့ သည်လိုကောင်ကိုပညာမပေးလို့ ဘယ်လိုကောင်ကို ပညာပေးရည်နည်း။

သတ္တဗေဒလက်တွေ့ချိန်ပြီးသည်နှင့် စုတ်ချွန်းလည်း ပင်း



www.burmeseclassic.com

www.burmeseclassic.com

ချိုင့်ဆွဲပြီး ရည်းစားလေးဆီပြေးတော့သည်။ ထို့နောက် နှစ်ယောက်သား ကန်တင်းန်ထိုင်ကာ ထမင်းဖြူနှစ်ပွဲမှာ၏။ စုတ်ချွန်းလည်း ဂုဏ်ယူဝင့်ကြွားသောမျက်လုံးများဖြင့် ရည်းစားလေးအားစူးစိုက်ကြည့်ရင်း ဟင်းချိုင့်များကို စားပွဲပေါ်တွင်ခင်းသည်။

စုတ်ချွန်းတစ်ယောက် ရည်းစားမာန်၊ ဟင်းမာန်တက်ပြီး တစ်ဖက်ဝိုင်းမှာထိုင်နေသည့် ကျွန်တော်တို့ကိုပင် စားပါဦးလားဆိုပြီး ပဋိသန္ဓာရစကားဆိုဖို့ပင် အလျဉ်းသတိမရ။

"ဒီကောင်တွေက တကယ်ခေါ်ကျွေးရင် တကယ်စားမယ့်ကောင်တွေ"

ဟူသောအတွေးဖြင့် တွေးကြောက်နေသလားမပြောတတ်။ ကျွန်တော်တို့လည်း နှုတ်ခမ်းကိုယ်စီ မဲ့ရွဲ့ကြပြီး သည်ကောင်တွေစုံတွဲကို ပေစောင်းစောင်းကြည့်နေသည်။

စုတ်ချွန်း ရည်းစားလေးနဲ့ မျက်နှာမလွှဲတမ်း အကြည့်ပြိုင်နေရင်းက ဟင်းများကိုဆယ်ယူကာ ရည်းစားလေးပန်းကန်ထဲ ဦးဦးဖျားဖျားထည့်ပေးလျက် အကြင်နာပိုကြောင်းပြ၏။

ရည်းစားလေးကလည်း ချိုမြမြပြုံးလျက် ဇွန်းခက်ရင်းဖြင့် ဟင်းကိုဖဲ့ယူသည်တွင် တော်တော်နှင့်မရ။ ဘယ်လိုဟင်းထူးဟင်းဆန်းမို့ သည်လောက်တောင်မာကြောရပါလိမ့်ဟူသော စူးစမ်းမှုဖြင့် သေချာ အကဲခတ်ကြည့်သည်တွင်

"ဟင်. . နင်. . ဒါ. . ဒါ. . သက်သက် ယုတ်မာတာ"

ဟု မာန်မဲပြစ်တင်ရင်း ထွေးအန်တော့မတတ် မျက်နှာကြီး ရှုံ့မဲ့လာသည်။ စုတ်ချွန်း ရှင်းခွင့်မသာလေပြီ။

"မဟုတ်. . မဟုတ်. . ဒါ. . ဒါ. . ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိဘူး"

"ဘာမသိရမလဲ. . . ဒါ နင်. . ငါ့ကို သက်သက်လုပ်တာ. . . အလကားကောင်. . ကလိမ်ကကျစ်၊ လူယုတ်မာ. . . နင့်မျက်နှာကို နောက်ဘယ်တော့မှမကြည့်ချင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်. . မဟုတ်ပါဘူး မိုးရယ်. . . ဒါ. . ဒါ တစ်ယောက်ယောက်က. . ."

"တော်. . ဘာမှမကြားချင်ဘူး. . . နင့်လို ယောက်ျားတန်မဲ့ အောက်တန်းကျတဲ့ကောင်မျိုးနဲ့တန်တာကတော့ အဲဒီနင့်ဟင်းအစုတ်ပလုတ်တွေပဲ. . . ကဲဟယ်. . ကဲဟယ်"

"ဂုံး. . ဂလွမ်း"

"ဟာ. . မိုး. . မိုး"

မိုးသီတာ ဒေါသတကြီး ထမင်း၊ ဟင်းခွက်များဖြင့် စုတ်ချွန်းကိုပစ်ပေါက်ပြီး နင့်ပဲဆဲပြောဆိုကာ ငိုယိုထွက်ပြေးသွားလေသည်။ အကြောင်းမှာ ထမင်းပန်းကန်ထဲရှိ ထိုထူးဆန်းသောဟင်းလျာမှာ စောစောက သတ္တဗေဒလက်တွေ့ခန်းတွင် ခွဲစိတ်စမ်းသပ်ခဲ့သည့် ဝက်မြေမနင်းသားပေါက်ရလေး ဖြစ်နေ၍ပင်ဖြစ်တော့သည်။

စုတ်ချွန်း ရှက်စိတ်၊ ပမ်းနည်းစိတ်၊ ဒေါသစိတ်တို့ဖြင့် ဘေးဘီကိုလှည့်ကြည့်ရာ ကျွန်တော်တို့ကိုသတိပြုမိသွားပြီး မီးဝင်းဝင်းတောက်သောမျက်လုံးများကို အဖော်ပြုကာ လက်သီးငေါက်ငေါက်ထိုးလျက်

"ဒါ. . ဒါ. . မင်းတို့လက်ချက်မဟုတ်လား"

ဟု တိုက်ခိုက်ရန်ပြင်ဆင်လေရာ ကျွန်တော်တို့လည်း

"ဟာ. . ဘာဖြစ်လို့လဲကွ စုတ်ချွန်း"

"ဘာဖြစ်ရမှာလဲကွ. . . ငါချက်ထားတဲ့ ဟင်းခွက်ထဲမှာ စောစောက ပရက်တီကယ်ခန်းထဲမှာစမ်းသပ်ခဲ့တဲ့ ဝက်မြေမနင်းသားလေးကို ရောထည့်ထားတာ မင်းတို့မဟုတ်လား"

"ဘာပြောတယ် စုတ်ချွန်း. . . ဝက်မြေမနင်းသား ဟုတ်လား. . . ဟာ. . ဒါ တော်တော်မိုက်ရိုင်းတဲ့ကိစ္စပဲကွ. . . ပြောစမ်း. . ဒီကိစ္စ ဘယ်သူလုပ်တာလဲ. . . သိလို့ကတော့ သူသေကိုယ်သေ ရှင်းပစ်မယ်"

ကျွန်တော်က စုတ်ချွန်းကိုယ်စား စုတ်ချွန်းထက်ပိုပြီးဒေါသ


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ကြည်ပြာ. . နင့်လူကြီးက တော်တော်မလွယ်တာပဲဟ . . . နင်လည်း ဂရုစိုက်ဦးနော်. . . သူ့ကိုယုံစားလို့ တစ်ခါတည်း ဟုတ်ပေ့ဖြစ်နေဦးမယ်"

ဆိုသော နှင်းဥ၏သတိပေးစကားကို ငုဝါနှင့်ဖွန်ပွင့်တို့က လည်း ခေါင်းညိတ်ထောက်ခံကြသည်။ ကြည်ပြာလည်း

"အို. . ငါနဲ့ ဘာဆိုင်တာမှတ်လို့"

ဟု အကြောက်အကန်ငြင်းယောင်ဆောင်ရင်း ဆိုင်များ ဆိုင်လာရင်ဟူသောအတွေးဖြင့် မျက်နှာလေး ရှက်သွေးရောင်လွှမ်း သွားရတော့သည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်. . ငါ့ကို အေကိုက်တယ်လို့ပြောထားတယ် ဟုတ်လား. . . မင်း. . မင်းစော်ကားလှချည်လား. . . အေကိုက်ရအောင် ငါက ဘာတွေမဟုတ်တာ လျှောက်လုပ်နေလို့လဲ. . . ပြောစမ်းပါဦးကွ. . ပြောစမ်းပါဦး"

"အဟီး. . ပြော. . ပြောရမှာလား"

"အေး. . ပြော. . . မဟုတ်တာတွေ ပါလာလို့ကတော့ သေမယ်သာမှတ်"

ဌေးဝင်း နယ်မှပြန်ရောက်ရောက်ချင်း ခရီးရောက်မဆိုက်ကြားလိုက်ရသော သူမသိလိုက်ရသည့်သူ့သတင်းအတွက် အတော်ပင်ထုမနာဖြစ်သွားရသည်။ ထို့ကြောင့် ကျွန်တော်ကပဲ ပြန်ချော့မော့ပြောင်းဖျရသည်။

"ဩော်. . အဲဒီတုန်းက ဒီလိုကွ. . . မင်းတို့ငါတို့ နောက်ပြောင်လိုက်တဲ့ကိစ္စကို သစ်လွင်ဦးက တော်တော်တင်းပြီး သတ်မယ်၊ ဖြတ်မယ် တကဲကဲလုပ်နေတာနဲ့ ငါလည်းခက်ထန်ကြမ်းတမ်းနေတဲ့ သူ့အောင့်စိတ်ရိုင်းတွေကို ဖော့ဖယောင်းလိုပျော့ပျောင်းနူးညံ့သွားအောင် တခ်နူပ္ပတ္တိဉာဏ်နဲ့နည်းနည်းလေး ဇာတ်နာပြပြီး ပြောဆိုလိုက်ရတာပါကွာ. . . တစ်မျိုးမထင်ပါနဲ့"

"ဟ. . ဇာတ်နာပြမယ်ဆိုလည်း ဖြစ်ပြစရာ ရောဂါတွေမှ

www.burmeseclassic.com


လား"

"ဟာ. . ဟုတ်တယ်. . . အဲဒါကောင်းတယ်. . . ဂွတ် အိုင်ဒီယာပဲ. . . ဟေး"

"ဟေး"

ဌေးဝင်း ထွက်ပေါက်တွေ့သွားသလို ဝမ်းသာအားရ ဟစ်ကြွေးထခုန်ချိန်မှာပင် လူမမာကိုလာအားပေးမည့်သူအားလုံးလည်း တက်ညီလက်ညီရောက်ရှိလာကြသည်။

မျှော်လင့်ထားသည်နှင့်ကွဲပြားစွာ အူမြူးနေသော အေဝေဒနာရှင်ဌေးဝင်းကိုတွေ့ရသဖြင့် သည်ကောင်တွေအားလုံးလည်း ကျွန်တော့်ကို လူမမာနှစ်သိမ့်တာတော်တယ်ဆိုပြီး အထင်ကြီးသော အကြည့်၊ လေးစားသောအကြည့်တွေဖြင့် ကြည့်ကြ၏။ ပြီး

"သူငယ်ချင်း နေကောင်းတယ်နော်"

"ကိုဌေးဝင်း. . နေလို့ကောင်းတယ် မဟုတ်လား"

ဟူ၍ ဌေးဝင်းအားကရုဏာသက်စွာဆိုကြ၏။ ဌေးဝင်းလည်း အောင်ခင်တို့ကို မမြင်ဘဲ ကြည်ပြာသူငယ်ချင်းသုံးယောက်တို့ကိုသာ မြင်ပြီး

"ကောင်းမှကောင်း. . ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပဲ"

ဟူ၍ လက်မောင်းဖျစ်ညှစ်ပြမတတ်ဆိုလေ၏။ ထို့နောက်

"ကဲ လာ လာ. . အားလုံး အိမ်ပေါ်တက်ကြဦး"

ဟူ၍ အိမ်ပေါ်ခေါ် နေရာထိုင်ခင်းပေး၏။ အားလုံး နေရာအသီးသီးမှာထိုင်မိခါမှ ကျွန်တော်လည်း ကိုယ်မွေးသည့်မီး ကိုယ်ပြန်ငြိမ်းရသည့်ပြဇာတ်ကရတော့သည်။

"အေးကွ. . မင်းတို့လာတာ အတော်ပဲ. . . မင်းတို့ကို အံ့သြစရာသတင်းကောင်းတစ်ခု ပြောရဦးမယ်. . . တကယ်တော့ ကောင် ဌေးဝင်းက အေကိုက်နေတယ်ဆိုတာ မဟုတ်ဘူးကွ"

"ဟင်. . ဒါ. . ဒါဆို"


www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုကွ. . . ဆေးခန်းက ဒီကောင်နဲ့နာမည်တူ အဘေသမား ရဲ့ဆေးစစ်ချက်ကို လူချင်းမှားပြီး ဒီကောင့်ကိုပေးလိုက်မိတာတဲ့လေ . . . သိတဲ့အတိုင်း မင်းတို့ငါတို့သူငယ်ချင်းက လူရိုးလူအေးကြီးပဲ ဟာကို. . . အဲဒီရောဂါ ဖြစ်စရာလား"

"ဟေ. . ဟုတ်လား"

"အို. . ဒါဆို တော်သေးတာပေါ့"

"အေးလေ. . ခုမှပဲ စိတ်အေးရတော့တယ်"

ဌေးဝင်း အေမကိုက်ဆိုတာသိရသဖြင့် အားလုံးစိတ်သက် သာရာရလျက် ဝမ်းသာသွားကြသည်။ ပြီးမှ တစ်စုံတစ်ရာကိုသတိရ လျက် သစ်လွင်ဦးက

"အဲ. . ဒါ. . ဒါဆို. . ငါတို့က ဒီကောင့်အတွက်ဆိုပြီး အတန်းထဲကပိုက်ဆံတွေကောက်လာတာ ဘယ်လိုလုပ်မလဲ"

ဟု အလန့်တကြားဆိုသလို ကြည်ပြာနှင့်သူငယ်ချင်းများက လည်း

"ဟုတ်တယ်. . ကျွန်မတို့လည်း ကိုယ့်အတန်းတင်မကဘူး . . . အခြားအတန်းတွေကပါ ကောက်လာတာ"

ဟု စိတ်မသက်မသာဆိုသလို လေးလေးနွယ်တို့ကလည်း

"အင်း. . ကျွန်မတို့ရောပဲ. . . ဘယ်လိုလုပ်ရမလဲ မသိတော့ ပါဘူး"

"ဟုတ်တယ်. . . လေးနွယ်လည်းပဲ နယ်က ကောက်လာ သေးတယ်"

ဟု စိတ်ညစ်သွားဟန်ဖြင့်ဆိုကြရာ ဌေးဝင်းခမျာ သူတို့ မျက်နှာမပျက်ဖို့အရေး ချက်ချင်းပဲ အဖြေကိုက်ခံပေးရမည့်ကိန်း ဆိုက်သွားရတော့၏။ ထို့ကြောင့် ကျွန်တော်ကပင်

"ကဲပါ. . ဒီ့အတွက်လည်း ဘာမှပူမနေနဲ့. . . အလှူရှင်တွေ လည်း ကျေနပ်. . ငွေကောက်ခံလာတဲ့သူတွေလည်း ပင်ပန်းရကျိုးနပ် အောင် အေဒ်စ် ဝေဒနာရှင် မိဘမဲ့ကလေးဂေဟာတစ်ခုခုသွားပြီး


www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်ကို
ပထမဦးဆုံးနဲ့ အဖြူစင်ဆုံး
နှလုံးသားစင်စစ်နဲ့ချစ်ခဲ့ဖူးတာ
ဟောဒီ တက္ကသိုလ်မြေမှာပါ . . .။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော်၏ခြေလှမ်းများကို ရိတ်သိမ်းစွမ်းသူဖြစ်သည်။ ကျွန်တော် ဟိုယခင်လို လတ်လျားလတ်လျားနှင့် သွားလာနောက်ပြောင်ချိန်တွေ သိသာစွာလျော့ပါးလာသည်။ အချိန်ရသည်နှင့် သူမထံပါးသို့သာ ကျွန်တော့်ခြေလှမ်းများက အသော့နှင်နေတတ်သည်။ တွေ့ပြန်ရင်လည်း သူမနှင့်ကျွန်တော်ကြား ပြောစရာစကားတွေကလည်း များမှများရယ်။

ယခုလည်း သူမနှင့်ကျွန်တော် အင်းလျားကန်ဘောင်ပေါ်လျှောက်နေပြန်ပါသည်။ ကျွန်တော် သူမနှင့် စကားတပြောပြော လမ်းလျှောက်လာရာမှ သူမပခုံးတစ်ဖက်ပေါ် ကျွန်တော့်လက်တစ်ဖက်ကို ရုတ်တရက်လှမ်းတင်လိုက်သည်။

သူမ ကျောတွန့်ခနဲဖြစ်သွားပြီး ကျွန်တော့်ကို ပြူးပြူးပျာပျာကြည့်ကြည့်ကာ

"အို. . ဘာလုပ်တာလဲလို့"

"ပခုံးပေါ် လက်တင်လိုက်တာလေ"

"ဟင်. . မတင်ပါနဲ့. . . နေရတာ တစ်မျိုးကြီး"

သူမ ရှက်သွေးရောင်မျက်နှာလေးဖြင့် ခန္ဓာကိုယ်ကိုယို့လျက် ကျွန်တော့်လက်ကို ဖယ်ရန်ပြု၏။ ကျွန်တော် လက်ကိုမရုတ်ဘဲ သူမကို စေ့စေ့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျောင်းစတက်တဲ့နေ့တုန်းကလည်း အခုလိုပဲ မင်းပခုံးပေါ်ကိုလက်တင်ပြီး မင်းအတန်းကို တို့လိုက်ပို့ပေးခဲ့သေးတာပဲလေ . . . ဘာလဲ မမှတ်မိတော့ဘူးလား"

ဟုဆိုတော့ သူမ 'အဟင်း'ဟု ရယ်ပြီး ခေါင်းညိတ်ပြသည်။ ပခုံးပေါ်ရောက်နေသော ကျွန်တော့်လက်ကိုလည်း ငြင်းပယ်ဖယ်ရှား ရန် အစီအစဉ်မရှိတော့ဟန်ဖြင့် အလိုက်သင့်လျှောက်လှမ်းရင်း

"တကယ်ပြောတာ. . . ညီမလေ. . အဲဒီနေ့ကို တစ်သက် မမေ့ဘူး. . . အစ်ကို့ကို အရမ်းလည်းကျေးဇူးတင်တာပဲ သိလား. . . အစ်ကို ညီမကို စကားတွေတရင်းတနှီးပြောပြီး ဂရုတစိုက်နဲ့အားပေး လို့သာပေါ့. . . သိမ်ငယ်စိတ်တွေပျောက်ပြီး သတ္တိတွေရှိလာတာ"

"သတ္တိရှိလာတယ်သာပြောတယ်. . . မင်းကို တူးအိုဝမ်း ထားခဲ့ပြီး တို့လည်းထွက်လာရော. . . မင်းမျက်နှာက ချက်ချင်းပဲ ထိုင် ငိုတော့မယ့်ပုံနဲ့. . . တကယ့် သူငယ်တန်းကလေးလေး ကျောင်း တက်တဲ့နေ့ ကျနေတာပဲ"

"အဟင်း. . ဟုတ်တယ်. . . အဲဒီတုန်းက စိတ်ထဲမှာတစ် ကြီးပဲ. . . ဘယ်လိုကြီးလဲ မသိဘူး. . . လိုက်ပို့ပေးတဲ့အစ်ကိုကလွဲ ကျန်တဲ့ တွေ့တဲ့မြင်တဲ့လူအားလုံးဟာ မျက်နှာစိမ်းတွေချည်းပဲဆို တော့လေ အားငယ်နေတာ. . . ပြီးတော့ အစ်ကိုကိုယ်တိုင်ကလည်း ညီမကို ပုံပြောသွားသေးတယ်လေ"

"တို့က မင်းကိုပုံပြောသွားတယ် ဟုတ်လား"

"ဟုတ်တယ်လေ. . . အစ်ကိုပဲ ညီမကိုမကြာမကြာ ကြည့်ပါ့မယ်. . ဘာညာနဲ့. . . ချွေးသိပ်သွားပြီးတော့. . . တစ်ခါ လည်း ပေါ်မလာတော့ဘူး. . . ဒီကတော့ မျှော်လိုက်ရတာ. . . နှိုး လာနှိုးနဲ့. . ဟွန်း"

"ဟုတ်ပါပြီ. . . ဒီ့အတွက် ကျွန်တော်မျိုးကြီးကပဲ တောင်း ပါတယ်. . . ဒါနဲ့ အန်တီချစ်ဆိုင်မှာတွေ့ကတည်းက ဘာလို့ တည်းအမျိုးမစပ်လိုက်တာလဲ"



www.burmeseclassic.com

"အစကတော့ စပ်ဦးမလို့ပဲ. . . ဒါပေမဲ့ အနားမှာ အစ်ကို့သူငယ်ချင်းတွေရှိနေတာကလည်း တစ်ကြောင်း၊ ညီမကိုလာရစ်နေတဲ့ ငနဲတွေရှိနေတာကလည်း တစ်ကြောင်းပေါ့"

"ဪ. . အဲဒီငနဲတွေ အထင်လွဲသွားမှာစိုးတယ်ပေါ့"

"ဝေးသေး. . . အမိကက အန်တီချစ်နဲ့ အစ်ကိုနဲ့ ရင်းရင်းနှီးနှီးနောက်ပြောင်ပြောဆိုနေတာကို သတိထားမိလို့ပါ. . . အန်တီချစ်ကိုမေးရင်တော့ အစ်ကို့နာမည်ရော၊ အတန်းရောသိရမှာပဲ ဆိုပြီးလေ"

"ဪ. . ဒါနဲ့စကားမစပ်. . . ဒီနှစ်ပိုင်းအတွင်း ကြို့ပင်ကောက်မှာ စပါးအထွက်ကောင်းတယ်ထင်တယ်"

"ကောင်းပါတယ်. . ဘာဖြစ်လို့လဲ"

"ဪ. . အဲဒီနေ့က အန်တီချစ်က တို့ကိုပြောလို့ပါ. . တို့စားတဲ့ဘူးသီးကြော်ဖိုးကို ရှင်းပေးတဲ့အပြင် နောက်နေ့တွေလည်း တစ်ယောက်တည်းပဲ လာစားစား၊ ဘော်ဒါတွေခေါ်လာပြီးပဲ စားစား . . . တို့နဲ့ပတ်သက်သမျှ ကျသင့်ငွေကို ကြည်ပြာကပဲတာဝန်ယူမယ် ဆိုလို့ပါ"

"အယ်. . ဟုတ်ပါဘူး. . . နောက်နေ့တွေလည်း ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး ပြောကြတာက ဇွန်ပွင့်တို့၊ နှင်းဥတို့က အမင်စပြီး ဝင်ပြောကြတာပါ"

"ဟုတ်လား. . ကဲပါလေ. . . အတိတ်ကကိစ္စတွေလည်း အတိတ်အလျောက်ပေါ့. . . လောလောဆယ် ပစ္စုပ္ပန်ကိစ္စကိုလည်း ပြောပါရစေဦး. . . ရတယ်မဟုတ်လား"

"ဟုတ်ကဲ့. . ရပါတယ်"

"ဒါဆို တို့မင်းကို အရမ်းကိုချစ်မိနေပြီ"

"ရှင်"

"တကယ်ပြောတာ. . တို့ ဟန်ဆောင်မျိုသိပ်မထားနိုင်တော့ဘူး. . . မင်းရဲ့အလှမှာ ယစ်မူးပြီး မင်းရဲ့အချစ်ကို ရရှိဖို့ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com


တဲ့သူတွေ အများကြီးရှိနေတဲ့အတွက် တို့ ဘယ်လိုမှစိတ်မအေးနိုင်ဘူး. . . တို့ မင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာကို အရမ်းကြောက်နေတယ်"

သူမလည်း တစ်ချိန်ချိန်မှာ ကျွန်တော့်ဆီက သည်လိုစကားမျိုးတွေကြားရမည်မှန်း ကြိုတင်တွက်ဆထားနိုင်ကောင်းသည်။ သူမ ကျွန်တော့်ကို ခပ်စူးစူးကြည့်ပြီး

"အစ်ကို. . ညီမကို တကယ်ချစ်တာ သေချာရဲ့လား"

"သိပ်သေချာတယ်. . . တို့ရင်ခုန်သံကို တို့ ညာလို့မရတော့ဘူး. . . ဒါကြောင့် တို့အချစ်ကို လက်ခံပေးပါ. . . မင်းငြင်းလိုက်ရင်တော့ တို့တကယ်ရူးရလိမ့်မယ်"

"ဒါဆို ညီမရဲ့ပုံစံက အစ်ကိုနဲ့စတွေ့တဲ့နေ့တုန်းကလို သနပ်ခါးထူထူ၊ ဆံပင်ကျစ်ဆံမြီးနဲ့ ပုံတုံးတုံးရွာသူပုံပေါက်နေရင်ရော"

"ဒါဆိုလည်း ချစ်တာကတော့ ချစ်တာပါပဲ"

"တကယ်"

"တကယ်ပေါ့"

"ဘာကြောင့်"

"ဘာကြောင့်လဲဆိုတော့ မင်းရဲ့ပင်ကိုယ်အလှ ဘယ်လို တယ်ဆိုတာကို တို့ကသိပြီးပြီလေ. . . ဒါကြောင့် ဘယ်နည်း ဘယ်ဟန်နဲ့ ပုံဖျက်ထားဖျက်ထား. . တို့ကတော့ ချစ်ပြီးသားပဲ"

"သွားပါ. . လူလည်ကြီး"

"မသွားပါရစေနဲ့. . . ချစ်ပါရစေ"

"ဒါဆိုလည်း စဉ်းစားပါရစေဦး"

"ဘယ်လောက်စဉ်းစားမှာလဲ ပြော"

"စာမေးပွဲဖြေပြီးလို့ အောင်စာရင်းတွေထွက်တဲ့နေ့ကျ အဖြေပေးမယ်"

"ဟွန်း. . မင်းဟာကလဲ. . . ကလေးတန်းတုန်းက ညည်း ထားနည်းကျနေတာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"အင်းလေ. . ဘာဖြစ်လဲ. . . ဒီက ကလေးပဲရှိသေးတဲ့ဟာကို. . . သူပဲ အတင်းကြီးလာကြိုက်ပြီးတော့. . . သွား"

"အောင်မလေးဗျ"

"ဟဲ့. . ပလုတ်တုတ်"

သူမ ကျွန်တော့်ကို ရွှန်းစိုသောမျက်ဝန်းများဖြင့်ကြည့်ပြီး ပခုံးစွန်းဖြင့် ပစ်တိုက်လိုက်လေရာ ကျွန်တော်လည်း ရုတ်တရက်မို့ ဟန်ချက်မထိန်းနိုင်ဘဲ ယိုင်လဲကျသွားရသည်။ သူမသည်လည်း အတားအဆီးမဲ့သွားသဖြင့် ကျွန်တော့်ခန္ဓာကိုယ်ပေါ် လိုက်လံလဲကျရလေသည်။ နှစ်ယောက်စလုံး လဲကျနေရာမှ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ကြည်နူးစွာရယ်မောမိကြသည်။

ပခုံးစွန်းဖြင့် အတိုက်ခံရရုံနှင့် ယောကျာ်းရင့်မာကြီးတစ်ယောက်လုံးဖြစ်လျက် အလွယ်တကူလဲကျသွားရတာကို ထောက်ရှု၍ အချစ်မှာအင်အားရှိသည်ဆိုတာကိုလည်း ကျွန်တော်ယုံလိုက်ပါပြီ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရိုးရာကိုစောင့်ထိန်းနိုင်သူသာဖြစ်၏။ ကျောင်းလခ မှန်မှန်သွင်းနေရင်းနှင့် ဘယ်လိုကဘယ်လို တစ်လစာမေ့ကျန်ခဲ့သည်မသိ။ ထို့ကြောင့် အောင်စာရင်းထွက်သည့်နေ့တွင် သူများတွေလို ကြေညာထားသော အောင်စာရင်းကြည့်ခွင့်မရနိုင်ဘဲ ထုံးစံအတိုင်း ကျောင်းလခကြွေးရှင်းပြီး ရက်သတ္တ တစ်ပတ်ကျော်အကြာမှ အောင်စာရင်းသိခွင့်ရသည်။ ကျွန်တော်အောင်သည်။

ကျွန်တော် စာမေးပွဲအောင်ကြောင်းကို သိလိုလှသည့် ကြည်ပြာ့ထံကို သတင်းပို့ရင်း ကြည်ပြာ့ထံမှလည်း အချစ်အောင်စာရင်း ထုတ်ယူရဦးမည်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ စောင့်နေမည့်ကြည်ပြာ့ထံသို့ ကျွန်တော် အလျင်အမြန်သွားရလေသည်။

ကျွန်တော် ကြည်ပြာ့ကို ကျီစယ်လိုစိတ်ပေါက်သွားသည်။ ထို့ကြောင့် ငွေသွင်းချလံလေးတွင် P ဆိုသည်ကိုဖျက်ပြီး မင်အနီဖြင့် F ဟုပြောင်းရေးလိုက်သည်။

ပြီးနောက် စာကြည့်တိုက်ရှေ့ စတုတ္ထမြောက်လှေကားထစ်တွင် ကျွန်တော့်အား စောင့်မျှော်နေရှာသည့် ကြည်ပြာထံသို့သွားရင်း အားမှာဝင်ထိုင်လိုက်သည်။

"ဘယ်လိုလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com


ကြည်ပြာ့အမေးကို ကျွန်တော် နှုတ်ကမဖြေ။ မှိုင်တွေနေသော ကျွန်တော့်အမူအရာကိုကြည့်ပြီး ကြည်ပြာမထိတ်သာမလန့်သာဖြစ်သွားရသည်။

"ဘယ်လိုလဲဟင်..အောင်..အောင်..အောင်တယ်မဟုတ်လား"

ကျွန်တော် ပါးစပ်ကမဖြေဘဲ ငွေသွင်းချလံလေးကိုသာ ကြည်ပြာ့လက်ထဲ ထည့်ပေးလိုက်သည်။ ငွေသွင်းချလံနောက်ကျောရှိ မင်အနီဖြင့်ရေးထားသော F ကိုကြည့်ရင်း ကြည်ပြာလည်း ခါတ်လိုက်သွားသည်။

ကြည်ပြာ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ကလည်း အမျိုးအမည်ခွဲခြားရခက်သောအကြည့်ဖြင့် တစ်ချက်ပြန်ကြည့်သည်။ ကျွန်တော့်အမူအရာတွေ ကောင်းလွန်းနေသည်။ ဘာမပြော၊ ညာမပြော မတ်တတ်ထရပ်လိုက်သည့်ကျွန်တော့်ကို လက်ဖမ်းဆွဲရင်း ကြည်ပြာက

"ဘယ်သွားမလို့လဲ"

"သွားမယ်"

"ဘယ်သွားမလို့လဲလို့"

"ဒီလိုပါပဲ"

ကျွန်တော်၏မပွင့်တပွင့်နှင့် တောမရောက်၊ တောင်မရောက် စကားသံသည် ကြည်ပြာ၏ရင်ကိုပူစေမှန်း သိသည်။

"အစ်ကို ဘယ်မှသွားစရာမလိုဘူး..ကြည်ပြာ့အနားမှာ ထိုင်နေ"

ဟုဆိုကာ ကျွန်တော့်လက်ကိုဆွဲရင်း ဘေးမှာပြန်ထိုင်စေ ကျွန်တော့်လက်ကိုလည်း အားပေးသည့်သဘောဖြင့် ဖျစ်ညှစ်ရင်း

"ဒီတစ်နှစ်ကျလည်း ဘာအရေးလဲ...နောက်နှစ် အောင် အောင်ကြိုးစားပေါ့...ဘာမှ စိတ်ခါတ်ကျစရာမလိုဘူး

ဟု နှစ်သိမ့်ရှာ၏။ ကျွန်တော်က နားမဝင်ဟန်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com

"တော်ပြီကွာ. . . ဖြေတိုင်းကျနေတဲ့ စာမေးပွဲ. . . ထပ်ကို မဖြေချင်တော့ဘူး. . . အခုလည်း စာမေးပွဲကျလို့ဆိုပြီး အိမ်ကလည်း အတက်မခံတော့ဘူး. . . အပေါင်းအသင်းတွေကလည်း နှိပ်ကွပ်ချင်ကြတယ်. . . တကယ်တမ်းကျတော့ ရှုံးနိမ့်တဲ့လူတစ်ယောက်ရဲ့နံဘေးမှာ ဘယ်သူမှရှိချင်ကြတာမဟုတ်ဘူး"

"အစ်ကို့ဘေးမှာ ဘယ်သူမှမရှိလည်း ကြည်ပြာရှိတယ်. . . နောက်ပြီး စာမေးပွဲကျရှုံးတာဟာ ဘဝတစ်ခုလုံး ကျရှုံးတာမှမဟုတ်တာ"

"ဘေးကနေ ဒီလိုစကားမျိုးတွေ ပြောဆိုနှစ်သိမ့်တာကတော့ ဘယ်သူ့အတွက်မဆို လွယ်တာပါပဲ. . . ခံစားရတဲ့သူအတွက်သာ မလွယ်ကူတာ"

"အစ်ကို. . ကြည်ပြာဟာ တခြားသူမဟုတ်ဘူး. . . အစ်ကို ဆိုးတူကောင်းဘက် တစ်သက်လုံးမျှဝေခံစားသွားမယ့် မိန်းမတစ်ယောက်ပါ"

"သေချာလား"

"သိပ်သေချာတယ်"

"ကဲ. . ဒါဆိုရင် တို့ဒီနေ့ပဲ တရားရုံးတက် လက်မှတ်ထိုးပြီး အတူနေလိုက်ကြရအောင်"

ကျွန်တော့်စကားကြောင့် ကြည်ပြာ တစ်ချက်တွေသွား၏။

"သွားလေ"

ဟုဆိုကာ ရှေ့မှဦးဆောင်ထွက်၏။ ကျွန်တော်က

"စဉ်းစားဦးနော်. . . နောက်ဆုတ်မယ်ဆိုရင် အချိန်မီသေးတယ်"

ဟု သတိပေးစကားဆိုသည်ကို ဆုံးဖြတ်ပြီးကြောင်း မျက်နှာအေးအေးရာပြ၏။


www.burmeseclassic.com

www.burmeseclassic.com


အဓိပတိလမ်းတစ်ဝက်လောက်ရောက်အောင် လျှောက်ပြီး ခါမှ ကျွန်တော် ကြည်ပြာ့လက်ကိုဆွဲပြီး အဓိပတိလမ်းဘေးရှိ ရေတမာ ပင်အောက်မှ ခုံတန်းမှာ အတူထိုင်စေ၏။

ပြီး ကြည်ပြာ့လက်ထဲတွင် ဆုပ်ကိုင်ထားဆဲဖြစ်သော ငွေသွင်းချလံအား ပြန်တောင်းယူပြီး F ဆိုသောစာလုံးနှင့် ခြေချင်းဆိုင်လျက်ရှိသည့် စာရွက်တစ်ဖက်ထိပ်ကို လက်ညှိုး ဖြင့်ထောက်ပြရာ ကြည်ပြာလည်းသေချာကြည့်၏။ P ဟူသည့် မှိန်ပြ စာလုံးကိုတွေ့မိသည်နှင့် ကျွန်တော့်အင်္ကျီလက်မောင်းစကိုဆွဲရင်း

"ဒါ. . ဒါ တကယ်. . တကယ်နော် အစ်ကို. . . ဒါ. . ဒါ အစ်ကို စာမေးပွဲအောင်တယ်ပေါ့"

ဟူ၍ ရှင်သန်မျှော်လင့်ချက်ဖြင့် ယုံကြည်လိုက်ချင်စိတ်ကြ စွာ တုန်တုန်ယင်ယင်စကားသံကိုအဖော်ပြုပြီး အတည်ပြုချက်လှ ယူ၏။ ကျွန်တော်ပြုံးပြီး ခေါင်းညိတ်ပြလေသောအခါ ကျွန်တော် လည်ပင်းကို လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ်သိုင်းဖက်ရင်း စိ လှုပ်ရှားဝမ်းသာမှုကိုပြ၏။

ကျွန်တော်လည်း ကြည်ပြာ့ဦးခေါင်းပေါ်ရှိ ဆံပင်လေးများ ကို အသာအယာပွတ်သပ်ရင်း

"ဟိတ် ကောင်မလေး. . လူကို အဖြေလည်းမပေးရသေး နဲ့. . . ဘာလို့ အတင်းကြီးလိုက်ဖက်နေရတာလဲ"

ဟု စလိုက်မှ ကြည်ပြာလည်းအသိဝင်သွားပြီး ချက်ခ လူချင်းခွာလိုက်ကာ

"အဲ. . ဟုတ်သားပဲ. . . ဘယ်လိုလုပ်ရမလဲ မသိဘူး. . ဒုက္ခပါပဲ. . . ရှက်လိုက်တာ"

ဟုဆိုရင်း ခေါင်းမဖော်ရဲအောင်ဖြစ်ရှာလေ၏။ ပြီးမှ

"ဘာမှန်းလဲ မသိဘူး. . . နောက်စရာ ရှားလို့. . . တာပဲ"

ဟု မပွင့်တပွင့်ဆိုရာ ကျွန်တော်က ကြည်ပြာ့ပခုံးကို


www.burmeseclassic.com

www.burmeseclassic.com

ဖက်လိုက်သည်။

"ဟိတ်ကောင်မလေး. . အောင်စာရင်းထွက်ရင် အဖြေပေးမယ်ဆို. . . ခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ"

"သွားပါ. . မပေးဘူး"

"မပေးလည်း ရတယ်လေ. . . ကြည်ပြာ ကိုယ့်ကိုစဖက်တာ: . . မြင်တဲ့သက်သေတွေ အများကြီးရှိတယ်"

"အို. . တော်တော့ကွာ. . . ဆက်မပြောနဲ့တော့. . . ရှက်တယ်. . . ဒီမှာ ရှက်လို့သေတော့မယ်"

"ဒါဆို ချစ်တယ်လို့ပဲ မှတ်လိုက်တော့မယ်"

"အို. . ပြောစရာ လိုသေးလို့လား. . . ဘာမှန်းလဲမသိဘူး. . . အရမ်းဆိုးတာပဲ"

ဘာပြောပြော ပျော်ရွှင်ရာပျော်ရွှင်ကြောင်း သာမန်နောက်ပြောင်မှုလေးသည် ကျွန်တော့်ကို ကြီးစွာသောအမြတ်အစွန်းထွက်စေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ကြည်ပြာ၏ရင်ထဲမှအချစ်စစ်စစ်ကို ကျွန်တော် သေသေချာချာမြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

"ဟေ. . ဘာလဲ"

"အမေ"

"သား. . ဘာလဲ"

"ဟိုလေ. . ဒီနှစ် အတန်းတင်စာမေးပွဲပြီးရင် သားလည်း ကျောင်းပြီးပြီ သိလား"

"အေးလေ. . ကျောင်းပြီးတော့ ကောင်းတာပေါ့"

"ဘာလဲ. . ဘွဲ့နှင်းသဘင်ကို အမေတို့ကိုလိုက်မတက်ခိုင်း ဘဲ ဘယ်သူ့ကိုလိုက်တက်ခိုင်းမယ်လို့ ပြောချင်လို့လဲ"

"အဟင်း. . မဟုတ်ပါဘူး. . . ဟိုလေ. . ကျောင်းပြီးရင် မိန်းမယူတော့မယ်လို့ ပြောမလို့"

"ဟေ. ."

"ဟင်. ."

တီဗီအတူထိုင်ကြည့်နေရင်း ဆိုင်းမဆင့်၊ ဗုံမဆင့်ပြောလိုက် သော ကျွန်တော့်စကားကြောင့် အဖေရောအမေပါ အံ့ဩသွားကြ ရသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိသလို ငေးကြောင်ကြည့် ကြသည်။ ပြီးမှ အဖေက

"ဩော်. . မိန်းမယူတာများ ဆန်းသလားကွာ. . ပညာစုံ



www.burmeseclassic.com

www.burmeseclassic.com


ပြီးလို့ ကြင်ယာစုံတယ်ဆိုတော့ ကောင်းတာပေါ့. . . ဒါနဲ့ ကောင်မလေးကရော မင်းလိုပဲ နောက်ဆုံးနှစ်ပဲလား"

"မဟုတ်ပါဘူး. . . သူက ဒီနှစ်မှ ဒုတိယနှစ် စီးပွားရေး ကျောင်းသူပါ"

"ဟင်. . ဒါဆို. . . သူကျောင်းပြီးအောင် မစောင့်တော့ဘူးလား. . . သူ့မိဘတွေရော သိပြီးပလား"

"ဟင့်အင်း. . မသိသေးပါဘူး. . . ဟိုလေ. . သူ့ကိုတောင် မပြောရသေးပါဘူး. . . သားဘာသာစီစဉ်နေတာ"

"ဩော်. . သားရယ်. . . ဒါဆိုလည်း ကလေးမလေးကို ကျောင်းပြီးအောင်တက်ပါစေဦးလား. . . ပြီးတော့ သားလည်း လက်မထပ်ခင် အလုပ်အကိုင်လေးအတည်တကျဖြစ်အောင် ကြိုးစားလေ . . . အမေတို့ကလည်း အတတ်နိုင်ဆုံးကူညီပံ့ပိုးပေးမှာပေါ့"

ကျွန်တော်ပြောသမျှကို စိတ်မောစွာနားထောင်နေသော အမေသည်လည်း ကျွန်တော့်အစီအစဉ်ကို ကောင်မလေးတောင် မသိသေးဘူးဆိုသဖြင့် အနည်းငယ်စိတ်အေးသွားဟန်ဖြင့် ဝင်ပြော၏။ အဖေကလည်း

"အေးကွာ. . မင်းအမေပြောတာ ဟုတ်တယ်. . . အလုပ်အကိုင် အတည်တကျဖြစ်မှမိန်းမယူတော့ မင်းလည်းတင့်တယ်သလို ငါတို့မိဘတွေလည်း မျက်နှာမငယ်ရဘူး. . . ကောင်မလေးလည်း သူ့အသိုင်းအဝိုင်းကြားမှာ ဂုဏ်ရှိတာပေါ့. . . ဒါကြောင့် ဒီမယ် ဖော့ကောင်. . တစ်ခါတည်း အပြတ်ပြောထားမယ်. . . အလုပ်မရှိသေးဘဲ မိန်းမယူလာလို့ကတော့ မင်းဘာသာ ဘွဲ့ရပြီးရုံမကလို့ မဟာတန်း ဆက်တက်ခွင့်ရတဲ့အထိ ထူးထူးချွန်ချွန်ပဲ အောင်လာပါစေ. . . ဆောရီးပဲ. . သဘောတူဖို့ နေနေသာသာ အိမ်ရိပ်တောင်နင်းဖို့ စိတ်မကူးနဲ့. . . မိုးကောင်းအကြောင်း သိတယ်မဟုတ်လား. . . ခြေ လောင်သွားလိမ့်မယ် သဘောပေါက်"

ဟူ၍ ချော့တစ်ချီ၊ ခြောက်တစ်လှည့်ဖြင့် သိုးသွင်းနားချ


www.burmeseclassic.com

www.burmeseclassic.com

လေရာ ကျွန်တော်လည်း မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် 'ဟုတ်ကဲ့'လိုက်ရလေသည်။

ထိုအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် သူ့အိမ်မှာပင် ကျူရှင်ဖွင့်ထားသော လူပျိုကြီးကိုဝင်းကျော်၏အသံက အတိုင်းသား ထွက်ပေါ်လာသည်။

"ကိုင်း. . တပည့်တို့. . . ပညာဆိုတာ ကိုယ်ကြိုးစားမှ ကိုယ်တတ်တာ. . . ကိုယ်တတ်မှ ကိုယ်ရမှာ. . . ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးပါ. . . ကိုယ့်ကိုယ်ကိုယ်အားကိုးတယ်ဆိုတာ တပည့်တို့ရဲ့ ပညာရေးတင်မကဘူး. . . ကဏ္ဍတိုင်းမှာကို ပြောနေတယ်ဆိုတာ မြဲမြဲမှတ်ပါ. . . ."

"ဟုတ်ကဲ့ပါ ဆရာ"

"အေး. . အရေးကြီးတာက ပညာသင်ချိန်မှာ ကျောင်းစာကိုပဲ စိတ်ဝင်စားပါ. . . တောင်တောင်အီအီ စိတ်မကစားနဲ့. . . မင်းတို့ ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ်ရောက်မှ. . အဲလေ. . . တက္ကသိုလ်ရောက်လည်း စိတ်မကစားချင်ပါနဲ့ကွာ. . . တော်ကြာ ကျောင်းပြီးရင်လက်ထပ်မယ်. . ဘာညာ ပြောပြီးဆိုပြီးမှ ပတ်ဖန်းကျင်ပယောဂကြောင့်ပဲဖြစ်ဖြစ်. . ဘာကြောင့်ပဲ ဖြစ်ဖြစ်. . လက်ထပ်ခွင့်မရနိုင်တဲ့အခါ မင်းတို့ပဲစိတ်မောရမယ်. . . ဒါကြောင့် အကောင်းဆုံးကတော့ ဘယ်သူ့ကိုမှ မယုံနဲ့. . . ဘယ်သူ့စကားမှ မယုံနဲ့. . . ဆရာ့လိုပဲ လူပျိုကြီးပဲလုပ်ကြ. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"

ဘဝနှင့်ရင်းပြီးပို့ချနေသော ဝင်းကျော်၏ပို့ချချက်များကို နားထောင်ပြီး အဖေနှင့်အမေက သဘောကျစွာပြုံးကြသော်လည်း ကျွန်တော့်မှာတော့ 'ဘုရားရေ. . ငါလည်း သူ့လိုပဲကြုံရတော့မယ် ထင်ပါရဲ့'ဟုသာ မထိတ်သာမလန့်သာ တွေးမိချေတော့သည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

-၁၉-

သည်ကနေ့ ရန်ကုန်တက္ကသိုလ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သလို ထင်ရှားသည့်ရန်ပုံငွေပွဲတစ်ပွဲလည်းဖြစ်သည့် တိုင်းရင်းသားမိုးရှာ အစားအစာရောင်းချပွဲရှိသဖြင့် ကျွန်တော်နှင့်ကြည်ပြာလည်း ဆိုင်စေ့အောင် လိုက်လံအားပေးကြလေသည်။

ကျွန်တော်နှင့်ကြည်ပြာတို့ အားပေးဝယ်ယူထားသော သက်မှတ်များကုန်အောင် အပန်းဖြေရိပ်သာရှိ အရောင်းဆိုင်များတွင် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် အားပေးရင်းက နောက်ဆုံးတွင် ရှမ်းတိုင်းရင်းသား ရိုးရာအစားအစာဆိုင်သို့ရောက်လာကြ၏။ ကြည်ပြာက ခေါက်ဆွဲအားပေးသည်။ ကျွန်တော်က မက်မန်းဝိုင်အားပေးသည်။ ကြည်ပြာက ကျွန်တော့်ကိုမျက်စောင်းလေးထိုးပြီး ဟန့်သည်။ ကျွန်တော် မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ပြီးတော့ ကျွန်တော်တို့နှစ်ယောက် အဓိပတိလမ်းဘေးရှိ ကော်ပင်တန်းအောက် ထိုင်ခုံတွင်ယှဉ်တွဲထိုင်ကာ အပန်းဖြေသည်။

"ကြည်ပြာ"

"ဘာလဲ ကိုကို"

"ပျော်လား"

"ပျော်တာပေါ့ ကိုကိုရယ်"

"အင်းနော်. . ပျော်စရာကြီး. . . ဒါမျိုးက တစ်နှစ်မှတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com


ကြုံရတာ ကြည်ပြာရဲ့"

"အင်းနော်. . စည်လိုက်တာလည်း အရမ်းပဲ. . . ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားကျောင်းသူတွေ ဒီလောက်များမယ်တော့ မထင်ဘူး"

"ဪ. . ဒါက ဒီလိုလေ. . . အခု ဒီပွဲကိုလာကြတာက ရန်ကုန်တက္ကသိုလ်ကကျောင်းသား ကျောင်းသူတွေတင်မကဘူး. . . အခြားတက္ကသိုလ်က ကျောင်းသားကျောင်းသူတွေပါ လာအားပေးကြတာလေ. . . ပြီးတော့ အရှောင်းဆိုင်က ကျောင်းသားကျောင်းသူတွေကလည်း ရန်ကုန်တက္ကသိုလ်တစ်ခုတည်းကတင်မဟုတ်ဘူး. . . အခြားတက္ကသိုလ်က ကျောင်းသားကျောင်းသူတွေကပါ သက်ဆိုင်ရာ တိုင်းရင်းသားအသင်းတွေထဲမှာ ပါဝင်အားဖြည့်ကြတာ"

"ဪ. . ဒါကြောင့်ကိုး. . . တိုင်းရင်းသားရိုးရာ အစား အစာရောင်းတဲ့သူတွေကို သူတို့တိုင်းရင်းသားဝတ်စုံလေးတွေနဲ့ တွေ့ရတာ အမြင်ဆန်းပြီး အရမ်းချစ်ဖို့ကောင်းတာပဲနော်"

"ဟုတ်တယ်. . . ဒါကြောင့် ကိုယ်လည်း ကြည်ပြာ့ကိုချစ်နေရတာပေါ့"

"ဟင်. . ဘာမှလဲ မဆိုင်ဘူး"

မျက်စောင်းဖွဖွလေးထိုးကာ နှုတ်ခမ်းစူပြထားသော ကြည်ပြာ့ကိုကြည့်ရင်း ကျွန်တော်မချင့်မရဲဖြစ်သွားရသည်။ ဘာပြောပြော ဘာပဲလုပ်လုပ် ချစ်ဖွယ်ကောင်းသော အလှနတ်သမီး တစ်ပါးပါပဲလား။ ကျွန်တော် ကြည်ပြာနှင့် ကြာကြာခွဲမနေချင်တော့ပါ။ ထို့ကြောင့်

"ကြည်ပြာ"

"ရှင် ကိုကို"

"ကိုကိုကျောင်းပြီးရင် တစ်ခါတည်းလက်ထပ်ကြမလား ဟင်"

"ကြည်ပြာကျောင်းပြီးအောင် တက်ပါရစေဦးလား


www.burmeseclassic.com

www.burmeseclassic.com

ရယ်"

"ဩော်. . ကြည်ပြာကလဲ. . . ကိုကိုနဲ့လက်ထပ်ပြီးမှ ကျောင်းဆက်တက်လည်း ရတာပဲဟာ"

"ဟင့်အင်း. . ကြည်ပြာ ရွာကိုကတိပေးထားတယ်. . . ကျောင်းမပြီးမချင်း အိမ်ထောင်မပြုပါဘူးလို့"

"ဟင် ဘယ်လိုကြီးလဲ. . . အိမ်ကို ကတိပေးတယ်ဆို ထားပါတော့. . . အခုဟာက ဘယ်လိုကဘယ်လိုဖြစ်ပြီး ရွာကိုသွားကတိပေးနေရတာလဲ"

"ပေးရတာပေါ့ ကိုကိုရယ်. . . ကြည်ပြာတို့ရွာက ကြည်ပြာကို အရမ်းမျှော်လင့်ထားတာ"

"ဟုတ်လား. . ဘာတွေ မျှော်လင့်ထားလို့လဲ"

"အချိန်တန်တော့ သိရမှာပေါ့ ကိုကိုရယ်. . . အခု အရေးကြီးတာက ကိုကိုပဲ. . . စာမေးပွဲက နီးလာပြန်ပြီလေ. . . ဒီနှစ်အောင်သွားရင် ကိုကိုလည်းဘွဲ့ရပြီလေ. . . ဒါကြောင့် စာကိုသေချာကြိုးစားနော် ကိုကို"

"စိတ်ချပါ. . ကြိုးစားပါ့မယ်. . . အဲ ကြည်ပြာလည်း အရေးကြီးတာပဲ. . . ကြည်ပြာ စာမေးပွဲ တစ်နှစ်တစ်တန်း မြန်မြန်အောင်ပြီး မြန်မြန်ကျောင်းပြီးမှ ကြည်ပြာနဲ့ကိုကို လက်ထပ်နိုင်မှာမဟုတ်လား"

"စိတ်ချ. . . ကြည်ပြာ အမြန်ဆုံးဘွဲ့ရအောင် ကြိုးစားမယ် ကျေနပ်ပြီလား"

"ဟင့်အင်း မကျေနပ်သေးဘူး"

"ဘာလို့"

"ကိုကို့ပခုံးပေါ်မှာ ခေါင်းမှီမထားဘဲလို့"

"ဩော်. . ဒါကြောင့်လား. . . ကိုင်း. . လာပြီ ဒါဆို"

ကြည်ပြာ ကြည်နူးပြုံးလေးကိုအဖော်ပြုပြီး ကျွန်တော့်ရင်ခွင်တွင် ဦးခေါင်းကိုငဲ့စောင်းကာ မှီလေသည်။

www.burmeseclassic.com



ကျွန်တော် အတုမဲ့ချစ်စိတ်ဖြင့် ကြည်ပြာ၏နဖူးပြင်ပေါ်ဝဲကျနေသော ဆံစလေးများကို အသာအယာပွတ်သပ်ပေးလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

-၂၀-

"အားပါး . . ဘာပဲပြောပြောကွာ . . . စာမေးပွဲပြီးသွားတာ ပခုံးပေါ်မှာထမ်းထားတဲ့ဝန်ကို ပစ်ချလိုက်ရသလို ပေါ့ပါးသွားတာ တော့ အမှန်ပဲကွ"

"အေးကွ ဟုတ်တယ် . . . နို့မို့ စာမေးပွဲမဖြေရသေးရင်လည်း မဖြေရသေးဘူးဖြစ်နေတာ . . . ဖြေပြီးသွားတော့လည်း ပြီးသွားတာ ပါပဲကွာ"

အောင်ခင့်စကားကို ငွေးဝင်းက ထောက်ခံပြောဆို၏။

"ဘာပဲပြောပြော . . တို့ဘော်ဒါတွေအားလုံး ဖြေနိုင်တဲ့ အတွက်တော့ ဝမ်းသာဖို့ကောင်းတယ်"

"အေးကွ . . . စာမေးပွဲမဖြေခင်တုန်းကတော့ မဖြေနိုင်မှာ တွေးပူလိုက်ရတာ အမောပဲ . . . ဟော . . ဖြေလည်း ဖြေပြီးရော . . . အမိတက္ကသိုလ်ကြီးနဲ့ ခွဲရပြီဆိုပြီး ဝမ်းနည်းသလိုလိုရှိပြန်ရော"

သစ်လွင်ဦးစကားကို ထပ်ပိုးပြောဆိုလိုက်သော အောင်ခင့် စကားကြောင့် ခံစားချက်တူသည့် ကျွန်တော်တို့အားလုံး၏ရင်သည် လည်း ကျင်ခနဲဖြစ်သွားရသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ ဘွဲ့နှင်း သဘင်၊ သစ်ပုပ်ပင်၊ RC နှင့် ဂျက်ဆင်တို့ကို ခုမှမြင်ဖူးသလို ကြည့်နေမိကြသည်။ ခြေပစ်လက်ပစ်နှင့် ကျွန်တော်တို့စုဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာ အဓိပတိလမ်း၏အထိအတွေ့သည်ပင်လျှင် စိမ်းသွား သယောင်ယောင် ထင်ရသည်။ အတန်ငယ်ကြာမှ စောသိန်းအောင်က

"ကိုင်း. . အချိန်လည်း မနည်းတော့ဘူးကွာ. . . ခွေတ်ကောင်းအတွက် ပါရမီဖြည့်ပေးဖို့ကိစ္စကလည်း ရှိသေးတယ်. . . သွားကြရအောင်"

ဟု တိုက်တွန်းလောဆော်ရာ အားလုံးလည်း

"အေး. . ဟုတ်သားပဲ"

ဟု တုံ့ပြန်ရင်း နေရာမှအသီးသီးထကြရာ ကျွန်တော်လည်း အဓိပတိလမ်းဘေး ပလက်ဖောင်းပေါ် လှဲချထားသော ဂစ်တာကိုဆွဲယူရင်း ထရသည်။ ရင်ထဲမှာနွမ်းလျနေသလိုလို ဟာနေသလိုလို ခံစားရသည်။

သည်နေ့ကစပြီး ကျောင်းတော်ကြီးနှင့် အပြီးအပိုင်ခွဲရပြီဖြစ်သလို မနက်ဖြန်ကျောင်းပိတ်ရက် အိမ်ပြန်မည့် ချစ်သူကြည်ပြာနှင့်လည်း ယာယီခွဲရပေဦးမည်။

အရာရာ လွမ်းစရာတွေသာ ပြည့်နှက်နေသည်။

ဟိုး. . . ညကောင်းကင်ယံမှာ ချိတ်ဆွဲထားသော ရွှေ့လျားအလင်းအိမ် လကွေးကွေးလေးသည်လည်းပဲ လွမ်းစရာကောင်းသည်သာဖြစ်သည်။

ကျွန်တော်တို့အုပ်စု ဂျက်ဆင်နောက်ကျောမှပတ်၍ သီရိဆောင်ရှေ့မှ ဖြတ်အလျှောက်မှာ အဆောင်ရှေ့ ရေတမာပင်များအောက်မှာ တီးမှုတ်သီဆိုနေသူတွေက ကိုယ့်အဖွဲ့နှင့်ကိုယ် သီဆိုတီးမှုတ်နေကြပြီဖြစ်သည်။

တက္ကသိုလ်မှာ ချစ်စရာကောင်းသောဓလေ့တစ်ခုရှိသည်။ အဲဒါကတော့ ညစဉ်လိုလို ကျောင်းသူများ၏အဆောင်ရှေ့တွင် သီဆိုတီးမှုတ်သောအဖွဲ့ပေါင်း ဆယ်ဖွဲ့ထက်မနည်း အမြဲရှိသည်။ ထိုသော ဘယ်နှဖွဲ့ပဲရှိရှိ တစ်ဖွဲ့ပြီးမှတစ်ဖွဲ့ အစဉ်အတိုင်း အလှည့်ကျသီဆို



www.burmeseclassic.com

တီးမှုတ်နေကြသည်က ထူးခြားသည်။ သည်အထဲမှာ တစ်ကိုယ်တော် လာရောက်သီဆိုသူလည်း ရှိတတ်သည်။ ဒါလည်းကိစ္စမရှိ။ သူ့အလှည့် ရောက်လျှင် သူဟာစ်လိုက်ရုံသာရှိသည်။

အဆော်သူများကလည်း အဆောင်စောင့်မှတစ်ဆင့် နှစ်သက်ရာအဖွဲ့မှ နှစ်သက်ရာသီချင်းကိုတောင်းတတ်သလို သီဆိုဖျော်ဖြေတာ ကောင်းရင်ကောင်းသလို အချဉ်ထုပ်တွေ၊ လက်ဖက်သုပ်တွေ အခြားစားစရာတွေ ရောက်လာတတ်သည်။ ရေနွေးကြမ်းတို့၊ လက်ဖက်ရည်၊ ကော်ဖီတို့ပါ ပါတတ်သေးသည်။

ဟော့ . ကြားရပါပြီ။ ဒါကတော့ မြန်မာသံသမားရဲ့ခံစားချက်။ မယ်ဒလင်တစ်လက်နှင့် အပီကြွေနေတာကတော့ 'တက္ကသိုလ်ကျောင်းက ငွေလမင်း' ဆိုတာပဲဖြစ်သည်။

"မိတ်ဆွေ အပေါင်းအသင်းဖြစ်သွားကြတာတွေ xxx စိတ်နေပြောင်းရင်း ချစ်သွားကြတာတွေ xxx ဒါတွေ တကယ်တော့ မဆန်းပေ xxx xxx xxx xxx xxx xxx xxx

တက္ကသိုလ်ကျောင်းက ငွေလမင်းရေ xxx xxx xx"

ကျွန်တော်တို့လည်း တက္ကသိုလ်ကျောင်းက ငွေလမင်း ညို့ချက်မိသွားသဖြင့် ခြေဆက်မလှမ်းဖြစ်ဘဲ အသာရပ်ကာ နားထောင်နေမိသည်။

သီချင်းဆုံးခါမှ ခြေလှမ်းဆက်ရ၏။ အလှည့်ကျနောက်တစ်ဖွဲ့ကတော့ 'မောင့်သီရိမေ'သီချင်းကို ဟဲလေသည်။

"မောင့်သီရိမေ xxx မောင့်သီရိမေ ပျော်ရွှင်ပါစေ xxx

မောင့်သီရိမေ xxx မောင့်သီရိမေ သာယာပါစေ xxx မောင့်ရဲ့သီရိမေ xxx မောင့်ရဲ့သီရိမေ ငြိမ်းချမ်းပါစေ xxx"

တက္ကသိုလ်ကျောင်းတွေ ပိတ်ချိန်ရောက်ပြီမို့လား မသိ။ ဒီည တက္ကသိုလ်နှင့်ပတ်သက်သည့်သီချင်းတွေချည်းပဲ ကြားနေရသည်။ အထူးသဖြင့် အဆောင်သီချင်းတွေကို ပိုကြားရသည်။ သည်လိုမှ အင်းလျား၊ မာလာ၊ နှင်းဆီ၊ အင်ကြင်း၊ ဂန္ဓမာ၊ သရဖီအဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com


ရေ့မှာလည်း ဆိုင်ရာဆိုင်ရာသီချင်းတွေ ဟစ်ကြွေးရင်း အလွမ်းပိုး ထကြပေလိမ့်မည်။

ကျွန်တော်တို့အုပ်စု ဂျက်ဆင်ရှေ့ရှိ ကျောင်းဝင်းတံခါးသို့ ရောက်လုလုတွင် အလှည့်ကျနောက်တစ်ဖွဲ့က 'သူတို့လေးတွေ သိပါတယ်'သီချင်းသီဆိုသည်ကို ကြားလိုက်ရသေးသည်။

"ဂျက်ဆင်သာ စကားပြောတတ်ခဲ့ရင် ××× သူလေ ပြောပြလိမ့်မယ် ××× ကိုယ် ဘယ်လိုချစ်တာသူအသိဆုံး ××× မောင့်အချစ်ဆုံးရေ ××× မေးကြည့်ပါ သူတို့လေးတွေ ××× ပြောပြလိမ့်မယ် သူတို့လေးတွေ ×××

အာစီသာ စကားပြောတတ်ခဲ့ရင် ××× သူလေ ပြောပြလိမ့်မယ် ××× ××× ××× ××× ××× မောင့်အချစ်ဆုံးရေ"

ကျွန်တော်တို့အုပ်စု ကျောင်းဝင်းပြင်ပရှိ ကျောက်ပြားခင်းထားသော ပလက်ဖောင်းအတိုင်းလျှောက်ကာ ကြည်ပြာရှိနေသည့် မာလာဆောင်ရှေ့သို့သွားရသည်။ မာလာဆောင်မရောက်ခင်မှာ မာလာဆောင်သရဲနှင့် တည့်တည့်တိုးရသည်။

"မာလာဆောင်နဲ့ပတ်သက်လို့ ××× ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ် ××× ပုံပြင်ထဲက ဇာတ်လိုက်ကြီး ××× ဘယ်သူလဲလို့ မမေးပါနဲ့ ××× ××× ××× ×××

ညညခြောက်တတ်တယ် ××× ညည လှန့်တတ်တယ် ××× ××× ××× ဘယ်သူမှလည်း မသိရှာပါ ××× အဆောင်သူလေးလည်း မသိရှာပါ"

ထိုပုဂ္ဂိုလ်လည်း သီချင်းဆုံးသည်နှင့် အားပေးနားဆင်နေသူ အဆောင်သူများကို လက်ပြနှုတ်ဆက်ပြီး အခြားအဆောင်ရှေ့တွင် ဆက်လက်သွားရောက်ဖျော်ဖြေရန် ထွက်ခွာသွားသည်ကိုတွေ့ရသည်။

ကျွန်တော်တို့ မာလာဆောင်ရှေ့အုတ်ခုံမှာ ထိုင်လိုက်သည်နှင့် မျှော်တော်ဇောနှင့်မောနေသည့် ကြည်ပြာတို့အဖွဲ့က လက်ပြ


www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ကြသည်။ သိပ်မကြာခင် သီချင်းတောင်းသည့်စာရွက်များ စားသောက်စရာများ ရောက်ရှိလာသည်။

ကျွန်တော်တို့လည်း ဂစ်တာကြိုးညှိရင်းနှင့် ရှေ့မှအဖွဲ့ သီဆိုမှုပြီးသည်အထိ စောင့်ရသေးသည်။ ပြီးမှ ကြည်ပြာတို့တောင်းထားသော စာရင်းအတိုင်း သီချင်းများကို တစ်ယောက်တစ်လှည့် သီဆိုဖျော်ဖြေကြ၏။ ကျွန်တော်ကတော့ သည်ည အရင်လိုသိပ်မဆိုဖြစ်ဘဲ အဆောင်ထဲမှ ကြည်ပြာ၏ဝိုးတဝါးအရိပ်လေးကိုသာ မျက်တောင်မခတ်ကြည့်နေမိသည်။

သီဆိုရင်း ညဉ့်အတော်နက်လာခါမှ အောင်ခင်က ကျွန်တော့်လက်ထဲ ဂစ်တာထိုးထည့်ပေးရင်း

"ခေတ်ကောင်း. . ပွဲသိမ်းတစ်ပုဒ်ဆိုကွာ"

ဟုတောင်းဆိုရာ ကျန်သူငယ်ချင်းများကလည်း

"အေး ဟုတ်တယ်. . ဆိုကွာ. . . ကြွေမယ်ဆိုလည်း သီချင်းနဲ့သာ ကြွေလိုက်တော့"

ဟုတိုက်တွန်းအားပေးကြသဖြင့် ကျွန်တော်လည်း ခေါင်းညိတ်ပြကာ ဂစ်တာကိုလှမ်းယူလိုက်သည်။ ကျွန်တော် ဂစ်တာသံစမ်းနေစဉ်မှာပင် ဂစ်တာမပါ ဘာမပါနှင့် အဆောင်တံခါးကို လက်ဝါးဖြင့်စည်းချက်ရိုက်ပြီး တစ်ကိုယ်တော်သီဆိုဖျော်ဖြေသူက ပေါ်လာပြန်သဖြင့် ခေတ္တစောင့်ပေးရသေးသည်။

"ကိုယ်တွေပူ ဖျားကာနာ မောကာလာတယ် စုန်းမ ××× ခင်းအချစ်က ပင့်ကူမျှင်လို ငါ့ကိုရစ်ထား ရုန်းထွက်မရ ××× ××× ××× ×××

ငါဟာ ပျောက်ဆုံးခဲ့ ××× ဒဏ်ရာများနဲ့ ကုန်သည်တစ်ယောက်ဟာ ငါပဲ ××× ဘဝဟာ အကြောက်ဆုံးပဲ ××× ခြေသံများနဲ့ခေါ်ရာလိုက်နေရဆဲ ××× ××× ××× ×××

စုန်းမလေးတစ်ယောက်လို ငါ့ကိုပြုစား ရုန်းထွက် မရ ×× မရ ×× မရ "


www.burmeseclassic.com

www.burmeseclassic.com


သီချင်းဆိုရင်းမှပင် ထိုပုဂ္ဂိုလ်လည်း စုန်းမပြုစားတာ တကယ်ခံလိုက်ရသည်ထင်သည်။ စာမေးပွဲနောက်ဆုံးနေ့ ပိတ်ပွဲကစ်လာတာ များသွားသောအရှိန်ဖြင့် အမူးလွန်ကာ ဒူးတအိအိ ညွှတ်ကျပြီး အဆောင်ဝင်းတံခါးကိုမှီကာ အိပ်ပျော်သွားသည်မှာ ဟောက်သံများပင်ပေးလိုက်သေးသည်။ စိုးအောင်နှင့်ဌေးဝင်းက အမြင်မတော်သည်မို့ ဆွဲထူတွဲမပြီး အဆင်ပြေရာနေရာကိုရွှေ့ပေးရင်း ဆက်အိပ်စေရသည်။

"ဘာသီချင်းဆိုမှာလဲ"

စုတ်ချွန်းက မေးလာသည်ကို ကျွန်တော်ချက်ချင်းပြန်မဖြေမိ။ ချစ်သော တက္ကသိုလ်နှင့် ခွဲရတော့မည်။ ချစ်သောသူငယ်ချင်းတွေနှင့် ခွဲရတော့မည်။ ပြီးတော့ ချစ်သောကြည်ပြာနှင့်လည်း ဝေးရ ပေဦးမည်။ သည်ခံစားချက်တွေက ရင်ကိုလာနှိုးဆွ၏။ ကျွန်တော် သီဆိုမည့်သီချင်းကို ပြောပြလိုက်သည်။

"တက္ကသိုလ်မြေ နေဝင်မှာကိုစိုးတယ်"

စုတ်ချွန်းက အဆောင်ဘက်သို့ မျက်နှာမူလိုက်ပြီး

"ဒီညအဖို့ နောက်ဆုံးသီဆိုဖျော်ဖြေမှုအဖြစ်. . . ကျွန်တော်တို့ရဲ့သူငယ်ချင်း ခေတ်ကောင်းက ချစ်သူကြည်ပြာနှင့်တကွ အဆောင်သူအားလုံးနားဆင်ဖို့ သီဆိုမယ့်သီချင်းကတော့ တက္ကသိုလ်မြေ နေဝင်မှာကိုစိုးတယ်ဆိုတဲ့သီချင်းပဲဖြစ်ပါတယ် ခင်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

အဆောင်ထဲမှ လက်ခုပ်သံများ ထွက်ပေါ်လာသည်။ ကြည်ပြာ၏လက်ခုပ်သံကတော့ အကျယ်လောင်ဆုံးနှင့် လွမ်းစရာအကောင်းဆုံးဖြစ်မည်ဆိုတာ သေချာပါသည်။ လက်ခုပ်သံများအဆုံးမှာပဲ ကျွန်တော်သီဆိုသောသီချင်းသံက ဝန်းကျင်ကိုပျံ့လွင့်လာသည်။

"တကယ်လှပတဲ့အရိပ်ကလေးမှာ ××× ချစ်တဲ့သူများ ငြိမ်းချမ်းနေတယ် ××× အို. . ခွဲရမယ့်အဖြစ်နဲ့ကြုံရင် ××× ဘယ်သူ့ ရင်ထဲကောင်းမလဲကွယ် ×××


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့လုံးပဲကွယ် ဒီနေရာလေးမှာ ××× ပျော်ရွှင်စွာ ကျောင်းတက်ရတာ အကောင်းဆုံးဘ၀ပဲ ××× ချစ်သူချင်းတွေ ××× တို့သူငယ်ချင်းတွေ ××× ထာဝရဥ်သာ မခွဲဘဲနေချင်တယ် ×××

အေးမြတဲ့ကျောင်းအရိပ်ကို ခွဲရမယ့်အခြေ ××× တက္ကသိုလ်မြေ နေဝင်မှာကို စိုးတယ် ×××

အစဉ်မသင့်လှတဲ့ ကိုယ့်မွေးရာ ××× စိတ်ညစ်စရာများ ပြည့်လို့နေတယ် ××× တကယ်ချမ်းမြေ့မှုပေးစွမ်းနိုင်ရာ ××× ဒီနေရာလေးရောက်တော့ကွယ် ×××

အချစ်ဆုံးပဲကွယ် ဒီနေရာလေးမှာ ××× အိမ်ပြန်ကာ လမ်းခွဲရမှာ စိုးထိတ်မိတယ် ××× ခွဲခွာခြင်းတွေ ××× နှုတ်ဆက်ခြင်းတွေ ××× ဒီမြေမှာမရှိကြပါစေနဲ့ ×××

ငြိမ်းချမ်းတဲ့ နှစ်သစ်တစ်နှစ် ကုန်ဆုံးတော့မယ့်အချိန် ××× တက္ကသိုလ်မြေ နေဝင်မှာကိုစိုးတယ် ××× တူ တူ တူ တူ ×××

တက္ကသိုလ်မြေ နေဝင်မှာကိုစိုးတယ် ××× "

သီချင်းသံအဆုံးမှာ မည်သူမျှ လက်ခုပ်မတီးဖြစ်ကြ။ အားလုံး အတွေးကိုယ်စီဖြင့် ထူးဆန်းစွာငြိမ်သက်ကုန်ကြသည်။

ကျွန်တော်သည်လည်းပဲ အမျိုးအမည်ဖော်ပြရခက်သော ဝေဒနာတို့ဖြင့် ရင်မှာတစ်ဆို့ကာ ငြိမ်သက်ငေးရီ. . . ။

ကြည်ပြာသည်လည်းပဲ ကျွန်တော့်ကဲ့သို့ ထပ်တူခံစားရကာ ငြိမ်သက်ငေးရီ. . . ။

ခွဲခွာခြင်းတွေ၊ နှုတ်ဆက်ခြင်းတွေ ဒီမြေမှာ ဘယ်သောအခါမှ မရှိကြပါစေနဲ့ရယ်လို့။

➤ ♠ ◄

www.burmeseclassic.com

www.burmeseclassic.com

ပျိုမြစ်နုနယ်မှုဆေးသားနဲ့ ရေးဖွဲ့ထားတဲ့
ဖူးပွင့်စ နှုးညံ့ရင်ခုန်သံလေးတွေ
ကြယ်စင်တွေခင်းထားတဲ့
သံယောဇဉ်မြေနီလမ်းကလေးပေါ်မှာ
လွတ်လပ်စွာ ဟစ်ကြွေးဆော့ကစားရင်း
အချစ်ကိုဖွေရှာ
တစ်ယောက်တစ်ဝက်ပိုင်ဆိုင်ထားတဲ့
နှလုံးသားကမ္ဗည်းကျောက်စာတိုင်မှာ
ရင်ငွေ့ဖြင့်သာ ရေးထွင်းအပ်သော
ခြေရာလေးများထင်ကျန်ဆဲပါ
တစ်ခါတုန်းက တက္ကသိုလ်မှာ...။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

-၂၁-

အင်းလျားမြေမှာ ချစ်ရက်ရှည်ခဲ့လေသော ကြည်ပြာနှင့် ကျွန်တော့်အကြားတွင် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော အရေးကိစ္စက အချိန်ကိုစောင့်ပြီး တိုက်ခိုက်လာတော့သည်။

ကျွန်တော်ကျောင်းပြီးသွားသည်မှာ နှစ်နှစ်ရှိပြီဖြစ်သော်လည်း သည်အတောအတွင်း ဘာအလုပ်အကိုင်မှ မယ်မယ်ရရမရှိသေးဘဲ ဟိုသင်တန်းပြေးတက်လိုက်၊ သည်သင်တန်းပြေးတက်လိုက်နှင့် သင်တန်းဆင်းလက်မှတ်ပေါင်းစုံကိုင်ပြီး ကုမ္ပဏီပေါင်းစုံဝင်ထွက်ဘာ အင်တာဗျူးလိုက်ဖြေနေရသည်။

အလုပ်မရသေးသည့်အတူတူ ကြည်ပြာအနားမှာသာ မောင်ကြီးမခွာနိုင်ဖြစ်နေရသည်။ ကြည်ပြာသည်လည်းပဲ စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ရောက်နေပြီမို့ မကြာမီကျင်းပတော့မည့် အတန်းတင်စာမေးပွဲဖြေပြီးလျှင် ကျောင်းကပြီးပြီ။

ဒီမှာတင် ကျွန်တော်တို့နှစ်ယောက် ဘဝရှေ့ရေးအတွက် ခေါင်းချင်းဆိုင်တိုင်ပင်ကြရာက ပြေလည်မှုတွေဝေးပြီး ပဋိပက္ခလေးတွေဖြစ်လာတော့သည်။

ကြည်ပြာက ကျောင်းပြီးလျှင် ရွာပြန်ပြီးကျောင်းဆရာမလုပ်ချင်တဲ့။ သူမကို တကယ်ချစ်ရင် ကျွန်တော့်ကိုလည်း သူမနှင့်အတူ ရွာကိုလိုက်ပြီး ကျောင်းဆရာလုပ်ပါတဲ့လေ။ ဒါကတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါမျှမစဉ်းစားခဲ့ဖူးသောကိစ္စဖြစ်သည်။

ရန်ကုန်မှာမွေး၊ ရန်ကုန် မှာကြီးလာသော ရန်ကုန်သား ကျွန်တော့်အဖို့ ကျေးလက်တောရွာတစ်ရွာမှာ သွားရောက်အခြေချ နေထိုင်ဖို့ဆိုတာ ယောင်လို့ပင်စိတ်မကူးခဲ့ဖူးပါ။ သူမနှင့်ချစ်မိလေသောအခါမှ လူလည်းရန်ကုန်သားကနေ ရွံ့တွေဗွက်တွေနှင့် နပမ်းလုံးရသည့် တောသားလုံးလုံးဖြစ်ရမည့်ကိန်းပင်။ ကျွန်တော် ရန်ကုန်ကိုလည်းမခွာနိုင်သလို ကြည်ပြာ့ကိုလည်း မခွဲနိုင်ပါ။ ထို့ကြောင့် ကြည်ပြာကိုသာ ကျွန်တော့်ဘက်ပါအောင် စည်းရုံးနားချရပေတော့သည်။

"ကြည်ပြာရယ်. . . ကြည်ပြာ့ကို ကိုကိုဘယ်လောက်ချစ်တယ်ဆိုတာ ကြည်ပြာအသိဆုံးပါ. . . ကြည်ပြာ့ကို ကိုကို ဘယ်လိုမှမခွဲနိုင်ဘူးဆိုတာကိုလည်း ကြည်ပြာယုံပါ. . . ဒီတော့ ကိုကိုပြောချင်တာက ကြည်ပြာ့ကိုလည်း ရန်ကုန်မှာပဲအခြေချစေချင်တယ်. . . ကြည်ပြာလည်းတွေ့ပါတယ်. . . နယ်ကနေ ရန်ကုန်လာပြီး ဘဝတိုးတက်ရေးအတွက် အခြေချလုပ်ကိုင်ကြိုးစားနေကြတဲ့သူတွေ အများကြီးပဲလေ"

"ဒါကတော့ လူတစ်ဦးနဲ့တစ်ဦး ခံယူချက်ချင်းမှမတူကြတာပဲ ကိုကိုရာ. . . သူတို့က သူတို့ဘာသာ သူတို့မိသားစုဘဝတိုးတက်ရေးအတွက်ပဲ အာရုံထားတာလေ. . . ကြည်ပြာက ကိုယ့်ရွာနဲ့တကွ အနီးဝန်းကျင်ကရွာတွေရဲ့တိုးတက်ရေးကို အာရုံထားတာလေ"

"ကြည်ပြာလည်း ကြားဖူးမှာပါ. . . မြို့အကျိုးကိုသယ်ပိုးချင် ရပ်ရေးရွာရေးကို ဥပေက္ခာပြုရတယ်. . . တိုင်းအကျိုးကိုသယ်ပိုးချင် မြို့အကျိုးကို ဥပေက္ခာပြုရတယ်ဆိုတာလေ. . . ဒီတော့ ကြည်ပြာလည်း ဒီနှစ်စာမေးပွဲမှာ ကွာလဖိုင်းဝင်အောင် ဖြေပေါ့. . . မာစတာရတဲ့အခါကျတော့ တက္ကသိုလ်မှာပဲ ဆရာမဝင်လုပ်ရင်း ပညာဆက်လက်ဆည်းပူးပေါ့. . . နောက်ဆို ကထိကတို့၊ ပါမောက္ခတို့တောင် ဖြစ်လာဦးမယ်. . . ဒါဆို တိုင်းပြည်အတွက် ပညာတတ်တွေအများ


www.burmeseclassic.com

www.burmeseclassic.com

ကြီးသင်ကြားမွေးထုတ်ပေးနိုင်တဲ့ ကြည်ပြာကို ကြည်ပြာတို့ရွာက လည်း ဂုဏ်ယူကြမှာပဲ"

"ဟင့်အင်း. . ကြည်ပြာအတွက် ရွာကလူတွေ ဂုဏ်ယူတာထက်. . . ရွာကလူတွေအတွက်ပဲ ကြည်ပြာကဂုဏ်ယူချင်တာ"

"ဘယ်လို ကြည်ပြာ. . . ကိုကို မရှင်းဘူး"

"ရှင်းပါတယ်. . . ကြည်ပြာပြုစုပျိုးထောင်ခဲ့တဲ့ ကျောင်းသားကျောင်းသူလေးတွေဟာ တစ်ချိန်မှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ပါမောက္ခတွေ၊ ကထိကတွေဖြစ်နေတာကိုကြည့်ပြီး ကြည်ပြာက ဂုဏ်ယူချင်တာ"

"ဒီလိုဂုဏ်ယူမှုမျိုးဟာ ရွာမှာကျောင်းဆရာမလုပ်မှရယ်မဟုတ်ပါဘူး. . . တက္ကသိုလ်မှာ ဆရာမတာဝန်ထမ်းဆောင်ရင်းနဲ့လည်း ရနိုင်တာပဲလေ"

"ကြည်ပြာကတော့ တက္ကသိုလ်ရောက်လာတဲ့ကလေးတွေကိုသင်ကြားပေးရတာထက် ကလေးတွေကို တက္ကသိုလ်ရောက်အောင်ပို့ချင်တဲ့အာသီသက ပိုကြီးမားတယ်. . . ဟုတ်တယ်. . ကြည်ပြာတို့ရွာမှာ ဆယ်တန်းကိုထူးထူးချွန်ချွန်အောင်ပြီး တက္ကသိုလ်တက်လိုစိတ်ပြင်းထန်တဲ့ ကျောင်းသားကျောင်းသူတွေများသည်ထက်များလာအောင် ကြည်ပြာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး ကြိုးစားရလိမ့်မယ် . . . ကြည်ပြာနဲ့အတူ ကိုကိုပါလက်တွဲပြီးဆောင်ရွက်မယ်ဆိုရင် ကြည်ပြာလေ အရမ်းကိုအားရှိသွားမှာပဲ သိလား"

"ကိုကို ကမ္ဘာပေါ်မှာ အလေးစားဆုံးပုဂ္ဂိုလ်တွေဟာ ကျောင်းဆရာတွေပါ. . . ဒါပေမဲ့ ကိုကိုကျောင်းဆရာအလုပ်ကို ဝါသနာမပါတာတော့ နားလည်ပေးပါ"

"ဒါဆို ကိုကိုနဲ့ကြည်ပြာရဲ့ဇာတ်လမ်းဟာ ဒီလိုပဲပြီးသွားတော့မယ် ထင်ပါရဲ့ ကိုကို. . . ကောင်းပြီလေ. . . ကြည်ပြာ နောက်ဆုံးစကားတစ်ခွန်းပြောမယ်. . . ကြည်ပြာစာမေးပွဲနောက်ဆုံးနေ့မှာ ကိုကို ကြည်ပြာ့ကိုလာစောင့်နေမယ်ဆိုရင် ကြည်ပြာနဲ့အတူ ရွာကို


www.burmeseclassic.com

www.burmeseclassic.com


လိုက်ပြီး ကျောင်းဆရာလုပ်ဖို့ ကိုကိုသဘောတူလိုက်ပြီလို့ ကြည်ပြာ သတ်မှတ်လိုက်မယ်. . . တကယ်လို့ ကိုကိုရောက်မလာခဲ့ဘူးဆိုရင်တော့ ကြည်ပြာနဲ့ ကိုကို ဖူးစာကံနည်းတယ်လို့ပဲ သတ်မှတ်လိုက်တော့မယ်”

ကြည်ပြာ့ထံမှ ဤမျှပြတ်သားသောစကားကို ကြားရလိမ့်မည်ဟု ကျွန်တော်ထင်မှတ်မထားခဲ့။ ယခုတော့ ကြည်ပြာစာစ်ယောက် ကျွန်တော့်ကိုပြတ်သားစွာ စိန်ခေါ်နေပါရောလား။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ရုတ်တရက်အေးခဲသွားသော အငွေ့အသက်ကို ကျွန်တော်ခံစားနိုင်စွမ်းမရှိပါ။ ကျွန်တော် နှုတ်ခမ်းတုန့်လေးကန်သော ခြေလှမ်းများဖြင့် သူမအပါးမှထွက်ခွာခဲ့တော့သည်။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း . . အေ့ . . ဒီနေ့ . . ကြည်ပြာ့စာမေးပွဲနောက်ဆုံး နေ့ကို မသွားဘူးပေါ့"

"အေ့ . . မသွားဘူး . . . ကြည်ပြာက ငါ့ကို သူ့တောကိုလိုက်ခဲ့ဖို့ခေါ်နေတာ"

"ဟေ . . လိုက်သွားလေကွာ . . . ငါတို့ပါ လိုက်မှာပေါ့ . . . အေ့ . . ဒါနဲ့ ဟိုမှာထန်းရည်ကောင်းကောင်းရတယ်မဟုတ်လား"

"အေ့ . . ဟ . . ဒါဆို ငါလည်းလိုက်မှာပေါ့ . . . အရေးကြီးတာ ဟိုရောက်ရင် ကြည်ပြာ့ကိုကြွက်ကြော်ကောင်းကောင်းတော့ စီစဉ်ခိုင်းကွာ"

ကျွန်တော်ဆိုလိုသည်ကို နားမလည်ဘဲ မူးမူးနှင့် သူတို့ထင်ရာတွေစွတ်ပြောနေသော ဌေးဝင်းနှင့်အောင်ခင်ကိုကြည့်ပြီး ကျွန်တော် စိတ်လေသွားရသည်။ ထို့ကြောင့် ဖန်ခွက်ထဲရှိ လက်ကျန်အရက်ကို တစ်ရှိန်ထိုးမော့ချလိုက်ပြီးမှ

"ငါပြောချင်တာက အဲဒါမဟုတ်ဘူးကွ . . . ကြည်ပြာက သူနဲ့လက်ထပ်ချင်ရင် သူ့ရွာမှာလိုက်နေရမယ်တဲ့ . . . သူကတော့ ရန်ကုန်မှာမနေနိုင်ဘူးတဲ့လေ . . . ဟား ဟား . . . ရယ်စရာတော်တော်ကောင်းတဲ့ကိစ္စပဲ . . . ငါလို မြို့ကြီးပြကြီးမှာ မွေးဖွားကြီးပြင်းလာတဲ့ကောင်က ရွှံ့တော၊ ဗွက်တောထဲမှာ ဘယ်လိုလုပ်သွားနေနိုင်

www.burmeseclassic.com


မှာလဲ. . . မင်းတို့စဉ်းစားကြည့်လေကွာ"

"အေးကွ. . ဒါတော့ ဟုတ်တယ်"

"သူကပြောတယ်. . . ရွာကိုလိုက်မယ်ဆိုရင် သူ့ကိုဒီနေ့လာတွေ့တဲ့. . . ဆိုလိုတာကတော့ တောသားလိုင်စင်လာဝင်ပေါ့ကွာ . . . ဟင်း ဟင်း မရဘူးလေ. . . ငါ လူလည်ပဲ. . . ဒါကြောင့် ငါ သူ့ကိုသွားကိုမတွေ့ဘဲနဲ့ မင်းတို့နဲ့တွေ့ဖို့ချိန်းလိုက်တာ"

"အေး. . အဲဒါကောင်းတယ်. . . ချဉီးကွာ နောက်တစ်ခွက်လောက်"

"မင်းတို့စဉ်းစားကြည့်. . . မင်းတို့ ငါတို့ဆိုတာက မြို့ကြီးရန်ကုန်မှာမွေး၊ မြို့ကြီးရန်ကုန်မှာကြီးလာတဲ့ မြို့ကြီးရန်ကုန်သားစစ်စစ်တွေကွ. . . ဘယ်လိုလုပ် တောမှာနေနိုင်မှာလဲ"

"အေး. . ဒါမှန်တယ်. . . အဲ မမှန်သေးဘူးကွ. . . မင်းတော့ မပြောတတ်ဘူး. . . ငါ့မိဘတွေကတော့ တောဘက်ကဆိုတော့ . . အေ့. . . ဆိုတော့. . . အေ့. . . ဒါကြောင့် ငါလည်း ငါ့ကိုငါ ရန်ကုန်သားစစ်စစ်လို့တော့ ပြောလို့မရဘူး"

"အေးကွ. . ငါရောပဲ. . . ငါ့အဖေကတော့ ရန်ကုန်သားပေါ့ . . . ငါ့အမေကတော့ နယ်ကကွ. . . အဲ. . ငါ့အဖေရဲ့ မိဘဆွေမျိုးတွေကျတော့ နယ်ဘက်ကလို့သိရတယ်ကွ. . အေ့. . "

"ဟင်. . ဒါဆို မင်းတို့လည်း မြို့ကြီးရန်ကုန်သားစစ်စစ်တွေမှမဟုတ်တာ. . . တောဆက်တွေပဲကွ"

"အောင်မယ် ခေတ်ကောင်း. . . မင်းဘိုးဘွားတွေနေထိုင်ခဲ့တဲ့သန်းခေါင်စာရင်းလည်း ပြန်စစ်ကြည့်ဦး. . . တောဘက်နယ်ဘက်ကပဲ ဖြစ်ကိုဖြစ်ရမယ်"

"ဟ ဘာလို့ဖြစ်ရမှာ. . အဲ. . နေဦးကွ. . . ဟိုတလောက ဝါးခယ်မတို့ ဇမြောင်းမြတို့ဘက်က အမျိုးတွေလာတယ်ဆိုတော့. . . အေး. . မင်းတို့ပြောတာ ဟုတ်သလိုလိုတော့ရှိသား"

"ဟုတ်ကိုဟုတ်တာ. . . ဒီမယ် ငါပြောမယ်. . . တော


www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့မှာနေထိုင်တဲ့သူအားလုံး ရန်ကုန်သူရန်ကုန်သားစစ်စစ် တစ်ယောက်မှမရှိဘူး. . . တောဘက်၊ နယ်ဘက်ကတက်လာတဲ့ ဘိုးဘွားမိဘကပေါက်ဖွားလာတဲ့ တောဆက်၊ နယ်ဆက်တွေချည်းပဲ သဘောပေါက်. . . အေ့"

ဒီနှစ်ကောင်၏စကားကြောင့် မြို့ကြီးရန်ကုန်သား မဟုတ်တော့သောကျွန်တော် ပိုမူးသွားရသည်။

"အိုကွာ. . ဘာတွေမှန်းမသိဘူး. . . ရှုပ်ယှက်ကိုခတ်နေတာပဲ. . . ငါသိတာကတော့ ငါ့ကိုရှာသူနှောက်လိုက်တာပဲ သိတယ် . . အေ့"

ကျွန်တော်ပြောရင်း စားပွဲပေါ် ခေါင်းစိုက်ကျသွားတော့သည်။

ဟုတ်ပါသည်။

ကျွန်တော့်ကို ကြည်ပြာဆိုသောရှာသူ နှောက်လိုက်သည်ပဲလေ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

-၂၃-

မနေ့က ကြည်ပြာရဲ့စာမေးပွဲနောက်ဆုံးနေ့ကို ကျွန်တော် မသွားဖြစ်ခဲ့ပါ။ သည်နေ့ဆိုလျှင်တော့ ကြည်ပြာ ရွာကိုပြန်သွား လောက်ပြီ။

ကျွန်တော် မာလာဆောင်ဘက်ဆီသို့ လမ်းလျှောက်ထွက် လာပြီး ထင်ဟပ်နေဆဲ ကြည်ပြာ့အရိပ်ကလေးကို တိုင်တည်ပြောပြ စရာစကားတွေ တစ်လှေကြီးသယ်ဆောင်လာသည်ကို ချစ်သော ကြည်ပြာတစ်ယောက် သိမှသိပါလေစရယ်။

ကျွန်တော် အမျိုးအမည်မသိသောခံစားမှုကို ရင်ဝယ်ထွေး ပိုက်ပြီး မာလာဆောင်အပေါ်ထပ်ရှိ ကြည်ပြာကွန်းခိုခဲ့ဖူးရာအခန်း လေးဆီသို့ ငေးရီလှမ်းမျှော်ကြည့်နေဆဲမှာပင်

"ဟယ်. . ကိုကို"

ဟူသောအသံကြောင့် ကျွန်တော့်နား ကျွန်တော်မယုံနိုင် သလိုဖြစ်သွားရသည်။ အဆောင်အောက်ထပ်ဝရန်တာလေးမှာ ငေးရီနေသော ကြည်ပြာတစ်ယောက် ကျွန်တော့်ကိုတွေ့လိုက်သည့် အတွက် အံ့သြဝမ်းသာအသံပြုပြီး ပြေးထွက်လာလေသည်။

"ကိုကို. . ကိုကို. . . ကြည်ပြာ့ဆီ တကယ်လာပြီနော်"

"ဟင်. . ကြည်ပြာ. . . ကြည်ပြာပြန်သွားပြီလို့တောင် ကိုကို ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာ ကျွန်တော့်လက်ကိုဆွဲကိုင်လျက် မျက်ရည်ဝေ့သီသော မျက်ဝန်းများဖြင့်ကြည့်လျက်

"ကြည်ပြာ မပြန်ဖြစ်သေးတာက ကိုကိုနဲ့ချစ်သူဖြစ်ခဲ့တဲ့မြေမှာ တစ်ရက်ပိုနေပြီး တစ်ရက်ပိုအလွမ်းသယ်ဖို့ပါ ကိုကို. . . မနက်ဖြန်မနက်တော့ ကြည်ပြာရွာကိုပြန်တော့မယ် ကိုကို"

"ပြန်လေ. . ကိုကိုလည်း လိုက်မှာပေါ့"

"ဟင်. . တကယ်. . ဒါ. . ဒါဆို. . "

"ဒီလိုလေ ကြည်ပြာရဲ့. . . ကိုကို့မိဘတွေနဲ့ ကိုကို စကားတွေအများကြီးပြောပြီးသွားပြီ. . . အဲဒါနဲ့ ကိုကို့မိဘတွေကလည်း ကြည်ပြာလို စိတ်ထားမွန်မြတ်တဲ့မိန်းမချောလေးကိုမှ ချွေးမမတော်ရရင် ကိုကို့ကိုမွေးရကျိုးမနပ်တဲ့သားအဖြစ် သတ်မှတ်မယ်တဲ့. . . သူတို့ပါ ကိုကိုနဲ့လိုက်ပြီး ကြည်ပြာ့မိဘတွေဆီမှာ ကြည်ပြာ့ကို လိုက်တောင်းပေးမယ်တဲ့လေ"

"ဟင်. . တကယ်. . ဒါ. . ဒါဆို. . ကိုကိုလည်း ကြည်ပြာတို့ရွာမှာပဲနေပြီး ကျောင်းဆရာလုပ်တော့မယ်ပေါ့. . . ဟုတ်လားဟင် ကိုကို"

"ကိုကို ကျောင်းဆရာတော့ မလုပ်ပါဘူး. . . ကျောင်းဆရာမလေးရဲ့အလုပ်နဲ့ စေတနာတွေကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုး တဲ့အလုပ်ကို လုပ်မှာ"

"ဘယ်လို"

"ဒီလိုလေ. . ကိုကိုက ကြည်ပြာနဲ့အတူ ရွာမှာလိုက်ပြီး ဆန်ကုန်သည်လုပ်မယ်လေ. . . ဝယ်သူနဲ့ရောင်းသူကြား သင့်တင့် မျှတတဲ့ဈေးနှုန်းနဲ့ နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိရေးကိုပဲ လုပ်မယ့် ကုန်သည်ဟာ ကိုကို. . . ပြီးတော့ ရွာက စာသင်ကျောင်းတွေ ဖွံ့ဖြိုး စည်ပင်အောင် ဆောင်ရွက်ပေးပြီး ကြည်ပြာရဲ့ထူးချွန်ကျောင်းသား ကျောင်းသူလေးတွေရဲ့ ပညာသင်စရိတ်တွေကို ပံ့ပိုးနိုင်အောင် ထောက် ပေးမယ့် ကုန်သည်ဟာ ကိုကို. . . ဒါဆို ကြည်ပြာကျေနပ်နိုင်ပြီ



www.burmeseclassic.com

www.burmeseclassic.com


လေား"

"ကျေနပ်တယ်. . ကျေနပ်တယ်"

ကြည်ပြာ ဝမ်းသာကြည်နူးစိတ်တွေပြည့်လျှံလျက် မျက်ရည်တွေတွေကျရင်း ကျွန်တော့်လည်ပင်းကို သိုင်းဖက်လိုက်လေသည်။ ကျွန်တော်လည်း အလိုက်သင့်ပြန်ဖက်ရင်း ရှည်လျားနူးညံ့သော ဆံယဉ်စများပိုင်ဆိုင်သည့်ဦးခေါင်းကို မက်မက်စက်စက်နမ်းရှိုက်မိပါတော့သည်။

➤ ♠ ◀

www.burmeseclassic.com

www.burmeseclassic.com

သည့်လိုနှင့်. . .

မကြာခင် ကြို့ပင်ကောက်မှာ ဆန်ကိုပိသာနှင့်ရောင်းမည့် အမာသမတ်ကုန်သည်ပေါက်စလေးတစ်ယောက်ကို တွေ့ရပါက အမှုမဆန်းပြားပါဟုသာ သဘောထားကြစေချင်ပါသည်။

ပြီးတော့ ထိုကုန်သည်ပေါက်စလေးက 'စကားပြောလျှင် ကိုယ်တွေက၊ ကိုယ်တွေကဆိုပြီး ပြောတတ်သေးသည်တဲ့လေ။

➤ ♠ ➤

www.burmeseclassic.com

www.burmeseclassic.com

# နှိဂုံး

"အစ်ကိုလေး. . ကိုယ်တွေကို ဆန်ဆယ်ပိဿာပေးပါ"

"ဩော်. . အေး အေး ရမယ်. . . ကဲ မျိုးဝေရေ. . . ဆန်ဆယ်ပိဿာ ချိန်ပေးလိုက်ပါဦးကွာ. . . အလေးချိန်မှန်ပါစေနော်"

"စိတ်ချပါ အစ်ကိုလေးရဲ့. . . ကိုယ်တွေက ခေတ်ကောင်းကြည်ပြာဆိုတဲ့ ဆိုင်ရဲ့သိက္ခာ မကျစေရပါဘူး"

ဆိုင်အကူလေးမျိုးဝေစကားကြောင့် ကျွန်တော်နှင့်ကြည်ပြာ တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ပြီး မေးပစ်ပြမိသည်။

"ဆရာမ. . ဆန်သုံးပိဿာလောက် ချိန်ပေးပါ"

"ဩော်. . အေး အေး. . ရမယ်. . ခဏလေးနော်".

မိန်းကလေးတစ်ဦး ဆန်လာဝယ်သဖြင့် ကြည်ပြာလည်း ကိုယ်လေးလက်ဝန်ကြီးရှိလျက်နှင့် ဆန်ကိုချိန်တွယ်ဖို့ပြင်လေရာ ကျွန်တော်က လှမ်းဟန့်လိုက်ရသည်။

"ဟော့. . ဟော့ ကြည်ပြာ. . . မပေါ့မပါးကြီးနဲ့. . . မလုပ်နဲ့လေ. . . ငြိမ်ငြိမ်ထိုင်နေမှပေါ့"

"ရပါတယ် ကိစ္စမရှိပါဘူး. . . ဒီလောက်လေးကတော့ ကြည်ပြာတို့အတွက် စပျော့ပါ. . . နောက်ပြီး ဆရာဝန်ကလည်း လှုပ်



www.burmeseclassic.com

www.burmeseclassic.com


လှုပ်ရှားရှားနေဖို့ ပြောထားတာပဲ. . . ပြီးတော့ ကိုယ်တွေကျောင်း ပိတ်ရက်လေး လာကူရတဲ့ဟာကို"

"ခက်တာပဲ ကြည်ပြာရယ်. . . ဂ ်ါလက်လှုပ်ရှားဖို့အတွက် ဆိုရင် လမ်းမှန်မှန်လျှောက်. . . တကယ်ကူညီချင်တယ်ဆိုရင် အလေး အပင်တွေ မမ-နဲ့. . . ကဲ. . ပေး ပေး. . . ဒီဆန်သုံးပိဿာ ကိုယ်ပဲ ချိန်ပေးလိုက်မယ်"

"ဟော့ ခေတ်ကောင်း. . . ငါ့ဆိုင်ကိုလည်း နှစ်ဆယ့်လေး ပိဿာဝင် ဆန်အိတ်ငါးဆယ်လောက် ပို့ပေးစမ်းပါဦးကွ"

ကျွန်တော် ကြည်ပြာ့ကိုပြောရင်း ဆန်သုံးပိဿာကို ကိုယ် တိုင်ဝင်ရောက်ချိန်တွယ်ပေးပြီးစဉ်မှာပင် အသံကြားသဖြင့် လှည့် ကြည့်ရာ ကိုမောင်မောင်ကိုတွေ့ရသဖြင့်

"အာ. . . ကိုမောင်မောင်ကလဲ နောက်နေပြန်ပါပြီ. . . ကြို့ပင်ကောက်တစ်နယ်လုံး ပိဿာသုံးဆယ်ဝင်ဆန်အိတ်တွေပဲ သုံး တဲ့ဟာ"

"အေးပါကွာ. . . ဆောရီးပါပဲ. . . ငါက အချိန်တိုအတွင်း တို့နယ်ရဲ့နာမည်ကြီးဆန်ကုန်သည်ဖြစ်လာတဲ့သူကိုမှ ပညာစမ်းမိရ တယ်လို့. . . ကဲ ကဲ. . အဲဒီပိဿာသုံးဆယ်ဝင် ဆန်အိတ်ငါးဆယ်သာ ငါ့ဆိုင်ကို မြန်မြန်ပို့ပေးစမ်းပါကွာ. . . ဆိုင်မှာ ရောင်းစရာဆန် ပြတ် တော့မှာမို့ပါ"

"စိတ်ချ. . . အခုချက်ချင်းပဲ သွားပို့ခိုင်းလိုက်မယ်. . . ဒါနဲ့ ကိုမောင်မောင်တောင် မတွေ့တာအတော်ကြာပြီ. . . အလုပ်များနေ တယ်ထင်တယ်"

"ထင်လို့ပါကွာ. . . ဒါနဲ့ မင်းလည်း ငါ့ဆီမလာတာကြာပြီ . . . ဘာလဲ စီးပွားရေးသောင်းကျန်းနေလို့ မလာအားတာလား"

"မဟုတ်ရပါဘူးဗျာ. . . ကိုယ်တွေမှာလည်း ကိုယ်တွေရဲ့ ဆန်စက်ကိစ္စတွေ၊ ပွဲရုံကိစ္စတွေအပြင် မြို့ပေါ်နဲ့ရွာထဲ ကူးချည်သန်း ချည်လုပ်နေရတာနဲ့ ရွာကကျောင်းဆောင်သစ်ဆောက်လုပ်ရေး ပညာ


www.burmeseclassic.com

www.burmeseclassic.com


သင်ထောက်ပံ့ရေးကိစ္စတွေနဲ့ ရပ်ရေးရွာရေးအတွက်ရော လုံးပမ်းနေရတာနဲ့မအားလို့ပါဗျာ. . . ကိုမောင်မောင်လည်း တစ်ရက်လောက်တော့ ကိုယ်တွေအိမ်ကို အေးအေးဆေးဆေးလာလည်ဦးဗျာ. . . စကားလေးဘာလေးပြောရတာပေါ့"

"အေးပါကွာ. . . မင်းရှိတဲ့အချိန် မြို့ပေါ်ကအိမ်ကို လာလည်ရုံတင်မကဘူး. . . ရွာထဲပြန်ရင်လည်း လိုက်လည်ဦးမယ်. . . ငါ့အလုပ်ကိစ္စတစ်ခုအတွက် လိုက်ကြည့်စရာရှိလို့"

"ရတယ်လေ. . . ကိုမောင်မောင်အဆင်ပြေတဲ့နေ့သာပြော. . . ကိုယ်တွေရွာပြန်တဲ့အခါ တစ်လက်စတည်း ဝင်ခေါ်လိုက်မယ်"

"ကောင်းတာပေါ့ကွာ. . . ဒါနဲ့ ရန်ကုန်သားလည်း ကိုယ်တွေ၊ ကိုယ်တွေနဲ့နှုတ်ကျိုးပြီး ကြို့ပင်ကောက်သားကြီးကို လုံးလုံးဖြစ်နေပါရောလား"

"ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့. . . ဟောဒီက ဆရာမလေးဒေါ်ကြည်ပြာရဲ့ကောင်းမှုပေါ့ဗျာ. . . ဟား ဟား ဟား"

ကြည်ပြာက ကိုမောင်မောင်အတွက် ရေနွေးကြမ်းလာချပေးရင်း ကျွန်တော့်ကို ချစ်မျက်စောင်းလေးလှမ်းထိုးသည်။

ကျွန်တော်က သူ့ဗိုက်ပူပူလေးကို လှမ်းပွတ်လိုက်သည်။ ကြည်ပြာရှက်သွားသည်။

ဩော်. . . မိခင်လောင်းတစ်ယောက်၏ရှက်ပြုံးသည်လည်း အပျိုစင်မလေးတစ်ဦး၏ရှက်ပြုံးလိုပဲ ချစ်ဖို့ကောင်းသည်ပဲကိုး။

www.burmeseclassic.com